# သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး
# သမ္မာကျမ်းစာထဲကအဖြေတစ်ခု

အရှေ့တောင်အာရှနိုင်ငံများ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နှင့် သီရိလင်္ကာ
နိုင်ငံများအတွက် အထူးသီးသန့်ပြင်ဆင်ထားခြင်းဖြစ်ပါသည်။

Randall J. Hillebrand

သတို့သမီးတန်ဖိုးနှင့်မင်္ဂလာခန်းဝင်ကြေး- သမ္မာကျမ်းထဲကအဖြေ
အရှေ့တောင်အာရှနိုင်ငံများ၊အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နှင့်သီရိလင်္ကာ
စသည့်နိုင်ငံများအတွက် အထူးသီးသန့်ပြင်ဆင်ထားခြင်းဖြစ်ပါသည်။

မူပိုင်© Randall J. Hillebrand ၂၀၁၄။ ကန့်သတ်ထားခြင်းဖြစ်ပါသည်။
ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းမဆို ပြန်လည်ထုတ်ဝေခြင်း၊ ပြန်လည်ထုတ်ယူနိုင်သည့်နည်းစနစ်ဖြင့်သိမ်းဆည်းထားခြင်း၊ သို့မဟုတ် မည်သည့်ပုံစံ သို့မဟုတ် မည်သည့်နည်းလမ်းနှင့်မဆို စာရေးသူ၏ ခွင့်ပြုချက်မရဘဲ အသုံးပြုခွင့် လုံးဝမရှိပါ။

Library of Congress Cataloging In Publication Data

ခွင့်ပြုချက်အမှတ် - TX- 6-901-196

သမ္မာကျမ်းစာကို NEW AMERICAN STANDARD BIBLE မှ အသုံးပြုထားသည်။ © မူပိုင်- The Lockman Foundation ၁၉၆၀၊ ၁၉၆၂၊ ၁၉၆၃၊ ၁၉၆၈၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃၊ ၁၉၇၅၊ ၁၉၇၇၊ ၁၉၉၅။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားခြင်းဖြစ်ပါသည်။

ဤစာအုပ်ကို ကျွန်ုပ်တို့လင်မယားနှစ်ယောက်
အလွန်ချစ်မြတ်နိုးကြရသော သားသမီးလေးယောက်ဖြစ်ကြသည့်

Elya, Jeremiah, Luke, နှင့် Tabitha တို့ကို ရည်စူးပါ၏။

ယေရှုသည် သင့်စိတ်နှလုံးတွင် ပထမနေရာအမြဲရရှိပါစေ။

**အကြောင်းအရာ** **စာမျက်နှာ**


ရည်စူးခြင်းမျက်နှာ . . . . . . . . . . . . . . . . . . . . . . . . ၃

နိဒါန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅

စကားလုံးအဓိပ္ပါယ်ဖွင့်ဆိုချက် . . . . . . . . . . . . . . . . . . ၁၀

ရှာဖွေလေ့လာချက်များ . . . . . . . . . . . . . . . . . . . . . ၁၂

သတို့သမီးတန်ဖိုးနှင့်မင်္ဂလာခန်းဝင်ကြေး၏

အနှစ်ချုပ်သမိုင်း . . . . . . . . . . . . . . . . . . . . . . . ၁၂

သမ္မာကျမ်းညွှန်းများ . . . . . . . . . . . . . . . . . . . . . ၁၃

မျက်မှောက်ကာလအခြေအနေ . . . . . . . . . . . . . . . ၁၇

ဤထုံးတမ်းစဉ်လာ၏ကောင်းကျိုးများ. . . . . . . . . . . ၄၀

ဤထုံးတမ်းစဉ်လာ၏ဆိုးကျိုးများ . . . . . . . . . . . . . ၄၃

သမ္မာကျမ်းစာထဲက ရရှိသောအဖြေ . . . . . . . . . . . . . ၅၂

နိဒါန်း . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၂

သမ္မာကျမ်းစာသဘောတရားများ . . . . . . . . . . . . . ၅၈

ယဉ်ကျေးမှုဇစ်မြစ်များ . . . . . . . . . . . . . . . . . . . ၈၇

တစ်ကိုယ်တည်းနေခြင်း . . . . . . . . . . . . . . . . . . ၉၄

နိဂုံး . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၀၁

တိုက်ရိုက်ကိုးကားလုပ်ဆောင်ချက်များ . . . . . . . . . . . . ၁၁၂

စာရေးသူအကြောင်း . . . . . . . . . . . . . . . . . . . . . . ၁၂၄

# နိဒါန်း

## ဤစာတမ်းအဘယ့်ကြောင့် လိုအပ်သနည်း။

ကျွန်ုပ်တို့လင်မယားနှစ်ယောက်သည် အရှေ့တောင်အာရှ နိုင်ငံများသို့ ခရီးသွားရောက်စဉ် ကမ္ဘာကြီး၏ ဤအရပ်ဒေသတွင် နေထိုင်ကြသော လူတို့ကြုံတွေ့နေရသည့် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးပေးဆောင်ရသည့် အခက်အခဲများကို များစွာ လေ့လာခွင့်ရခဲ့ကြသည်။ အချို့တို့သည် ဆင်းရဲချို့တဲ့သောဘဝတွင် အသက်ရှင်နေထိုင်ကြရသည်ဖြစ်၍ ထိုကဲ့သို့သောဝန်ကို ထမ်းဆောင်ရသောကြောင့် သာမန်ထက်ပိုသော ဝန်ထုတ်ဝန်ပိုးကို ထမ်းနေရသကဲ့သို့ဖြစ်သည်။ အချို့သောနိုင်ငံများတို့တွင် ထိုသို့ပေးဆောင်ရမည့်တာဝန်ကို မပေးနိုင်ကြသောကြောင့် မလိုလားအပ်သော အခက်အခဲ ပြဿနာများစွာနှင့် ကြောက်မက်ဖွယ် အကျိုးဆက်များကို ဖြစ်ပေါ်လာစေသည်။ ထိုသို့သော အကြောင်းတရားများကြောင့်၊ သမ္မာကျမ်းစာရှုထောင့်တစ်ခုကို အခြေခံ၍ ဤအကြောင်းအရာကို အဓိကထား၍ ရေးသားရန် တောင်းဆိုခံရသည်။ ကျွန်ုပ်၏ရည်မှန်းချက်မှာ လေ့လာမှတ်သားပြီး ဤစာအုပ်ကို အဓိက ဦးတည်ထားသည့်နိုင်ငံများအတွက် အကြောင်းအရာကို ခွဲခြမ်းစိတ်ဖြာ ရေးသားရန်ပင် ဖြစ်ပါသည်။

## ကျွန်ုပ်၏ကိုယ်တွေ့များ

အမေရိကန်ပြည်ထောင်စုတွင်ကြီးပြင်းလာကာ ယူကရိန်းနိုင်ငံတွင် ၁၄နှစ်ကြာမျှနေထိုင်ခဲ့ပြီး ဤစာအုပ်ကို ရေးသားသည့်အချိန်ကာလ တွင်ပင် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးကို ကျင့်သုံးသည့် နေရာတွင် နေထိုင်ခြင်းမရှိသည်ဖြစ်၍ ဤခေါင်းစဉ်ရေးသားရခြင်းမှာ ကျွန်ုပ်အတွက် စိန်ခေါ်မှုကြီးတစ်ရပ်ပင် ဖြစ်ပါသည်။ ဤသို့သော ထုံးတမ်းဓလေ့ကို ကျင့်သုံးသည့်လူ နည်းစုများသည် ဤနိုင်ငံနှစ်ခု စလုံးတွင် နေထိုင်ကြသော်လည်း ဤအကြောင်းအရာမှာ ကျွန်ုပ် အပါ အဝင် ဤတိုင်းပြည်နှစ်ခုတွင် နေထိုင်သောလူများစုတို့အတွက် စိမ်းလွန်းလှနေပေသည်။ သို့သော် ဤထုံးတမ်းဓလေ့များကို ဆင်ခြင် ကြည့်လိုက်သောအခါ ဤအကြောင်းကို ကျွန်ုပ်နှင့်သာ၍ ရင်းနှီးကျွမ်း ဝင်စေသည့် မေးခွန်းတစ်ခုကို မိမိကိုယ်ကို မေးခဲ့သည်။ အမေရိကန် ပြည်ထောင်စုတွင်မူ လက်ထပ်ပွဲကုန်ကျစရိတ်ကို သတို့သမီးမိသားစု က ပေးချေရပြီး လက်မထပ်မှီ အစမ်းလေ့ကျင့်သည့်နေ့ ညနေစာကို သတို့သားမိသားစုက အကုန်အကျခံရသည့် ထုံးတမ်းဓလေ့ရှိသည်။ ဤညနေစာသည် သတို့သမီးနှင့် သတို့သားမိသားစုများနှင့် လက်ထပ် ထိမ်းမြားခြင်းမင်္ဂလာပွဲသို့ ပါဝင်ကြမည့်သူများအတွက် ပြင်ဆင်ထား ခြင်းဖြစ်ပါသည်။ မိမိကိုယ်ကိုမေးသည့် မေးခွန်းမှာ "ကျွန်ုပ်တို့၏ ယဉ်ကျေးမှုသည် အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း" ဟူ၍ပင်ဖြစ် သည်။ ဤအကြောင်းအရာများကို များစွာ လေ့လာ ရှာဖွေထားသဖြင့် အောက်ပါအတိုင်း နားလည်လာခဲ့သည်။

“မင်္ဂလာဆောင်ကြေးကို သတို့သမီးမိသားစုက ပေးချေရသည်ဟူသော ထုံးတမ်းစဉ်လာသည် ခန်းဝင်ကြေးအယူအဆတစ်ခုထဲက ဆင်းသက်လာခြင်းဖြစ်သည်။ အတိတ်ကာလက အမျိုးသမီးများကို ၎င်းတို့၏အိမ်တွင် နေထိုင်ခွင့်မပြုကြဘဲ အပြင်ထွက် အလုပ်လုပ်ခိုင်းကြသည့်အခါ သို့မဟုတ် မိမိပိုင်ဆိုင်သောစည်းစိမ်များကို စီမံဆောင်ရွက်သောအခါ လက်ထပ်ထိမ်းမြားခြင်းမရှိသေးသော မိန်းကလေးတစ်ယောက်သည် ဝန်ထုတ်ဝန်ပိုးများစွာ အထူးသဖြင့် နေထိုင်သောမိသားစု သို့မဟုတ် နေထိုင်သည့် အဆင့်အတန်းနီး နားရှိမိသားစုများတွင် အလွန်ကြီးမားသည့်ဝန်ကို ထမ်းနေကြရသည်။ ဤဝန်ထုပ်ဝန်ပိုးများကို မိမိအပေါ်မှ ဖယ်ရှား ပစ်ရန်မှာ သူ့မိသားစုသည် သူမကို လက်ထပ်ထိမ်းမြားရန်အတွက် ယောကျ်ားတစ်ဦးအား ပေးချေမှုကိုပြုရလိမ့်မည်။ ငွေကြေးက အိမ်သစ်တည်ဆောက်ခြင်းအတွက် လိုအပ်သော ကုန်ကျစရိတ်ကို အကူအညီပေးပြီး ယောကျ်ားကိုလည်း အကျိုးရှိသောသူဖြစ်လာရန် အကူအညီပေးသည်။ သို့ဖြစ်၍ သူသည် ၎င်း၏လုပ်ငန်းအားဖြင့် အခြားသူများကို ထောက်ပံ့ကျွေးမွေးနိုင်ပါသည်။”( သတို့သမီး၏ဖခင်သည် မင်္ဂလာဆောင် ကုန်ကျစရိတ်ကို အမြဲတမ်း ပေးချေရသလား။ ၂၀၁၅)

ကျွန်ုပ်၏လက်ထပ်ပွဲနှင့် သားကြီး၏လက်ထပ်ပွဲတွင် မင်္ဂလာခန်းဝင်ကြေး ပြန်လည်ပေးချေရသည့် ထုံးတမ်းဓလေ့ကို ကိုယ်တိုင်ကျင့်သုံးခဲ့ခြင်းမှာ စိတ်လှုပ်ရှားစရာပင်ဖြစ်ပါသည်။ ဤသို့သောယဉ်ကျေးမှု

ထုံးတမ်းဓလေ့သည် အမေရိကန်နိုင်ငံတွင် ပြောင်းလဲသွားခဲ့ပြီး မိသားစုနှစ်ခုစလုံးက မင်္ဂလာဆောင်ကုန်ကျစရိတ်ကို အညီအမျှ ခွဲဝေသည့်အဆင့်ကို ရောက်ရှိသွားခဲ့ပါပြီ။

**ပထဝီအနေအထား**

အရှေ့တောင်အာရှနိုင်ငံ၏ အဓိကနေရာများတွင် နေထိုင်သောသူများအတွက် ဤခေါင်းစဉ်ဖြင့် ရေးသားရန် တောင်းဆိုခံလာရသောအခါ အိန္ဒိယ၊ဘင်္ဂလားဒေ့ရှ်၊နှင့်သီရိလင်္ကာနိုင်ငံတို့ အပါအဝင်ထိုဒေသတွင် နေထိုင်သောလူတို့၏ မင်္ဂလာခန်းဝင်ကြေး ပေးရသည့်ယဉ်ကျေးမှုနှင့် သတို့သမီးတန်ဖိုးအကြောင်းကို လေ့လာရန် ဆုံးဖြတ်ထားခဲ့သည်။ ကျွန်ုပ်၏လေ့လာတွေ့ရှိချက်အရ အိန္ဒိယနိုင်ငံ၏ ကျင့်သုံးမှုများသည် ကျန်အာရှဒေသရှိနိုင်ငံများကို အလွန် လွှမ်းမိုးထားသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာတွင် လွှမ်းမိုးထားပါသည်။ ထို့ ကြောင့် ဤစာအုပ်က ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ လာအို၊ မလေးရှား၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ် စသည်တို့၏ ယဉ်ကျေးမှုထုံးတမ်းကျင့်သုံးမှုများကို အကျဉ်းချုပ် ဖော်ပြမည်၊ ပိုင်းခြားစိတ်ဖြာမည်၊ ရည်ညွှန်းကိုးကား ထုတ်ဖော်မည်ဖြစ်သည်။

## ဤစာအုပ်၏ရည်ရွယ်ချက်

ဤစာအုပ်သည် ဤနိုင်ငံများတွင် မှီတင်းနေထိုင်ကြသော ယေဘုယျလူဦးရေ အတိုင်းအဆအတွက် ရေးသားထားခြင်းမဟုတ်ဘဲ မိမိကိုယ်ကို ဧဝံဂေလိခရစ်ယာန်များဟု မှတ်ယူကြသည့် တိကျသေချာသော လူစုအတွက်သာ သီးသန့်ရေးသားထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ ဆန္ဒမှာ ထိုနေရာဒေသတွင် တည်ရှိသည့်အသင်းတော်က ယဉ်ကျေးမှု ထုံးတမ်းဓလေ့ကို သမ္မာကျမ်းစာ ရှုထောင့်အားဖြင့် နှိုင်းယှဉ်ပြီး ဤအကြောင်းအရာကို ပြန်လည်ဆင်ခြင်မိစေရန်ဖြစ်သည်။ သူတို့သည် သမ္မာကျမ်းစာ၏ သွန်သင်ချက်စံနှုန်းအတိုင်း စွဲကိုင်ကျင့်ဆောင်သူများဖြစ်လျှင် သူတို့အပေါ်ထားရှိသော မျှော်လင့်ချက်မှာ သူတို့သည် ဆားနှင့်အလင်းကဲ့သို့ ၎င်းတို့၏ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် လူများကို လွှမ်းမိုးပြီး အလင်းပေးနိုင်ရန်ဖြစ်သည်။ ထိုအကျိုးမှာ သူတို့၏လူ့အသိုင်းအဝန်းနှင့် ယဉ်ကျေးမှုများသည် အသွင်ပြောင်းလဲလာမည်ဖြစ်သည်။ သို့ရာတွင် အသင်းတော်ကိုယ်တိုင်က အပြောင်းအလဲတစ်ခုကို အမှန်တကယ် ဖန်တီးလုပ်ဆောင်လိုခြင်းမရှိလျှင် မျှော်လင့်ထားသည်အတိုင်း လုံးဝဖြစ်ပေါ်လာမည်မဟုတ်။

## စကားလုံးများ အဓိပ္ပါယ်ဖွင့်ဆိုချက်

"သတို့သမီးတန်ဖိုး"နှင့်"မင်္ဂလာခန်းဝင်ကြေး" ဟူသောစကားလုံးများကို ယဉ်ကျေးမှုဇစ်မြစ်အပေါ် မူတည်၍ ကွဲပြားခြားစွာနားပြီး အဓိပ္ပါယ်အမျိုးမျိုးသတ်မှတ်ထားကြပါသည်။ သတို့သမီး တန်ဖိုးသည် တူညီသောသဘောတရားတွင် အမြဲတမ်းလိုလို အဓိပ္ပါယ် သတ်မှတ်ကြသော်လည်း မင်္ဂလာခန်းဝင်ကြေးကိုမူ ကျယ်ပြန့်သောအဓိပ္ပါယ်ဖြင့် အသုံးပြုသည်က များသည်။ တစ်ခါတစ်ရံ သတို့သမီးတန်ဖိုးအကြောင်း ပြောဆိုရာတွင်လည်း အသုံးပြုကြသေးသည်။ ဤစာအုပ်တွင်မူ စကားလုံးများကို အောက်ပါအတိုင်း အဓိပ္ပါယ်သတ်မှတ်ပေးထားပါသည်။

♠ မင်္ဂလာခန်းဝင်ကြေး

ဤသည်မှာ ငွေကြေး၊ ပိုင်ဆိုင်သောအရာ၊ သို့မဟုတ် စည်းစိမ်ဥစ္စာများပါဝင်ပြီး သတို့သမီး၏မိသားစုမှ သတို့သားနှင့်သို့မဟုတ် မိသားစုထံသို့ လွှဲပြောင်းပေးရသော ပစ္စည်းများဖြစ်သည်။ တန်ဖိုးနှုန်းထားမှာမူ ယေဘုယျအားဖြင့် မိသားစုများ၊ သို့မဟုတ် ၎င်းတို့၏ကိုယ်စားပြုသူများ၏ သဘောတူညီမှုအပေါ် မူတည်သည်။ (မင်္ဂလာ ခန်းဝန်ကြေး၊ ၂၀၁၅)

♥ သတို့သမီးတန်ဖိုး

ဤသည်မှာ ငွေကြေး၊ ပိုင်ဆိုင်သောအရာ၊ သို့မဟုတ် စည်းစိမ်ဥစ္စာများပါဝင်ပြီး သတို့သား၏မိသားစုမှ သတို့သမီးနှင့် သို့မဟုတ် မိသားစုထံသို့ လွှဲပြောင်းပေးရသော ပစ္စည်းများဖြစ်သည်။ တန်ဖိုးနှုန်းထားမှာမူ ယေဘုယျအားဖြင့် မိသားစုများ၊ သို့မဟုတ် ၎င်းတို့၏ကိုယ်စားပြုသူများ၏ သဘော တူညီမှုအပေါ် မူတည်သည်။ (မင်္ဂလာခန်းဝင်ကြေး၊ ၂၀၁၅)

♥ မင်္ဂလာခန်းဝင်ကြေးပိုင်ရှင်

မင်္ဂလာခန်းဝင်ကြေးတွင် သတို့သား သို့မဟုတ် သတို့သားမိသားစု သို့မဟုတ် မင်္ဂလာဆောင်သည့်အချိန်တွင် သတို့သမီးမိသားစုက သတို့သမီးအား ပေးထားသည့် ငွေကြေး၊ ပိုင်ဆိုင်သောအရာ၊ သို့မဟုတ် စည်းစိမ်တို့ပါဝင်ပြီး ၎င်းတို့ကို သတို့သမီး၏ပိုင်ဆိုင်မှု သို့မဟုတ် သူမ၏ထိန်းချုပ်မှုအောက်တွင် ရှိနေရသည်။ ပိုင်ဆိုင်သောသူသည် ထိုမင်္ဂလာခန်းဝင်ကြေးကို ကွာရှင်းပြတ်စဲသည့်အချိန်၊ သို့မဟုတ် လင်ယောကျ်ား သေဆုံးသည့်အချိန်တွင် သူမက လိုအပ်သလို အသုံးပြုရန်ဖြစ်သည်။ (မင်္ဂလာခန်းဝင်ကြေး၊ ၂၀၁၅၊ အင်ဒါဆန်၊ မင်္ဂလာခန်းဝင်ကြေးနှင့် သတို့သမီးတန်ဖိုးဆိုင်ရာစီးပွါးရေးပညာများ၊ ၂၀၀၇) (Dasgupta, ၁၉၉၁ )

**ရှာဖွေလေ့လာချက်များ**

သတို့သမီးတန်ဖိုးနှင့်မင်္ဂလာခန်းဝင်ကြေးနှင့်ဆိုင်သည့်

အနှစ်ချုပ်သမိုင်း

"သတို့သမီးတန်ဖိုး ပေးဆောင်ရသည့် ယဉ်ကျေးမှုကို တတ်နိုင်သလောက် ပြန်လည်ဆန်းစစ် လေ့လာကြည့်သော် ဘီစီအီး ၃၀၀၀ လောက်က စတင်ခဲ့သည်ဟု ဆိုရပေမည်။ အဲဂုတ္တုလူမျိုးများ၊ မက်ဆိုပိုတေးမီးယားလူမျိုးများ၊ ဟေဗြဲလူမျိုးများ၊ အဲဇက်သဲစ်၊နှင့် အင်ကားစ် စသည်တို့၏ ရှေးခေတ်ယဉ်ကျေးမှု တိုးတက်ထွန်းကားလာခြင်းအားလုံးက သတို့သမီးတန်ဖိုးကို အသုံးပြုလာစေသည်။ (Quale-၁၉၈၈)သတို့သမီးတန်ဖိုးကို အာဖရိကတိုက်တွင် အများဆုံး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြသည်။ ၉၀ ရာခိုင်နှုန်းကျော်သော ဆဟာရန်နွယ်ဖွါး အသိုင်းအဝန်းများက ထိုကဲ့သို့သော လက်ထပ်ထိမ်းမြားခြင်း အခကြေးငွေ ပေးရသည့် ထုံးတမ်းဓလေ့ကိုကျင့်သုံးခဲ့ကြသည်။ (Murdo- ck- ၁၉၆၇၊ Goody- ၁၉၇၃) မင်္ဂလာခန်းဝင်ကြေး ပေးရခြင်းသမိုင်းကြောင်းကို ပြန်ကြည့်သော် ရှေးခေတ် ဂရိမြို့များ ( ဘီစီအီး ၈၀၀မှ ၃၀၀ ) နှင့် ဘီစီအီး ၂၀၀ ပတ်ဝန်းကျင်၌ ရောမမြို့များတွင် စတင်ကျင့်သုံးခဲ့ကြသည်ကို တွေ့ရှိရသည်။ (အင်ဒါဆန်၊ ၂၀၀၇ )

**သမ္မာကျမ်းညွှန်းများ**

သမ္မာကျမ်းစာ၌ ဤစာအုပ်ထဲတွင် သတ်မှတ်ထားသည်အတိုင်း ပေးချေရသည့် မင်္ဂလာခန်းဝင်ကြေး တစ်ခုနှင့်ဆိုင်သည့် သာဓကများ ကို ပေးထားခြင်းမရှိသော်လည်း သတို့သမီးတန်ဖိုးပေးရသည့် ယဉ်ကျေးမှု ဓလေ့ကိုမူ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ သို့သော် ကျမ်းစာဘာသာပြန်ဆိုမှု အချို့တွင် သတို့သမီးတန်ဖိုးအစား မင်္ဂလာ ခန်းဝင်ကြေးဟူသော စကားလုံးကို အသုံးပြုထားကြသည်။ ကျမ်းစာ ပိုဒ် အသွားအလာက သတို့သမီးတန်ဖိုးကို ဆိုလိုထားကြောင်း ထင်ရှား စေသည်။ အောက်ဖော်ပြပါ အချက်များမှာ အနှစ်ချုပ်တစ်ခုချင်းစီ ထည့် သွင်းထားသည့် ကျမ်းပိုဒ်များပင် ဖြစ်ကြသည်။

- ♥ ကမ္ဘာဦး ၂၄း ၅၂- ၅၃

  သဘောတူညီထားမှုအပေါ် မူတည်၍ ရေဗက္ကသည် အာဗြဟံ သားဣဇာက်ကို လက်ထပ်ထိမ်းမြားမည်။ အာဗြဟံ၏အစေခံ ကျွန်သည် ရေဗက္က၊ သူမ၏အစ်ကို၊ နှင့် မိခင်တို့အား ဆုလဒ် လက်ဆောင်များအဖြစ် ငွေဖ လား၊ ရွှေဖလား၊ အဝတ်တန်ဆာ များကို ထုတ်၍ ပေးခဲ့သည်။

- ♥ ကမ္ဘာဦး ၂၉း၁၅-၂၀၊၂၇-၂၈၊၃၀း၂၆၊ ၃၁း၄၁

  ယာကုပ်သည် လာဗန်၏သမီး ရာခေလကို လက်ထပ်နိုင်ဖို့ အတွက် ခုနှစ်နှစ် အလုပ်လုပ်ရန် ဦးလေးလာဗန်နှင့် သဘောတူညီ

မှုတစ်ခုကိုပြုခဲ့ပါသည်။ လာဗန်၏ လိမ်လည်လှည့်စားမှုကို ခံရပြီးနောက် လာဗန်၏သမီးများဖြစ်ကြသည့် လေအာနှင့်ရာခေလတို့နှစ်ဦးစလုံးအတွက် ဆယ့်လေးနှစ်တိုင်တိုင် အစေခံခဲ့သည်။

♠ ကမ္ဘာဦး ၃၄း ၁- ၄၊ ၁၂

ယာကုပ်၏သမီး ဒိနကို မုဒိမ်းကျင့် အိပ်ဘော်ပြုသော ခါနနိလူမျိုးရှေခင်သည် ဒိနကို လက်ထပ်ထိမ်းမြားလိုသော စိတ်ဆန္ဒရှိခဲ့သည်။ သူက သတို့သမီးအတွက် ပေးရမည့် ကန်တော့ဥစ္စာနှင့်လက်ဆောင်ပဏ္ဏာများကို ယာကုပ် တောင်းဆိုသည့်အတိုင်းပေးရန် ကတိပြုထားသည်။

♠ ထွက်မြောက်ရာ ၂၂း ၁၆-၁၇။

မောရှေစီရင်သော ပညတ္တိကျမ်းတွင် တစ်စုံတစ်ဦးသည် တရားဝင်ထိမ်းမြားလက်ထပ်ထားခြင်း မရှိသည့် အပျိုကညာတစ်ဦးအားဖြားယောင်းသွေးဆောင်ပြီး လိင်ဆက်ဆံမှုပြုသည်ကို တွေ့ရှိရလျှင် ထိုအပျိုကညာသည် သူမ၏တရားဝင် ဇနီးမယား ဖြစ်လာစေရန် သတို့သမီးတန်ဖိုးကို ပေးချေရမည့်တာဝန်ရှိသည်။ သို့စေကာမူ မိန်းမ၏ဖခင်သည် ၎င်း၏သမီးအား ထိုသူနှင့် လက်ဆက်၍ ထိမ်းမြားခွင့်မပြုလျှင် ထိုယောကျ်ားသည် မိန်းမ၏ဖခင်အားအပျိုကညာဖို့ သတို့သမီးတန်ဖိုးနှင့် တူညီသောငွေကြေးကိုပေးရသည်။

♥ တရားဟော ၂၂း ၂၈- ၂၉

မောရှေစီရင်သောပညတ္တိကျမ်းတွင် တစ်စုံတစ်ဦးသည် မိမိနှင့် တရားဝင်ထိမ်းမြားထားခြင်း မရှိသည့် အပျိုကညာမိန်းမကို မုဒိမ်းကျင့်အိပ်ဖော်ပြုသည်ကို တွေ့ရှိရလျှင် ထိုယောကျ်ားသည် မိန်းမ၏ဖခင်အား ငွေငါးဆယ်ကိုပေးရသည်။ [၁]ထို့အပြင် သူမသည် သူ၏ဇနီးမယား ဖြစ်လာသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူသည် သူမအား စော်ကားဖျက်ဆီးသည်။ ဤသူအား ထိုမိန်းမနှင့် ကွာရှင်းပြတ်စဲရန် လုံးဝခွင့်ပြုထားခြင်းမရှိပါ။ မိန်းမအတွက် အထောက်အပံ့အဖြစ် ဤကဲ့သို့ လုပ်ဆောင်ထားခြင်းဖြစ်သည်။ အကြောင်းမှာ သူမသည် မုဒိမ်းကျင့်ခံရပြီး နောက်တွင် တဖန်ပြန်လည် လက်ထပ်ထိမ်းမြားမည့် အခွင့်အရေးမျိုးကို ရရှိပိုင်ဆိုင်ဖို့ လွယ်ကူတော့မည်မဟုတ်ပါ။

♥ ၁ရာ၊၁၈း၂၀-၂၇ မိမိလက်ဖြင့်မဟုတ်ဘဲ အခြားသူများကို အသုံးပြုခြင်းအားဖြင့် ဒါဝိဒ်၏အသက်ကို ကြံစည်သတ်ဖြတ်လိုသော ရှောလုမင်းကြီးသည် စေတမန်ကိုစေလွှတ်ပြီး မိမိသမီး မိခါလကို ပေးစားလက်ထပ်စေမည်အကြောင်း ဒါဝိဒ်

[၁]ငွေတစ်ကျပ်သည် ၁၀. ၅၂ ဂရမ်နှင့်ညီမျှသည်။ (ရှေးခေတ်ယုဒသမိုင်း၊ အလေးချိန်၊ တိုင်းထွာချက်များနှင့် သမ္မာကျမ်းစာနှင့် ရှေးဟောင်းဓလေ့ထုံးတမ်းကာလနှင့်ဆိုင်သည့် ငွေကြေးအသပြာများ၊၂၀၁၅) ဓမ္မသစ်ကာလတွင် ငွေငါးဆယ်ဟူသည်မှာ ဒေနာရိ(အသပြာ) ၁၄၈ နှင့်ညီမျှသည်(Unit Converter ၂၀၁၅) ဒေနာရိတစ်ပြားမှာ တစ်နေ့လုပ်အားနှင့် ညီမျှသည်။ (မဿဲ၊၂၀း၂)။ နိုဝင်ဘာ ၁၈ ရက် ၂၀၁၅ အချိန်တွင် ငွေငါးဆယ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၀း၁၄ နှင့်ညီမျှသည်။ (ငွေကြေးဂရမ်တွက်ချက်မှုရလဒ် ၂၀၁၅)။

အား သတင်းကြားလိုက်သည်။ ရှောလုမင်းကြီး တောင်းခံသော သတို့သမီးတန်ဖိုးမှာ ဖိလိတ္တိလူတို့၏ အရေဖျားတရားဖြစ်သတည်း။ အကြောင်းမှာ ဤအကောက်ကြံမှုအားဖြင့် ဒါဝိဒ်သည် အသတ်ခံရရန် မျှော်လင့်ထားခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ဒါဝိဒ်နှင့် သူ့လူတို့သည် ဖိလိတ္တိလူနှစ်ရာကို သတ်ပြီး ၎င်းတို့၏ အရေဖျားကို ရှောလုမင်းအား ဆက်သခဲ့ကြလေသည်။ ဤသို့ဖြင့် ဒါဝိဒ်သည် သမက်အရာကို ရရှိလေသည်။

♥ ၃ရာဇဝင် ၉း၁၆

အဲဂုတ္တုဘုရင်ဖါရောသည် ဂေဇာမြို့ကို သိမ်းယူပြီး ထိုမြို့တွင် နေထိုင်သောသူတို့ကို လုပ်ကြံတော်မူခဲ့သည်။ ထို့နောက် ထိုမြို့ကို မိမိသမီးဖြစ်သူ ရှောလမုန်မင်းကြီး၏ခင်ပွန်းအား လက်ဆောင် အဖြစ် ပေးလေသည်။

သက်သေအထောက်အထားများဖြင့် တွေ့မြင်ခဲ့ရသည်အတိုင်း အာပြဟံအချိန်ကာလ ဘီစီ ၂၀၀၀ အစောပိုင်းကာလကတည်းက သတို့သမီးတန်ဖိုးကို ပေးချေခဲ့ရကြောင်း သမ္မာကျမ်းစာက မှတ်တမ်းတင်ထားပါသည်။ အထက်က ဖော်ပြထားသကဲ့သို့ သတို့သမီးတန်ဖိုးပေးရခြင်းကို မက်ဆိုပိုတေးမီးယားတွင် လွန်ခဲ့သည့် ဘီစီ ၃၀၀၀ ကတည်းက ကျင့်သုံးခဲ့ကြသည်။ မက်ဆိုပိုတေးမီးယားဟူသည်မှာ အာပြဟံထွက်လာရာ နေရာဖြစ်သောကြောင့် (ကမ္ဘာ၊ ၁၁း၂၆- ၃၂ ) သူသည်လည်း သတို့သမီး တန်ဖိုးပေးချေရခြင်းကို

ကျင့်သုံးခဲ့မည်ဟု မျှော်လင့်ခဲ့ရပါသည်။ ထို့အပြင် ဤသည်မှာ ယဉ်ကျေးမှုပေါင်းများစွာတွင် မြုပ်ဝင်စွဲမြဲသွားသည့် ဓလေ့ထုံးတမ်းဟောင်းများပင် ဖြစ်ပါသည်။

## မျက်မှောက်ကာလအခြေအနေ

ဤစာအုပ်ကိုအဓိက ဦးတည်ရေးသားထားသည့် တိုင်းပြည်များတွင် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးကို ဥပဒေများဖြင့် ထိန်းသိမ်းသည့် နိုင်ငံနှစ်ခုသာရှိသည်။ အိန္ဒိယနိုင်ငံ (မင်္ဂလာခန်းဝင်ကြေးတားမြစ်လုပ်ဆောင်ချက်၊၁၉၆၁၊၁၉၉၀) နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ (မင်္ဂလာ ခန်းဝင်ကြေး တားမြစ်လုပ်ဆောင်ချက်၊ ၁၉၈၀ )တို့တွင် မတန်တဆ များပြားလွန်းသည့် ပြစ်ဒဏ်များ (ထောင်စကားလုံးနှင့် အပြစ်ဒဏ်တစ်ခု)နှင့်အတူ အလွန်တိကျသေချာသော ဥပဒေများရှိကြသော်လည်း လေ့လာတွေ့ရှိချက်အရ ဤဥပဒေများဖြင့် မည်သည့်တိုင်းပြည်တွင်မျှ ဖိအားပေးထားခြင်း မရှိသည်ကို အထင်အရှား ပြသပါသည်။ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ရစ်ထားသော ယဉ်ကျေးမှုလက်တွေ့ကျင့်သုံးခြင်းနှင့် ထုံးတမ်းစဉ်လာများကို အမြစ်ပြုတ်အောင်မြင်ရန် ခက်ခဲမှုရှိပေသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ၁၉၇၀ခုနှစ် နှစ်လယ်ပိုင်း၌ ပြန်လည်ပေါင်းစည်းပြီးနောက်ပိုင်း ဗီယက်နမ်နိုင်ငံ၏ အခြေအနေ သာဓကတွင်လည်း ရှင်းရှင်းလင်းလင်း တွေ့ရသည်။ ထိုအကြောင်းကို နောက်ပိုင်းတွင် အကျဉ်းအားဖြင့် လေ့လာဆွေးနွေးကြမည်။

ကျွန်ုပ်တို့မျှော်လင့်ထားသကဲ့သို့ နိုင်ငံတစ်နိုင်ငံအတွင်း၌ပင် သတို့သမီးတန်းဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ပေးရသည့် ဓလေ့ ကျင့်သုံးမှုများသည် တစ်နေရာနှင့်တစ်နေရာ၊ လူမျိုးစုတစ်စုနှင့် တစ်စု မတူ ကွဲပြားသည်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ဤ စာအုပ်တွင် တင်ပြထားသည့် သတင်းအချက်အလက်သည် အားလုံးစုံလင်မည်မဟုတ်။ နိုင်ငံတစ်ခုချင်းစီအတွက် နှိုင်းယှဉ် ထားသည့် သတင်းအချက်အလက်များသည် အဆင်ပြေချောမွေ့ နိုင်မည် မဟုတ်သောကြောင့်ဖြစ်သည်။ ဤအခန်း၏ ရည်ရွယ် ချက်မှာ နေရာဒေသအနှံ့လက်တွေ့ကျင့်သုံးမှု၏ ကွဲပြားခြားနား မှုနှင့်ဆိုင်သော ကိုယ်စားပြုခြင်းတစ်ခုကို စီစဉ်ပေးပြီး ထိုအချက် အလက်များကို ယေဘုယျအားဖြင့် နားလည်စေရန်ဖြစ်သည်။

## ♥ ဘင်္ဂလားဒေ့ရှ်

မင်္ဂလာခန်းဝင်ကြေးကို ပေးကမ်းခြင်း၊ လက်ခံရယူခြင်း သို့တည်း မဟုတ် တောင်းဆိုထားခြင်းကို ၁၉၈၀ခုနှစ် မင်္ဂလာခန်းဝင်ကြေး တားမြစ်ပိတ်ပင် လုပ်ဆောင်မှုအရ ဥပဒေက တားမြစ်ထားသည်။ တစ်စုံတစ်ဦးကို ပြစ်မှုကျူးလွန်ကြောင်းတွေ့ရှိရလျှင် ထောင်ဒဏ် ငါးနှစ်ကျ ခံသည်သာမက ဒဏ်ကြေးလည်းပေးဆောင်ရမည်။ (မင်္ဂလာခန်းဝင်ကြေး တားမြစ် လုပ်ဆောင်မှု၊ ၁၉၈၀) သို့ရာတွင် မင်္ဂလာခန်းဝင်ကြေး ပေးဆောင်ခြင်းများကို ကျင့်သုံးလျက် နေကြ သေးသည်။ မင်္ဂလာခန်းဝင်ကြေးတစ်ခု၏ မျှော်မှန်းထားသော

အတိုင်းအဆသည် ရာစုနှစ်ပေါင်းများစွာ ဆက်စပ်မှုရှိသော သတ်ဖြတ်ခြင်းမှုများ တိုးပွါးလာခြင်းနှင့်အတူ မြင့်တက်လာသည်ဟု အထောက်အထားတစ်ခုက တင်ပြထားပါသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တိုင်ကြားမှုပေါင်း ၃၄၁၃ သည် မိန်းမများအား ၎င်းတို့၏မျက်နှာပေါ်တွင် အက်ဆစ်ဖြင့် လောင်းချပြီး လူမဆန်စွာ တိုက်ခိုက်ထားရာနေရာတွင် မင်္ဂလာခန်းဝင်ကြေးနှင့် ဆက်စပ်မှုရှိသည့် အကြောင်းတရားများနှင့် စပ်လျဉ်း၍ ရဲပုလိပ်များဖြင့် ပြည့်နှက်လျက်ရှိသည်။ သူတို့ကို ရိုက်နှက်ကြသည်။ အဆိပ်အတောက်များ ကျွေးကြသည်။ သူတို့ သို့မဟုတ် သူတို့မိသားစုက မင်္ဂလာခန်းဝင်ကြေးကို မပေးဆောင်နိုင်သည့်အချိန်တွင် သတ်ဖြတ်ကြပါသည်။ (မင်္ဂလာခန်းဝင်ကြေး၊ ၂၀၁၅ ) ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မျက်မှောက်ကာလအခြေအနေမှာ မိန်းမတစ်ယောက်သည် ပညာတတ်လေလေ၊ တူညီသော ပညာအရည်အချင်းရှိသည့် ယောကျ်ားတစ်ယောက်ကို သူမအတွက် ရယူပေးရန် သူ့မိသားစုက မင်္ဂလာခန်းဝင်ကြေးများစွာ ပေးရန် လိုအပ်လေလေ ဖြစ်သည်။ ဤသို့သော အကြောင်းများကြောင့် အချို့သော မိသားစုများတွင် ၎င်းတို့သမီးများ၏ ပညာရေးကို ကန့်သတ်ထားကြသည်။ သို့မှသာ ၎င်းတို့ပေးချေရမည့် မင်္ဂလာခန်းဝင်ကြေးသည် ကုန်ကျစရိတ်ကို များစွာလျော့ချနိုင်မည် ဖြစ်သည်။(Shahid -၂၀၁၂ )

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မင်္ဂလာခန်းဝင်ကြေး ပေးရသည့် ယဉ်ကျေးမှုကြောင့် ဆင်းရဲချို့တဲ့သည့်မိသားစု၊ အထူးသဖြင့် သမီးများစွာ မွေးဖွါးသောမိသားစုတွင် လွန်စွာ ထိခိုက်မှုရှိပါ သည်။ ထိုသို့သော မိသားစုများသည် မင်္ဂလာခန်းဝင်ကြေးကို ပေးချေနိုင်ရန်အတွက် ချေးငွေများကို ယူပြီး ၎င်းတို့ပိုင်ဆိုင်သော ဥစ္စာများကို ရောင်းကြရသည်။ ပေးရမည့် ခန်းဝင်ကြေးကို ပေးချေ နိုင်ခြင်းမရှိလျှင် ၎င်းတို့၏သမီးများသည် ရိုက်ပုတ်ခြင်းကို ခံရကြ သည်၊ သို့မဟုတ် ၎င်းတို့ မိသားစုများထံသို့ ပြန်လည်ပို့ဆောင် သည်။ ဤသို့သော အကြောင်းတရားကြောင့် ၎င်းတို့ မိသားစု အပေါ် ရှက်ကြောက်ခြင်းနှင့် မထီလေးစားမှုကို ဖြစ်စေသဖြင့် သူတို့သည် လက်မထပ်ဘဲနေကြသည်။ မိသားစု အကြမ်းဖက် လုယက်မှုနှင့် ဆက်စပ်မှုရှိသည့် မင်္ဂလာခန်းဝင်ကြေးမှာ သရော် လှောင်ပြောင်မှုများက မင်္ဂလာခန်းဝင်ကြေး မပေးဆောင်နိုင်သည့် မိသားစုများကို ပိုင်ဆိုင်သော မိန်းမများအပေါ် တိုက်ခိုက်မှုများ အပါအဝင် မကြာခဏ တိုးပွါးလာလျက်ရှိသည်။ ဆက်လက်၍ မင်္ဂလာခန်းဝင်ကြေးကြောင့် လူပေါင်းများစွာ မိမိကိုယ်ကိုသတ် သေကြရသည်။ ( Alston - ၂၀၁၅ ) မင်္ဂလာခန်းဝင်ကြေးနှင့် ဆက်စပ်မှုရှိသည့် အကြမ်းဖက် လုယက်မှုများသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ဆင်းရဲချို့တဲ့နုံချာသော ကျေးလက်ဒေသများတွင် ပျံ့နှံ့ ဖြစ်ပွါးမှုနှုန်းထား ပိုမိုများပြားသည်။ ဤပေးချေရမှုများသည် မိသားစုများကို ပိုမို၍ ဆင်းရဲချို့တဲ့စေသည့် အမေရိကန်ဒေါ်လာ

ရာပေါင်းများစွာမှ ထောင်ပေါင်းများစွာတိုင်အောင် အစီအရီတန်းထားလျက်ရှိသည်။ (ဘင်္ဂလားဒေ့ရှ် မင်္ဂလာခန်းဝင်ကြေး အကြမ်းဖက် လုယက်မှု ဆက်လက်ဖြစ်ပေါ်ခြင်းမရပ်စဲမှု၊ ၂၀၁၅ )

♥ ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင်မူ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ပေးချေရမှုကို ဆန့်ကျင်သည့်ဥပဒေများ မရှိပါ။ ကမ္ဘောဒီးယားနိုင်ငံတွင် လေ့လာတွေ့ရှိရသည့် လက်တွေ့ လုပ်ဆောင်သည့် ထုံးတမ်းဓလေ့မှာ သတို့သမီးတန်ဖိုး ပေးချေရခြင်းဖြစ်သည်။ သတို့သားသည် လက်ထပ်မင်္ဂလာပွဲ ကုန်ကျစရိတ်၏အစိတ်အပိုင်း သို့မဟုတ် အားလုံးကိုပေးချေရန် တာဝန်အပြည့်အဝရှိသည်။ သမီးရှင်၏မိသားစုက ယောကျ်ားနှင့် ၎င်း၏မိသားစုသည် သူမကို ကျွေးမွေးစောင့်ရှောက်နိုင်စွမ်းရှိသည်ကို သက်သေပြသည့်အနေဖြင့် သတို့သမီး တန်ဖိုးများစွာကို တောင်းဆိုနိုင်သည်။ ဤသည်မှာ မိန်းမအနေဖြင့် မိမိ၏မိဘများအား ၎င်း၏ဘဝအသက်တာနှင့် ပြုစုပျိုးထောင်ခြင်းအတွက် ပြန်လည်ပေးဆပ်သည့် နည်းလမ်းတစ်ခုလည်းဖြစ်သည်။ အလွန်များပြားသည့် သတို့သမီးတန်ဖိုးကြောင့် သတို့သားမိသားစုအပေါ် ကြီးမားသည့် ငွေကြေးပြဿနာဖြစ်သည်။ သို့ရာတွင် အချို့သော မိသားစုများမှာ သူတို့သမီး၏ အနာဂတ် လင်ယောကျ်ားသည် သူမအတွက် ကောင်းမွန်သော ခင်ပွန်းဖြစ်မည်ကို ယုံကြည်စိတ်ချ

ထားမှုရှိလျှင် သတို့သမီးတန်ကြေးပေးချေရန် တောင်းဆိုထားမှု မရှိပါ။ ( Mony-၂၀၀၈ )

သတို့သမီးတန်းဖိုးကိုပေးဆောင်ခြင်းမရှိလျှင် လက်ထပ်ထိမ်းမြား နိုင်ခြင်း ရှိမည်မဟုတ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံရှိ တစ်စုံ တစ်ယောက်က သတင်းပေးထားသည်။ ဤအမျိုးသမီးက မြို့ကြီး ပြကြီးများတွင် သတို့သမီးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၆၀၀၀ အထိရှိပြီး ကျေးလက်ဒေသများတွင်မူ ပျှမ်းမျှအား ဖြင့် အမေရိကန်ဒေါ်လာ ၂၀၀၀ ပတ်ဝန်းကျင်ရှိကြောင်း ဆိုပါ သည်။ တစ်စုံတစ်ရာ ကိစ္စရပ်များကြောင့် သတို့သမီးတန်ဖိုးကို တောင်းဆိုထားခြင်း မရှိသော်လည်း သတို့သားသည် မင်္ဂလာဆောင် ကုန်ကျစရိတ်ကို မတန်တဆ နှုန်းထားတစ်ခု (ဥပမာ- အမေရိကန် ဒေါ်လာ- ၅၀၀၀ ) ပေးချေရမည်ဟူသော မျှော်လင့်ချက်သည် ရှိလျက်နေသေးသည်။ ဤမျှော်လင့်ထားချက်များကြောင့် ဆင်းရဲနုံချာသောသူများသည် လက်ထပ်ဖို့ မဖြစ်လာနိုင်သဖြင့် အတူတကွ ပေါင်းသင်းနေထိုင်ကြခြင်းကို အဆုံး၌ ပြုလေ့ရှိကြ ပါတော့သည်။ အခြားနည်းလမ်းတစ်ခုမှာ အကြွေးယူရန် ဖြစ် သည်။ ထိုသို့အားဖြင့် မိသားစုသည် နှစ်ပေါင်းများစွာ ပြန်လည် ပေးဆပ်ရနိုင်သည်။ တစ်နည်းအားဖြင့် သတို့သမီးတန်ဖိုး၏ကျန် ရှိနေသေးသော အကြွေးများကို ပြန်၍ ပေးချေနိုင်ခြင်း မရှိတော့ သည့် အိုမင်းမစွမ်းတော့သော မိဘများသည် ၎င်းတို့တင်ကျန် သောအကြွေးများကို မိမိကိုယ်တိုင် လက်ထပ်ထိမ်းမြားဖို့ရန်

မစဉ်းစားမှီ ပေးဆပ်ရန် သားငယ်များအား လက်ဆင့်ကမ်း ချန်ရစ်ထားခဲ့ကြသည်။

ဤလေ့လာတွေ့ရှိမှုအရ ဤကဲ့သို့သော ယဉ်ကျေးမှုတွင် ယောကျ်ားလေးများအား မိန်းကလေးများထက် ပို၍ ချစ်မြတ်နိုးကြကြောင်း၊ မိန်းကလေး၊ ကလေးသူငယ်များကို ဖျက်ချကြသည်ဟုလည်း ဆက်လက်၍ ဆိုစရာရှိပါသည်။ သူမက "ကမ္ဘောဒီးယားတွင် ဖော်ပြထားချက်တစ်ခုရှိပြီး" ၎င်းမှာ "မိန်းကလေးများသည် အဝတ်တန်ဆာများသာဖြစ်၍၊ ယောကျ်ားလေးများသည်သာ ရွှေဖြစ်သည်" ဟု ရေးသားထားသည်။ တစ်နည်းအားဖြင့် ရွှေဟူသည်မှာ ညစ်ပတ်လာသောအခါ ဆေးကြောသန့်စင်သော်လည်း အဝတ်စဟူသည်မှာ နောက်ဆုံးတွင် ဆုတ်ဖြဲခြင်းကို ခံရလေသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် မိန်းမသည် တန်ဖိုးမဲ့သဖြင့် လိင်ပိုင်းဆိုင်ရာ ကုန်ကူးမှုဖြင့် ရောင်းစားခြင်း၊ မိမိကိုယ်ကို ရောင်းစားခြင်းတို့ပြုကြသည်။ သို့မဟုတ် သူတို့သည် မြင့်မားသောဈေးနှုန်းဖြင့် ၎င်းတို့၏အပျိုစင်ကို ရောင်းချချင် ရောင်းချနိုင်ကြပါသည်။ အများနှင့်ဆိုင်သော ဥပဒေအတွင်းရှိ မိန်းမများ၌ ဇနီးမယားများသည် သူတို့နှင့် ပေါင်းသင်းနေထိုင်သော ယောကျ်ားများထံမှ အကာအကွယ် မရရှိကြပါ။ သူတို့သည် သားသမီးများ မွေးဖွါးသဖြင့် ဖခင်က ထိုသားသမီးများကို ပြန်လည်ခေါ်ဆောင်ရန် ဆုံးဖြတ်သောအခါ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်နိုင်ပါသည်။(Cunn- ingham- ၂၀၁၅)

♥ အန္ဒိယနိုင်ငံ

အန္ဒိယနိုင်ငံတွင် သတို့သမီးတန်ဖိုး သို့မဟုတ် မင်္ဂလာခန်းဝင်ကြေး ပေးကမ်းခြင်း သို့မဟုတ် လက်သင့်ခံခြင်းကို ၁၉၆၁ခုနှစ်တွင် ပြဋ္ဌါန်းထားသော မင်္ဂလာခန်းဝင်ကြေး တားမြစ်ချက်ဥပဒေ အရ ဥပဒေဖြင့်အကာအကွယ်ပေး တားမြစ်ထားပါသည်။ ဤဥပဒေ ကို ချိုးဖောက်သည်ဟု တွေ့ရှိခံရသောသူသည် ငွေဒဏ်အပါ အဝင် ထောင်ဒဏ် ငါးနှစ်ထက်မနည်း ကျခံရပေမည်(မင်္ဂလာခန်း ဝင်ကြေး တားမြစ်လုပ်ဆောင်မှု၊ ၁၉၆၁၊၁၉၉၀)။ ထိုသို့ တင်းကြပ်သည့်ဥပဒေကို ထုတ်ပြန်ထားသော်လည်း သတို့သား မိသားစုအား ပေးရမည့် မင်္ဂလာခန်းဝင်ကြေးကို သတို့သားမိသားစု က ငွေကြေးစိုက်ထုတ် လုပ်ဆောင်လျက် ဆက်လက် ကျင့်သုံးနေကြ သေးသည်။ ပေးရသည့်ပစ္စည်းများတွင် မင်္ဂလာဆောင်ပြီးစ အိမ်သစ်တစ်ခုကို တည်ဆောက်ရာတွင် အကူအညီဖြစ်စေမည့် အသပြာငွေသား၊ ကျောက်မျက်ရတနာ၊ ကား၊ အိမ်အသုံးအဆောင် ပရိဘောဂများနှင့် အသုံးအဆောင်များ ပါဝင်နိုင်ပါသည်။ (မင်္ဂလာ ခန်းဝင်ကြေး၊ ၂၀၁၅)

မင်္ဂလာခန်းဝင်ကြေးကို ယောက်ျားနှင့်/သို့မဟုတ် သူ၏မိသားစု မှ လုံလုံလောက်လောက် တောင်းဆိုထားခြင်းမရှိဆိုရာတွင် ဇနီး မယားသည် စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကာယပိုင်း နှိပ်စက်ခြင်း၏ အတိဒုက္ခဖြစ်လာနိုင်ပါသည်။ ထိုအချက်က သူမအား ကြိုးချခြင်း

အားဖြင့်လည်းကောင်း၊ အဆိပ်သောက်ခြင်း၊ သို့မဟုတ် မီးတွင် မိမိကိုယ်ကို တိုးဝင်ခြင်းအားဖြင့် လည်းကောင်း မိမိကိုယ်ကို သေစေနိုင်ပါသည်။ မင်္ဂလာခန်းဝင်ကြေးသည် ပြည့်မှီလုံလောက်ခြင်း ရှိလျှင် သူမသည် ယောကျ်ားနှင့် သူ့မိသားစု၏ အမြတ်တနိုး တန်ဖိုးထားခြင်းကိုခံရမည်။(Penn, Michael L, Nardos, Rahel-၂၀၁၃) အိန္ဒိယရဲများက နှစ်စဉ်နှစ်တိုင်း တရားဝင် ကြေငြာထားသည်မှာ မင်္ဂလာခန်းဝင်ကြေးကြောင့် ၂၅၀၀ ဝန်းကျင်ရှိ သတို့သမီးတို့သည် မီးလောင်ခံထားရပြီး ၉၀၀၀ ဝန်းကျင်သောသူတို့မှာ အသက်ဆုံးရှုံး သေကြေကြသည်ဟူ၍ ဖြစ်သည်။ ဤအတွက်မှာ တစ်နှစ်လျှင် ၁ မှ ၂ ရာခိုင်နှုန်းအထိ တိုးပွါးလာခြင်းဖြစ်ပါသည်။ ( Chawla-၂၀၁၀ ) မီးရှို့သေကျေသော သတို့သမီးများသည် ဇနီးမယားများက လောင်ကျွမ်းစေလွယ်သော အရည်များနှင့် မိမိကိုယ်ကို တကိုယ်လုံး စိုရွှဲစေပြီး မီးပေါ်တွင် ကိုယ်ကိုပစ်ချသည့်အချိန်တွင် ဖြစ်သည်။ ၎င်း၏အကျိုးဆက်မှာ သေခြင်းပင်ဖြစ်သည်။ ဤသို့သောအဖြစ်မျိုးကို “ဘင်္ဂလားဒေ့ရှ်၊ အန္ဒိယ၊ ပါကစ္စတန်နှင့် အန္ဒိယတိုက်ငယ်ပတ်ဝန်းကျင်ရှိ အခြားနိုင်ငံများတွင်” တွေ့မြင်ရသည်။(သတို့သမီး မီးလောင်ကျွမ်းခြင်း၊ ၂၀၁၅) ၂၀၁၂ တွင် သတို့သမီးသစ်များဖြစ်ကြသည့် ၈၂၃၃ ဦးသော မိန်းမငယ်များသည် မင်္ဂလာခန်းဝင်ကြေး အငြင်းပွါးမှုကြောင့် အသတ်ခံရသည်ဟု သတင်းရရှိသည်။ အိန္ဒိယနိုင်ငံတွင် ဤသို့သော အကြောင်းတရားကြောင့် တစ်နာရီလျှင် တစ်ယောက်နှုန်းအသတ်ခံရပါသည်။ (Nelson- ၂၀၁၃ )

အိန္ဒိယနိုင်ငံတွင် သမီးများနှင့်ဆိုင်သော ဖခင်တစ်ဦး၏ရှုထောင့် တစ်ခုကို အထောက်အထားတစ်ခုက ဖော်ပြထားပါသည်။ "ယနေ့ သူမကို ကျွန်ုပ်မသတ်လျှင်၊ မနက်ဖြန်တွင် သူမသည် ကျွန်ုပ်ကို သတ်လိမ့်မည်၊ သို့မဟုတ် မင်္ဂလာခန်းဝင်ကြေးကြောင့် တစ်စုံ တစ်ယောက်က သူမကို မီးရှို့သတ်ဖြတ်လိမ့်မည်။" ဤသို့သော ရင်းမြစ်က အိန္ဒိယပြည်တွင် ပျှမ်းမျှအားဖြင့် အမျိုးသမီးကလေးငယ် တစ်သန်းလောက်သည် နှစ်စဉ် ဖျက်ချခံရသည်ဟူသော ပြောစကား ဖြင့် ဆက်လက် ချီတက်နေသည်။ အကြောင်းမှာ မိန်းကလေးငယ် တစ်ယောက် မွေးဖွားလာခြင်းမှာ အမင်္ဂလာတစ်ခုအဖြစ် ရှုမြင်ကြ သည်။ မိန်းကလေးတစ်ယောက် မွေးဖွားလာသည်နှင့်ချက်ချင်း ဖခင် သည် သူမ၏ဘဝအချိန်ကာလအတွက် သူ့ကုန်ကျမည့်စရိတ်ကို စတင် တွက်ချက်ပါတော့သည်(မင်္ဂလာခန်းဝင်ကြေး၊ ၂၀၁၅)။ ဝမ်းနည်းစရာကောင်းသည်မှာ မိန်းကလေးများအား ပြန်လည် သတ်ဖြတ်သည့်လုပ်ဆောင်မှုကိုကျင့်သုံးကြသည်။ အကြောင်းမှာ မိန်းကလေးများသည် လင်ယောကျ်ားကို ရှာဖွေပြီး မင်္ဂလာခန်း ဝင်ကြေး ပေးချေရမည့် ဒုက္ခကို မိသားစုများအတွင်းသို့ ယူဆောင် လာကြသောကြောင့်ဖြစ်ပါသည်။ အကယ်၍ အမျိုးသမီးတစ် ယောက်သည် လက်ထပ်ထိမ်းမြားခြင်းမရှိလျှင် သူမသည် ဘဝ တစ်လျှောက်လုံး ရှောင်ကြဉ်ခံရလိမ့်မည်ဖြစ်သည်။ (Penn, Michael L,Nardos, Rahel- ၂၀၀၃)

လာအိုနိုင်ငံတွင် ယောကျ်ား၏မိသားစုသည် မိန်းမ၏မိသားစု သို့ ဆုလက်ဆောင်များနှင့်အတူ သူ့သားနှင့် လက်ထပ်ထိမ်းမြား ခွင့် တောင်းခံသည့်အချိန်၌ သတို့သမီးတန်ဖိုးကို ပေးရပါသည်။ သို့ရာတွင် ပထမအကြိမ် သွားရောက် လည်ပတ်သည့်အချိန်တွင် အခြားစုံတွဲသည် ယောကျ်ား၏မိဘများကိုယ်စား နေရာယူရ သည်။ သွားရောက်တောင်းရမ်းသည့်အချိန်တွင် အကယ်၍ မိန်းကလေး၏မိဘများသည် တောင်းရမ်းမှုကို ငြင်းပယ်လိုက် လျှင် ယောကျ်ားလေး၏မိဘများအပေါ် အရှက်တရား ကျရောက် လာမည်ကို စိုးသဖြင့် ဤသို့ လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ ပထမ ဆုံးအကြိမ် သွားရောက်တောင်းရမ်းမှုသည် အဆင်ပြေချောမွေ့ လျှင် ဒုတိယအကြိမ်တွေ့ဆုံမှုတွင် မိသားစုနှစ်စုတို့သည် သတို့ သမီးတန်ဖိုးနှင့် မင်္ဂလာပွဲတွင် ကုန်ကျမည့် စရိတ်အသေးစိတ်ကို တွက်ချက်ရန် အစီအစဉ် ရေးဆွဲကြပါသည်။ သတို့သမီးတန်ဖိုး၏ ရည်ရွယ်ချက်မှာ “မိမိ မိသားစုကို စွန့်ခွါသွားရမည့် သမီး၏ ကိုယ်ကာယနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်မှုကို ဖြည့်ဆည်းပေးသည့် သင်္ကေတ” သဘောလုပ်ဆောင်ခြင်းဖြစ်သည် (လာအို၊ လာအို လက်ထပ်ပွဲ၊ ၂၀၁၂)။ လာအိုနိုင်ငံတွင် မိန်းကလေး၏ မိသားစု အား ပေးချေရသည့် ယေဘုယျအားဖြင့် သတို့သမီးတန်ဖိုးမှာ အနည်းဆုံး အမေရိကန်ဒေါ်လာ ၅၀၀ နှင့်ညီမျှသောစာရင်းနှင့် အတူ အမေရိကန် ဒေါ်လာ ၃၀၀ တန်ဖိုးရှိ ရွှေဒင်္ဂါပြားတစ်ခု ဖြစ်

သည်။ (လာအိုလူမျိုး၏ မင်္ဂလာခန်းဝန်ကြေးကို နားလည်ခြင်း၊ ၂၀၁၅ )

အခြားရင်းမြစ်တစ်ခုက လာအိုနိုင်ငံရှိ ဟုမ်းလူမျိုးများကြားတွင် သတို့သမီးတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၁၀၀၀၀ အထိ ရှိနိုင်သည်ဟု ဆိုသည်။ အမှန်တကယ် ကျသင့်သည့် စျေးနှုန်းကို သူမသည် တစ်ဦးတည်းသောသမီးဖြစ်မဖြစ်၊ ပညာအဆင့်အတန်းနှင့် ဂုဏ်သတင်းတို့အားဖြင့် ဆုံးဖြတ်တည်ဆောက်ထားသည့် သတို့သမီး၏တန်ဖိုးကသာ အဆုံးအဖြတ်ကို ပေးသည်။ ရှေးခေတ်ကာလက ဟုမ်းလူမျိုးများကြားတွင် သတို့သမီး၏ တန်ဖိုးကို များစွာပေးရလေလေ၊ မိန်းမသည် ခင်ပွန်းသည် ယောက်ျား၏လေးစားသမှုပြုခြင်းကို ခံရလေလေဖြစ်သော်လည်း ယခု ခေတ်ကာလတွင် သတို့သမီးသည် ဝယ်ထားခြင်းကို ခံရသည့် သဘောဖြင့် ၎င်း၏သတို့သမီးတန်ဖိုးက ဆုံးဖြတ်ထားနေသဖြင့် အရင်ပုံစံကို သိပ်မမှုကြတော့ပေ။ ဤသဘောတရားကို “လက်ထပ်ခြင်း”ဟူသည်က “ဝယ်ယူခြင်း” အဖြစ် အဓိပ္ပါယ်သက်ရောက်စေသည့် ဟုမ်းဘာသာစကား၌ အထင်အရှား တွေ့ရပါသည်။ (အမေရိကန် ဟုမ်းအမျိုးသမီးတစ်ဦး၏ စိတ်ထဲသို့ ခြေလှမ်း လှမ်းခြင်း၊ ၂၀၁၁ )

သတို့သမီးတန်ဖိုး ပေးရသည့်အကြောင်းတရားမှာ သမီးကို ဆုံးရှုံးရခြင်းနှင့် အိမ်၌ သူမ၏လုပ်ငန်းအတွက် အလျော်အစားပင်ဖြစ်ပါ

သည်။ သို့မဟုတ် သူမကို မွေးဖွါးကာ ပြုစုပျိုးထောင်ပြီး ကိုယ်ကျိုး ကိုစွန့်သော မိခင်အတွက်လည်းဖြစ်သည်။ အခြားပေးထားသည့် အကြောင်းတရားမှာ ကံကြမ္မာကြောင့် ကွာရှင်းပြတ်စဲသည့် အချိန်၊ သမီးသည် မိဘထံသို့ ပြန်လာသည့်အချိန်အတွက်ဖြစ် သည်။ ထို့အပြင် သူမကို နောက်တဖန် ပြန်လည်ထောက်ပံ့ရန်ဖြစ် သည်။ နောက်ဆုံးတွင် ယင်းသည် မိန်းကလေးတစ်ယောက်ကို လက်ထပ်လိုသော ယောကျ်ားလေးသည် သူမကို ပြုစုစောင့် ရှောက်နိုင်သည့် ငွေကြေးပကာသန ပိုင်ဆိုင်ထားကြောင်းကို ပြသရန် ပေးထားခြင်းပင်ဖြစ်သည်။ (လာအိုလူမျိုးများ၏ မင်္ဂလာ ခန်းဝင်ကြေးကို နားလည်ခြင်း၊ ၂၀၁၅)

သို့ရာတွင် အခြားအရင်းမြစ်တစ်ခုက သတို့သမီး တန်ဖိုးပေးခြင်း သည် သတို့သမီးသစ်ထံမှ အပ်နှံခြင်းနှင့် အလုပ်ကြိုးစားလုပ်ဆောင် ခြင်းအတွက် အာမခံဖြစ်သည်သာမက သတို့သမီး တန်ဖိုးသည် ထိုသို့သော အမှုကိစ္စတစ်ခုအတွက် ပြန်အမ်းငွေလည်း ဖြစ်နိုင် သောကြောင့် ကွာရှင်းခြင်းကို ဆန့်ကျင်သည့် သေချာစေသော ပေါ်လစီတစ်ခုလည်း ဖြစ်နိုင်သည်ဟု ဖော်ပြထားပါသည်။ ခင်ပွန်းယောကျ်ားများသည် သူမအတွက် လေးလံသောတန်ဖိုးကို ပေးချေပြီးနောက်တွင် ၎င်းတို့ ၏ဇနီးမယားကို ရိုက်ပုတ်ရန် အခွင့်ထူးကို ပိုင်ဆိုင်ကြသည်ဟု ထင်မြင်ယူဆနိုင်ကြသည်။ ဤစာတမ်းကို ရေးသားသူက “ မိဘများအိမ်တွင် လပေါင်းများ စွာ ပြန်လည် နေထိုင်ပြီးနောက် ဖခင်က ခင်ပွန်းသည်ထံသို့

ပြန်လည်ပို့ဆောင်သည့်အချိန်တွင် 'နင် ငါ့ကိုရောင်းစားတယ်' ဟု ကြမ်းတမ်းသောစကားဖြင့် မိမိဖခင်ကို ပြန်လည်အော်ဟစ်သည့် ကြမ်းတမ်းရိုင်းစိုင်းသော ဟုမ်းသမီးပျိုလေးတစ်ယောက်ကို ကိုယ်တိုင်တွေ့ခဲ့ရသည်" ဟု ဆိုပါသည်။ (Lemoine- ၂၀၁၂ )

♥ မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံတွင် သတို့သမီး၏တန်ဖိုးမှာ မိန်းမ၏မိသားစုကို ပေးရပါသည်။ တန်းဖိုးနှုန်းထားမှာ အမေရိကန်ဒေါ်လာ ၅၀ မှ ၂၀၀၀ အထိဖြစ်သည်။ ဤအရာသည် အိန္ဒိယ-မလေးလူမျိုးများက စေ့စပ်ပြီး သဘောတူညီသောနေ့ရက်တွင် လုပ်ဆောင်ခဲ့ကြသော်လည်း ယေဘုယျအားဖြင့် လက်ထပ်ထိမ်းမြားသည့် ပွဲလမ်းသဘင် ကျင်းပသည့်အချိန်အတွင်း ပေးဆောင်ရပါသည်။ အခြားငွေကြေးလက်ဆောင်ကို သတို့သားထံက ယုံကြည်မှုနှင့် ချစ်ခြင်းမေတ္တာ၏ အမှတ်လက္ခဏာအဖြစ် လက်ထပ်မင်္ဂလာပွဲအတွင်း တရားရှေ့နေများ ရှေ့မှောက်တွင် ပေးရပါသည်။ မိန်းကလေး၏မိခင်သည် အသက်ရှင်လျက် ရှိနေသေးလျှင် အခြားငွေကြေး ဆုလက်ဆောင်ကိုလည်း သတို့သမီးငယ်စဉ် နို့စို့သူငယ်အရွယ်က တိုက်ကျွေးသောနို့အတွက် "ရင်သားအမှတ်လက္ခဏာအဖြစ် ပေးရပါသည်။ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသော မလေးလူမျိုးများအတွက်မူ သတို့သမီးတန်ဖိုးပေးရခြင်းသည် အားလုံးကို တွေ့မြင်စေရန်အတွက် စီတန်းသော အစေခံများနှင့်အတူ

အလွှန်လက်ဖွာသည့် အပြုအမူမျိုးပင်ဖြစ်သည်။(မင်္ဂလာခန်းဝင်ကြေး၊ ယဉ်ကျေးမှုထုံးတမ်းနှင့် သက်ဆိုင်သော လက်ဖွဲ့ပစ္စည်း၊ ၂၀၁၅ )

♥ မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင်လည်း သတို့သမီးတန်ဖိုးကို ပေးဆောင်ရပါသည်။ ကျောက်မျက်ရတနာ၊ စည်းစိမ်၊ သို့မဟုတ် ငွေကြေး၊ သို့မဟုတ် မိန်းမတစ်ယောက်အား လက်ထပ်ရန် တောင်းရမ်းသည့်အချိန်တွင် မင်္ဂလာပွဲ ကုန်ကျစရိတ်အားလုံးကို ကျခံခြင်းတို့မှာ မြန်မာအမျိုးသားများအတွက် ပုံမှန်လုပ်ဆောင်နေကြ အမူအရာပင်ဖြစ်သည်။ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက်တွင် လက်ထပ်မင်္ဂလာပွဲကို ကျင်းပကြသည်။ (မင်္ဂလာပွဲ၊ ၂၀၁၅ ) သတို့သမီးတန်ဖိုးမှာ ကနဦးအချိန်ကာလတွင်အမေရိကန်ဒေါ်လာ ၅၀၀ မှ ၆၀၀ သာ ဖြစ်သော်လည်း နောက်ပိုင်းတွင် တိုးလာပါသည်။( Mawi-၂၀၁၅)

ချင်းလူမျိုးတို့တွင် သင်းအုပ်တစ်ဦးဖြစ်သည့် သင်းအုပ်ထန်းက ပုံမှန်အားဖြင့် သတို့သမီးတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၄၀၀၀ဖြစ်သည်ဟု ကျွန်ုပ်ကို ပြောပြသည်။ မြန်မာပြည်တွင် အလွန်ဆင်းရဲချို့တဲ့ကြသည်ဖြစ်၍ ဤနေရာများတွင် မိသားစုအသစ်တစ်ခုအတွက် ကြီးလေးသည့် ဒုက္ခဖြစ်သည်ဟူ၍လည်း ဆိုသည်။ ယောကျ်ားအား သတို့သမီးတန်ဖိုးကို

ပေးချေရန် နှစ်ပေါင်းများစွာ အချိန်ပေးထားသည့်တိုင် ဆင်းရဲချို့တဲ့၍ မပေးနိုင်သည့် မိသားစုများအတွက်မူ မိန်းမ၏မိဘများသည် ၎င်း၏သားသမီးများနှင့်အတူ သူမကို ပြန်လည် ခေါ်ဆောင်သွားခဲ့ကြသည်။ ထို့နောက်တွင် မိန်းမ၏ဦးလေးသည် မိသားစုမပါဘဲ ယောကျ်ားအား ချန်ထားခဲ့ခြင်းဖြင့် ကျိန်ခြင်းကိုပေးသည်။ ဆက်လက်၍ သူက အချို့သော ဗမာအမျိုးသမီးများမှာ သတို့သမီးတန်းဖိုး ပေးကမ်းခြင်းကို အဆုံးသတ်စေသည့် ဥပဒေ ထွက်ပေါ်လာစေရန် ကြိုးစားအားထုတ်ကြသည်မှာ ဗမာလူမျိုးများအတွက် ထိုသို့သော အခက်အခဲဖြစ်ကြောင်းကိုလည်း ပြောပြသည်။ (ထန်း၊ သင်းအုပ်၊ ၂၀၁၅ )

မြန်မာနိုင်ငံရှိ ချင်းလူမျိုး အသိုင်းအဝိုင်းကြားတွင် သတို့သမီးတန်ဖိုးဟူသော ခေါင်းစဉ်နှင့် စပ်လျဉ်းပြီး အရင်းအမြစ်တစ်ခုက သတို့သမီးတန်ဖိုးကို မပေးမချင်း ဇနီးမယားနှင့် သားသမီးများသည် ခင်ပွန်းသည်၏အစိတ်အပိုင်းထဲတွင် ပါဝင်လာခြင်းမရှိဟု ဆိုသည်။ ထို့ကြောင့် သတို့သမီးတန်ဖိုး ပေးမထားခြင်းကြောင့် သတို့သမီး၏အခွင့်အရေးမှာ သူမ၏ခင်ပွန်းသည်က သူမကို ကွာရှင်းလျှင် သူမသည် ကလေးများနှင့်အတူ ထွက်သွားနိုင်သည့် အခွင့်အရေးပင် ဖြစ်သည်။ သို့ရာတွင် သတို့သမီးတန်ဖိုးကို ပေးဆောင်ထားသည်ရှိသော် ကလေးများသည် ခင်ပွန်းသည်နှင့်အတူ ကျန်ရစ်ကြရမည်ဖြစ်သည်။ စာရေးသူ ရေးသားထားခဲ့သည့် စာတမ်းများကဲ့သို့ပင် သူမ တွေ့ဆုံမေးမြန်းခဲ့ရသော လူများစွာတို့

က သတို့သမီးတန်ဖိုး ပေးဆောင်ရခြင်းသည် မိသားစုဆင်းရဲ ချို့တဲ့ခြင်းနှင့် မပြည့်စုံခြင်းများကို အကာအကွယ်ပေးခြင်းဖြင့် မိသားစုနှစ်ခုကို အတူတကွ ဆက်စပ်သည်ဟု ခံစားကြပါသည်။ သို့ရာတွင် သတို့သမီးတန်ဖိုး ပေးဆောင်ရခြင်းတွင် ကောင်းမွန်သော ရည်ရွယ်ထားချက်ရှိသော်လည်း မိသားစုဝင်များသည် ထိုအရာများကို ၎င်းတို့၏ကိုယ်ကျိုးအတွက် ကြိုးကိုင်ခြယ်လှယ်နိုင်သည်ဟု သူမက ပြောသည်။ (Mawi-၂၀၁၅)

သတို့သမီးတန်ကြေးကို ပေးရခြင်း၏ အကျိုးဆက်အနေဖြင့် မိန်းမများအား ကြမ်းတမ်းစွာ ဆက်ဆံခြင်းနှင့် စပ်လျဉ်း၍ သင်းအုပ်ထန်းက ဤအချက်သည် မြန်မာနိုင်ငံအတွင်း အချို့သောလူမျိုးများကြားတွင် ဖြစ်ပေါ်လျက်ရှိပါသည်ဟု ဆိုသည်။ သူက လင်ယောကျ်ားများသည် ၎င်းတို့၏ဇနီးမယားများအတွက် သတို့သမီးတန်ဖိုးကို ပေးဆောင်ရသောကြောင့် သူတို့ကို ပိုင်ဆိုင်ထားသောအရာအဖြစ် ရှုမြင်လျက် သတ်သည့်အဆင့်သို့ မရောက်သော်လည်း ရိုက်နှက်ကြပါသည်ဟုဆိုသည်။ မိန်းမအများယူခြင်းသည်လည်း မြန်မာပြည်တွင် ကြုံတွေ့နေရသော ပြဿနာတစ်ခု ဖြစ်သည်ဟုလည်း သူက ဆိုသည်။ (ထန်း၊ သင်းအုပ်၊ အီးမေးလ်၊ ၂၀၁၅ )

## ♥ သီရိလင်္ကာနိုင်ငံ

သီရိလင်္ကာလူမျိုးတို့က သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ကို အိန္ဒိယနိုင်ငံ၏ ၁၉၆၁ တွင် ပြဋ္ဌာန်းထားသော မင်္ဂလာခန်း ဝင်ကြေး တားမြစ်လုပ်ဆောင်ချက် နံပါတ်၊ ၂၈ ကို အခြေခံ၍ ဥပဒေတစ်ခုဖြင့် ကန့်သတ်လုပ်ဆောင်ရန် စဉ်းစားမိသော်လည်း ဥပဒေကို ထုတ်ပြန်နိုင်ခြင်း မရှိပါ။ ထိုသို့သော ဥပဒေတစ်ခု ၏ တန်ဆာပလာကို မှန်းဆစိတ်ကူးထားခြင်းအတွက် ရည်ရွယ် ချက်သည် မိန်းမများကို နှိပ်စက်ပြီး ကြမ်းတမ်းသောအမှုကြောင့် ဖြစ်သည်။ ထိုအရာကို ဤအဆိုပြုချက် ရေးသားသော သူ၊ ကောင်ဆာအင်၊ ပါထီရာနာတို့က ထိုလက်တွေ့ကျင့်သုံးခြင်း များက လက်ထပ်ပေါင်းသင်းခြင်းကို စီးပွါးရေးဆန်ဆန် လုပ် ဆောင်ထားသည်ဟူ၍လည်းကောင်း၊ မင်္ဂလာခန်းဝင်ကြေး မပေး ဆောင်ခြင်းက "အတိဒုက္ခ၊ မိန်းမများကို နှိပ်စက်သည့် ကြမ်းတမ်း မှုများ၊ အကြင်လင်မယားတို့၏ ပေါင်းသင်းနေထိုင်မှုကို ပျက်စီးစေ ခြင်း၊ ကျယ်ပြန့်သောမိသားစုနှင့် ပြဿနာကြုံတွေ့ခြင်းတို့ကို လည်းကောင်း" ဖြစ်စေသည်ဟု အခိုင်အမာယုံကြည်ကြသည်။ ဤအရာများတည်ရှိသော်လည်း သူမက "သီရိလင်္ကာ တရားစီရင် ရေးအမှုသည် မင်္ဂလာခန်းဝင်ကြေး ပေးခြင်းနှင့် ယူခြင်းဆိုရာ ဥပဒေနှင့်ကိုက်ညီမှု သို့မဟုတ် မကိုက်ညီမှုအရေးကိစ္စကို အား ထုတ်ကြိုးပမ်းအလေးပေးမှုလည်း မရှိကြ"ဟုရေးသားထားသည်။ (Pathirana-၂၀၁၅)

သီရိလင်္ကာလူမျိုးများကြားတွင် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးနှစ်ခုစလုံးကို လက်တွေ့ကျင့် သုံးခဲ့ကြသည်။ အင်တာဆန် အရာ မင်္ဂလာခန်းဝင်ကြေးသည် အရေးအပါဆုံးဖြစ်သော်လည်း (Anderson ၂၀၁၄) သီရိလင်္ကာလူမျိုးများသည် သားသမီးများအားလုံးကို အမွေပေးလေ့ရှိကြသည်။ အိမ်ခြံမြေများကို သားများက ပိုင်ဆိုင်ထားပြီး ရွှေ့ပြောင်းနိုင်သော အရာများဖြစ်ကြသည့် ငွေကြေး၊ ကျောက်မျက်ရတနာစသည်တို့ကို သမီးတို့အား မင်္ဂလာခန်းဝင်ကြေးသဘောဖြင့် ပေးလေ့ရှိကြပါသည်။ (ဆရီလင်ကာ- ၂၀၁၅)

သီရိလင်္ကာဒေသတွင် အခြားတိုင်းနိုင်ငံများကဲ့သို့ပင် မင်္ဂလာခန်းဝင်ကြေးသည် မပြည့်စုံ မလုံလောက်ဟု ထင်ရသောအခါ မင်္ဂလာခန်းဝင်ကြေးနှင့် ဆက်စပ်မှုရှိသော အခက်အခဲများသည် ဖြစ်ပွါးလာနိုင်သည်။(Jaya- tilake, Danesh,Amirthalingam,Kopalapillai, ၂၀၁၅) (Marikar-၂၀၁၅)အရင်းအမြစ်တစ်ခုက သီရိလင်္ကာတို့သည် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်၊ နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်အတူ “မင်္ဂလာခန်းဝင်ကြေးနှင့်ဆက်စပ်၍ အဖြစ်များသည့် ပြဿနာပုံစံများမှာ ဖြိုဖျက်ခြင်း၊ ဥစ္စာများကို အတင်းလုယက်ခြင်း၊ အက်ဆစ်လောင်းထည့်ခြင်း၊ မိန်းမကို မီးရှို့ခြင်းနှင့် အခြားကြမ်းတမ်းသည့်ပုံစံများသာဖြစ်ကြသည်။ အပြစ်ကျူးလွန်သူများသည် အစာငတ်ထားခြင်း၊ အဝတ်ဗလာကျင်းထားခြင်း၊ နှင်ထုတ်ခြင်း၊ ခြောက်လှန့်သည့် နည်းလမ်းအားဖြင့် မှားယွင်းစွာ

အချုပ်ထဲပို့ဆောင်ခြင်းစသည့် နည်းလမ်းများကို အသုံးပြုချင် ပြုနိုင်ကြသည်။ သူတို့သည် ရံဖန်ရံခါ မင်္ဂလာခန်းဝင်ကြေး အလုံ အလောက် မပေးနိုင်ခြင်းကြောင့် မိန်းမများကို မီးရှို့ဖျက်ဆီးရန် သို့မဟုတ် သတ်ဖြတ်ရန် မိမိကိုယ်ကိုသေစေခြင်း သို့မဟုတ် တစ်စုံတစ်ရာအားဖြင့် မတော်တဆဟန် သေစေခြင်း စသည့် ဟန်ဆောင်မှုများကိုလည်း အသုံးပြုနိုင်ပါသည်။ (မင်္ဂလာခန်း ဝင်ကြေးနှင့်ဆက်စပ်သည့် အခက်အခဲပြဿနာများ၊ ၂၀၁၀ )

♥ ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ၏ရိုးရာယဉ်ကျေးမှုတွင် သတို့သမီးတန်ဖိုး ပေးဆောင် ရသည့်ထုံးတမ်းသည် ခိုင်ခိုင်မာမာ အမြစ်တွယ်လျက်ရှိသည်။ ထိုအရာက သတို့သမီး၏မိဘများအား ၎င်းတို့၏သမီးကို ကောင်း စွာ ပြုစုပျိုးထောင်ခြင်းအတွက် ရိုသေလေးစားမှုကိုဖြစ်စေသည်။ ထိုင်းယဉ်ကျေးမှုတွင် ငွေကြေးဆိုင်ရာ လုံခြုံမှု၏အရေးပါမှုတွင် သတို့သမီးတန်ဖိုး ပေးဆောင်ရခြင်းက ခင်ပွန်းသည် ယောကျ်ား သည် သူ၏ဇနီးမယားကို ပြုစုစောင့်ရှောက်နိုင်သည့်အစွမ်းသတ္တိ ရှိကြောင်းကိုလည်း ထင်ရှားမြင်သာစေသည်။

ထိုကဲ့သို့ အစပြုနိုင်ဖို့ရန်အတွက် ရွှေ ၂၄ ကရက်ကို စေ့စပ်ကြောင်း လမ်းခြင်းအတွက် သတို့သမီးအားပေးရပါသည်။ ထိုထက်သာ၍ များလျှင် ပို၍ပင်ကောင်းပါသည်။ သတို့သမီးတန်ဖိုးသည့် အမေရိကန်ဒေါ် လာ ၂၈၀၀ မှ ၂၈၀၀၀အတွင်း များပြားလှသော

နှုန်းထားကိုသတ်မှတ်ပြီး ငွေကြေးဖြင့်လည်း ပေးကမ်းနိုင်ပါသည်။ နှုန်းထားမှာ မိန်းမ၏ပညာတတ်မှု၊ အလုပ်အကိုင်နှင့် လူနေမှု နောက်ခံသမိုင်းအပေါ် အခြေခံ၍ ဆုံးဖြတ်သတ်မှတ်ကြသည်။ တက္ကသိုလ်တက်ရောက်သည့် အလယ်အလတ်တန်းစား မိန်းမ တစ်ယောက်သည် အမေရိကန်ဒေါ်လာ ၂၈၀၀ မှ ၈၅၀၀ ကြား တန်ဖိုးရှိသည်။ သူသည် အရင်က လက်ထပ်ခဲ့ပြီး သားသမီးများ ရှိခဲ့လျှင် တန်ဖိုးသည် လျော့ကျသွားနိုင်ပါသည်။ သတို့သမီးတန်ဖိုး မှာ သဘာဝအားဖြင့် သင်္ကေတတစ်ခုဖြစ်လေ့ရှိပြီး လက်ထပ် မင်္ဂလာပွဲ ကျင်းပသည့်အချိန်အတွင်း ပေးဆောင်ရမည်ဖြစ်ပြီး နောက်ပိုင်းတွင် လက်ထပ်ထိမ်းမြားသောစုံတွဲအား ဘဝသစ်ကို အတူတကွအစပြုကြသည်ကိုအကူအညီပေးရန် ဖြစ်သည်။ (ထိုင်းနိုင်ငံရှိ မင်္ဂလာခန်းဝင်ကြေး၊ ၂၀၁၅ ) အချို့သောကိစ္စရပ်များ တွင် မြင့်မားသည့် အဆင့်အတန်းရှိ မိန်းမတစ်ယောက်သည် သတို့သမီးတန်ဖိုးကို အမေရိကန် ၃၀၀၀၀၀ (သတို့သမီးတန်ဖိုး၊ ၂၀၀၉ ) သို့မဟုတ် ၅၀၀၀၀၀ အထိပင်လက်ခံရယူနိုင်သည်။ (Chomchuen- ၂၀၀၈)

ထိုင်းနိုင်ငံတွင်နေထိုင်သော တာမီးလ်လူမျိုးများကြားတွင် သူတို့ သည် မင်္ဂလာခန်းဝင်ကြေးကို ယောကျ်ား၏မိသားစုကို ပေးကြ သည်။ ဖြစ်နိုင်လျှင် ထိုသို့ပေးရာတွင် အနာဂတ် သူတို့သမက် ကောင်းစားရေးကို မျှော်မှန်းလျက် အဖိုးတန်သည့်ကားများ စသဖြင့် ပေးကမ်းသည်။ သူတို့သည် ၎င်းတို့၏အသက်တာ

အတွင်း ခြိုးခြံစီစစ်လျက်အသက်ရှင်မှုမရှိလျှင် သတို့သမီး၏ မိဘများသည် ၎င်းတို့၏သမီး မင်္ဂလာဆောင်နှင်းရန်အတွက် လုံလောက်သည့် ငွေကြေးမရှိဘဲ ဖြစ်နိုင်သည်။ ဤမင်္ဂလာခန်း ဝင်ကြေးနည်းစနစ်၏အဓိကပန်းတိုင်မှာ မိန်းမ၏မိဘအိမ်မှာ သူမနှင့်သူမခင်ပွန်း၊ မိဘများထံသို့ လွှဲပြောင်းပေးလိုက်ရခြင်း ပင်ဖြစ်ပါသည်။ (Ranjit-၂၀၀၀)

လက်ထပ်ထိမ်းမြားခြင်းနှင့် မိသားစုဆက်နွယ်မှုများနှင့် ပတ်သက်သည့် စာအုပ်တစ်အုပ်က ထိုင်းနိုင်ငံတွင် လင်မယား ပြဿနာသည် သတို့သမီးတန်ဖိုးနှင့် ဆက်စပ်၍ ကျေးလက်ဒေသ များတွင် ပြဿနာဖြစ်နေပါသည်ဟု တင်ပြထားသည်။ ယောကျ်ား များသည် မိန်းမများထက် မိမိသည်သာ မြင့်မြတ်သောသူများ ဖြစ်သည်ဟုထင်မှတ်ကာ ဇနီးမယားနှင့်သားသမီးများသည် လင် ယောကျ်ား၏အခွင့်အာဏာအောက်တွင် နေကြရမည်ဟု ခံယူကြ ကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် အိမ်ထောင်ရေး အကျပ်အတည်းသည် မိသားစုပြဿနာ၏ အဓိက ဖြစ်ပါသည်။ (Chao- ၂၀၀၂)

♥ ဗီယက်နမ်နိုင်ငံ

ဗီယက်နမ်နိုင်ငံတွင် သတို့သမီးတန်ဖိုးသည် ကာလ ကြာရှည် စေ့စပ်ဆွေးနွေးခြင်းအမှုကို ပြုပြီးနောက်တွင် ဖြစ်ပေါ်လာသည်။ ဤသည်မှာ ၎င်းတို့၏ရိုးရာယဉ် ကျေးမှုရှုထောင့်၏ အရေးကြီး

သည့်အချက်တစ်ခုဖြစ်သော်လည်း ယခုတွင်မူ ထိုမျှလောက် အရေးမပါတော့ဘဲ စေတနာအလျောက်ပေးဆောင်ခြင်းသာ ဖြစ်သည်။

တောင်ဗီယက်နမ် ကွန်မြူနစ်အစိုးရသည် တောင်ပိုင်းနှင့် မြောက်ပိုင်း ပေါင်းစည်းလာပြီး နောက်တွင် တောင်ဗီယက်နမ်တွင် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ပေးရသည့် ဓလေ့ကို ဖယ်ထုတ်ရန် ကြိုးစားအားထုတ်ခဲ့ကြသော်လည်း မြောက်ပိုင်းတွင် အောင်မြင်မှုရ ရှိသည့်ပေါ်လာစီသည် တောင်ပိုင်းတွင် အဆင်ပြေမှု လုံးဝမရှိပါ။ ဥစ္စာဓနပေါကြွယ်ဝမှု၏ အကျိုးဆက်များကြောင့် သတို့သမီးတန်ဖိုးသည် ပေးဆောင်ရသည့်ဓလေ့သည် ပြန်လည်ဦးမော့လာပြီး ယေဘုယျအားဖြင့် လက်ထပ်မင်္ဂလာစားသောက်ပွဲအတွက်လိုအပ်သည့် ရံပုံငွေကိုရှာဖွေသည့် နည်းလမ်းအဖြစ် အသုံးပြုလာကြပါသည်။ (Teerawichitchainan, Bussarawan, Knodel- ၂၀၁၁)

အရင်းအမြစ်တစ်ခုက “ဗီယက်နမ်နိုင်ငံ၏ အချို့သောနေရာဒေသများတွင် သတို့သမီးမိသားစုက သတို့သားမိသားစုအားဆုလဒ် လက်ဆောင်အနေဖြင့် တောင်းခံခြင်းသည် ပြန်လည်ထွက်ပေါ်လာကြောင့် သက်သေအထောက်အထားက ဖော်ပြသည်၊ သတို့သမီးတန်ဖိုး တောင်းဆိုခြင်းက လက်ထပ်မင်္ဂလာပွဲနှင့်မိန်းမ၏ဆွေမျိုးများအတွင်း တင်းမာမှုများကို ဖန်တီးယူနိုင်ပါ

သည်။ သတို့သမီးကို သတို့သားနှင့်၎င်း၏မိသားစုက ဝယ်ယူ ထားသည် ဟူသောအချက်က စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ အလွဲသုံးစား လုပ်ဆောင်မှုအောက်တွင် အိမ်မှုတာဝန်များကို လုပ်ဆောင်ရန် တွန်းအားပေးသည့် ပုံစံမျိုးရှိသည့် လူသုံးကုန် ပစ္စည်းအဖြစ် သူမအပေါ် ရှုမြင်သည့်အမြင်မျိုး ရှိလာသည်။ သို့ရာတွင် လက်ထပ်ပြီး ညားခါစ ဇနီးမောင်နှံစုံတွဲတို့သည် မင်္ဂလာပွဲ ဆုလက်ဆောင်များ ဝယ်ယူမှုတွင် အသုံးပြုခဲ့သော အကြွေးများကို ခင်ပွန်းသည်၏မိဘများအား ပြန်လည်ပေးချေ ရန် တာဝန်ရှိကြပြီး မိန်းမသည် ငွေကြေးပြဿနာ၏အရင်းအမြစ် အဖြစ် မှတ်ယူကာ မကြာခဏဆိုသလို အပြစ်တင်တတ်ကြပါသည် ဟု ဖော်ပြထားပါသည်။ (Bourke-Martignoni- ၂၀၀၁)

**ဤထုံးတမ်းစဉ်လာ၏ကောင်းကျိုးများ**

ဤခေါင်းစဉ်ကို စူးစမ်းလေ့လာသောအခါ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးနည်းစနစ်များ၏ ကောင်းသောအချက်များသည် အထင်အရှားဖြစ်လာပါသည်။ မတူညီသော တိုင်းနိုင်ငံတို့ကို လေ့လာ ဆည်းဖူးပြီးနောက် ထိုသို့သောနည်းစနစ်များကို ကျင့်သုံးခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူး များစွာအကြောင်းကို အောက်တွင် တင်ပြ ထားပါသည်။

သတို့သမီးတန်ဖိုးကိုပေးခြင်းအားဖြင့် ၎င်းက၊

- ယောက်ျားနှင့်သူ၏မိသားစုသည် သတို့သမီးသစ်အား ငွေကြေးတွင်ထောက်ပံ့နိုင်သည်ကို ထင်ရှား စေနိုင်သည်။ (လာအိုလူမျိုး၏ မင်္ဂလာခန်းဝင်ကြေးအကြောင်းကို နားလည်သဘောပေါက်ခြင်း၊ ၂၀၁၂) (သတို့သမီးတန်ဖိုး၊ ၂၀၀၉ )

- ပေးရမည့်နှုန်းထားမှာ ယောက်ျားက ၎င်း၏အနာဂတ် သတို့သမီးအားလေးစားသမှုပြုလျက် အဘယ်မျှလောက် မြတ်နိုးတန်ဖိုးထားမည်ဟူသောအချက်ဖြင့် ဖော်ပြထားနိုင်သည်။ (ဟုမ်းထုံးတမ်းဓလေ့မင်္ဂလာဆောင်ပွဲ၊ ၂၀၁၁)

- ယောက်ျားနှင့်၎င်း၏မိသားစုသည် လက်ထပ်မင်္ဂလာကို အလေးအနက်ထားကြောင်း သတို့သမီး၏မိသားစုကို ပြသနိုင်ပါသည်။ (Makerere University Medical School-၂၀၀၅)

- ယောက်ျားနှင့် ၎င်း၏မိသားစုသည် သူမ၏မိဘများ၊ နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်လာခြင်းများနှင့် ထိုသို့ပြုစုပျိုးထောင်ရာတွင် လိုအပ်သည့် ကုန်ကျစရိတ်အားလုံးအတွက် ကြိုးစားအားထုတ်မှုအားလုံးကို အသိအမှတ်ပြုပါကြောင်း အနာဂတ်သတို့သမီး၏မိသားစုအား ပြသနိုင်ပါသည်။ (Mony-၂၀၀၈)

- သတို့သမီးသည် မိသားစုကို ကျောခိုင်းထွက်ခွါလာတော့မည်ဖြစ်၍ မိသားစုတွင် သူမကိုယ်တိုင်နှင့် ၎င်း၏အကူအညီမရနိုင်တော့သဖြင့် အနာဂတ် သတို့သမီးမိသားစုကို ကူညီနိုင်သည့် နည်းလမ်း

လည်းဖြစ်ပါသည်။(ဟုမ်းလူမျိုးများလက်ထပ်မင်္ဂလာဆောင်နှင်း ခြင်းထုံးစံ၊ ၂၀၁၁ )

- ခင်ပွန်းသည် အသက်ဆုံးရှုံးမှု သို့မဟုတ် ကွာရှင်းပြတ် စဲခြင်းတို့ ရှိသောအခါ သတို့သမီးအတွက် အနာဂတ်လုံ ခြုံမှုရှိစေရန် ကူညီ ပေးသည်။(သတို့သမီးတန်ဖိုး၊ ၂၀၀၉)

- စုံတွဲသစ်တစ်တွဲအား ဘဝသစ်ကိုအစပြုဖို့ရန် ဤသည်ကိုပေးရာ တွင် စုံတွဲသစ်အတွက် အကူအညီဖြစ်ပါသည်။ (ဟုမ်းလူမျိုးတို့၏ လက်ထပ်မင်္ဂလာပွဲထုံးတမ်းဓလေ့၊ ၂၀၁၁) (သတို့သမီးတန်ဖိုး၊ ၂၀၀၉ )

- လက်ထပ်မင်္ဂလာလုပ်ဆောင်ခြင်းနှင့်ဆုလဒ်များအားဖြင့် ဆက် နွယ်မှုရှိလာမည့်မိသားစုနှစ်ခုကို ပေါင်းစည်းခြင်းပြုရာတွင် အကူ အညီပေးသည်။ (Birx- ၂၀၀၆)

မင်္ဂလာခန်းဝင်ကြေးပေးခြင်းအားဖြင့်၊ ၎င်းက-

- သတို့သမီးကို စောင့်ရှောက်မည့် ခင်ပွန်းကောင်းတစ်ဦးကို လုံခြုံ စေပြီး မတော်မတန် သူ၏သေခြင်း သို့မဟုတ် လမ်းခွဲကွာရှင်းခြင်း ကိစ္စတွင် မင်္ဂလာခန်းဝင်ပစ္စည်းပိုင်ဆိုင်သူကို အကူအညီပေးနိုင်သည်။ (Dasgupta-၁၉၉၁) (မင်္ဂလာခန်းဝင်ကြေးပိုင်ဆိုင်သူ- ၂၀၁၅ )

- ယေဘုယျအားဖြင့် နိမ့်ကျသောကွာရှင်းပြတ်စဲခြင်းနှင့် မိန်းမ အများယူသည့်တန်ဖိုးတွင်အကျိုးသက်ရောက်စေပြီး( Anderson လုပ်ဖော်ဆောင်ဖက်နည်းပြ၊ အီးမေးလ်- ၂၀၁၅) ယင်းမှာ သတို့သမီး နှင့်၎င်း၏ခင်ပွန်းတို့သည် ပိုမိုလိုက်ဖက် ညီစေကောင်း ညီစေနိုင်သည့် အချက်များကြောင့်ဖြစ်နိုင်သည်။ (ပညာရေး၊ လူမှုရေးပြယုဂ်၊ ငွေကြေးပြယုဂ် )

- သတို့သမီးအား မင်္ဂလာခန်းဝင်ကြေးကို လက်ခံရရှိသည့် ယောက္ခမ က ပိုမိုလက်ခံပြီး ရိုသေလေးစားမှုရှိသည်ဟူသော ခံစားမှုမျိုးတွင် အကူအညီပေးသည်။ (Leder, Chandramukhee, Stephanie-၂၀၁၃)

- လက်ထပ်မင်္ဂလာလုပ်ဆောင်ခြင်းနှင့်ဆုလဒ်များအားဖြင့် ဆက်နွယ် မှုရှိလာမည့်မိသားစုနှစ်ခုကို ပေါင်းစည်းခြင်းပြုရာတွင် အကူအညီ ပေးသည်။ (Birx- ၂၀၀၆)

**ဤထုံးတမ်းစဉ်လာ၏ဆိုးကျိုးများ**

သတို့သမီးတန်ဖိုးနှင့်မင်္ဂလာခန်းဝင်ကြေးပေးရသည့် နည်းစနစ်များ လုပ်ဆောင်ခြင်းကိုရှာဖွေတွေ့ရှိခြင်းကို ထပ်မံပေါင်းလိုက်လျှင် အဆိုး မြင်သဘောတရားများလည်း ပါဝင်ပါသည်။ သို့ရာတွင် ထိုအချက်များ ကို စာရင်းလုပ်ဆောင်ပြီးသောအခါ ဤနည်းစနစ်၏ အကျိုးသက် ရောက်မှုက ဆင်းရဲချို့တဲ့သူများ၊ အလယ်အလတ်တန်းစားများ၊ ချမ်းသာ ကြွယ်ဝသူများကို မတူခြားနားစွာ ထိခိုက်ကြောင်း အချက်အလက် ကို တင်ပြမည်။ ချမ်းသာကြွယ်ဝသောသူများအတွက်မူ၊ အောက်တွင်

ဖော်ပြထားသော ဆိုးကျိုးအချို့မှာ သူတို့သည် သတို့သမီးတန်ဖိုး သို့မဟုတ် မင်္ဂလာခန်း ဝင်ကြေးတစ်ခုခုနှင့်ဆိုင်သော တောင်းဆိုမှုကို ဖြည့်ဆည်းလုပ် ဆောင်နိုင်သည်ဖြစ်၍ အကြောင်းရင်းတစ်ခုတော့ မဟုတ်ပါ။ အလယ်အလတ် တန်းစားများအတွက်မူ အကျိုးသက်ရောက်မှုဟူသည်မှာ ၎င်းတို့၏ငွေကြေး အခြေအနေပေါ်တွင် မူတည်နေပါသည်။ သူတို့သည် အကျိုးခံစားသောသူ သို့မဟုတ် ပေးရန်တာဝန်ရှိသောသူ ဖြစ်နိုင်ပါသည်။ နားလည်ထားရမည့်အချက်မှာ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးသည် ဆင်းရဲချို့တဲ့သော မိသားစုအသိုင်းအဝန်းများကို အများအားဖြင့် ထိခိုက်မှုဖြစ်ပါသည်။ ဤစာအုပ်တွင် အဓိက ဦးတည်ထားသော နိုင်ငံများတွင်ရှိသော အဓိကမြို့တစ်ခုချင်းစီ၏ ပျှမ်းမျှဝင်ငွေကို ဆင်ခြင်ကြည့်သောအခါ ငွေကြေးဒုက္ခသည် ဤနိုင်ငံ၏ အများဆုံးနေရာများတွင် ပျှမ်းမျှ မိသားစုများကို ကြီးကြီးမားမား ထိခိုက်စေလိမ့်မည်။ အောက်တွင် ဖော်ပြထားသည့်ဇယားကွက်ကို ကျေးဇူးပြု၍ လေ့လာကြည့်ပါ။

| ကမ္ဘာ့ချမ်းသာမှုအဆင့် သတ်မှတ်ချက် (၁၈၅ နိုင်ငံ အမြင့်ဆုံးမှ အနိမ့်ဆုံး | နိုင်ငံ | တစ်ဦးချင်း တစ်နှစ် ပျမ်းမျှ ဝင်ငွေ | စာရင်းကောက်သည့် ခုနှစ် |
|---|---|---|---|
| ၄၆ | မလေးရှား | ၂၃၃၃၈ | ၂၀၁၃ |
| ၇၆ | ထိုင်း | ၁၄၃၉၄ | ၂၀၁၃ |
| ၉၆ | သီရိလင်္ကာ | ၉၇၃၈ | ၂၀၁၃ |
| ၁၂၄ | အိန္ဒိယ | ၅၄၁၈ | ၂၀၁၃ |
| ၁၂၆ | ဗီယက်နမ် | ၅၂၉၄ | ၂၀၁၃ |
| ၁၂၉ | လာအို | ၄၈၂၂ | ၂၀၁၃ |
| ၁၃၄*** | မြန်မာ | ၄၇၅၂ | ၂၀၁၄ |
| ၁၄၄ | ကမ္ဘောဒီးယား | ၂၉၄၈ | ၂၀၁၃ |

ကိုးကားချက်။ မှန်ကန်သောအချက်အလက်ပေါ်အခြေခံ၍ ကမ္ဘာ့ဘဏ် (၂၀၁၁-၂၀၁၄ ) မှဖြစ်သည်။ (နိုင်ငံစာရင်းကို ဂျီဒီပီ (ပီပီပီ) ပါကစ်ပီတာ- ၂၀၁၅ ဖြစ်သည်။)

*ဂျီဒီပီ/ကစ်ပီတာ-အရင်းအနှီးတစ်ခုချင်းတွင် ယေဘုယျမိသားစုထုတ်ကုန်သည် လူဦးရေကိုအခြေခံပြီး နိုင်ငံတော်ထုတ်လုပ်ပေးနိုင်မှုကို ခွဲခြမ်းစိတ်ဖြာလျက် နိုင်ငံတစ်ခုအတွင်းအသက်ရှင်နေထိုင်သောလူတစ်ဦး၏ ပျမ်းမျှဝင်ငွေပင်ဖြစ်သည်။

**”Int$”—“နိုင်ငံတကာဒေါ်လာတစ်ခုသည် ကိုးကားထားသောတိုင်းပြည်တွင် တူညီသောတန်ဖိုးရှိသည့် ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို ဝယ်ယူလိမ့်မည်။ အမေရိကန်ဒေါ်လာတစ်ခုသည် အမေရိကန်ပြည်ထောင်စုတွင် ဝယ်ယူမှုကိုပြုမည်။” (“နိုင်ငံတကာဒေါ်လာ”ဟူသည်မှာအဘယ်နည်း- ၂၀၁၅ )

***မြန်မာနိုင်ငံအတွက် သတ်မှတ်ထားသောသတင်းအချက်အလက်ကို၂၀၁၁-၂၀၁၄ ကမ္ဘာ့ဘဏ်စာရင်းတွင်မရှိသည်ဖြစ်၍ နိုင်ငံတကာငွေကြေးရံပုံငွေမှစီမံကိန်းအချက်အလက်နှင့်ဆိုင်သောထင်မြင်ယူဆချက်အပေါ်တွင် အခြေခံထားသည်။ (နိုင်ငံစာရင်းကိုဂျီဒီပီ(ပီပီပီ)ပါကစ်ပီတာ- ၂၀၁၅ မှပြုစုသည်။) အရင်းနှစ်ခု၏အချက်အလက်များကိုနှိုင်းယှဉ်နိုင်ပါသည်။

မိသားများတွင် ထိုကဲ့သို့နိမ့်ပါးသောဝင်ငွေကိုနှစ်တိုင်းရရှိပြီး သတို့သမီးတန်ဖိုး၊ မင်္ဂလာခန်းဝင်ကြေးအတွက် ထောင်ပေါင်းများစွာသောဒေါ်လာ ပေးဆောင်ရန် ရှိသည့်အချိန်တွင် အလွန်ပင် ကုန်ကျစရိတ်များလွန်းသည်ကို နားလည်သဘောပေါက်ရပေမည်။ ဤသည်မှာ လူများစွာအတွက် ဝန်ထုတ်ဝန်ပိုးကြီး ဖြစ်ရသည့်အကြောင်းတရားပင် ဖြစ်ပါသည်။ ဤသို့သော နည်းစနစ်များ၏ ဆန့်ကျင့်ဘက် အားနည်းချက်များကို အောက်တွင် ဖော်ပြထားပါသည်။

သတို့သမီးတန်ဖိုးကျင့်သုံးသည့်စနစ်သည်

- ဆင်းရဲချို့တဲ့သောမိသားစုများအတွက်၊အထူးသဖြင့် သား[၂] များစွာမွေးဖွါးသောမိသားစုများသည် တစ်ဦးချင်း သို့မဟုတ် သူတို့အထဲက တစ်ဦးဦးသည် ဇနီးမယား ရှာမတွေ့နိုင်ခြင်း၊ သူတို့ကိုဆင်းရဲချို့တဲ့စေခြင်းအားဖြင့် အခက်အခဲများကို ဖြစ်စေနိုင်ပါသည်။

- သူတို့သည် ဤအရာကို နှစ်ပေါင်းများစွာပေးချေနေရလျှင်၊ သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးကြီးချထားသောအကြွေးများကို ပေးဆောင်နေရလျှင် မိသားစုဘဝအသက်တာများကို အခက်အခဲဖြစ်စေနိုင်ပါသည်။

---

[၂] ဤသည်မှာ ဆင်းရဲချို့တဲ့သော မိသားစုများသည် များစွာသော သတို့သမီးတန်ဖိုးပေးချေရခြင်းကို ကြိုးစားလုပ်ဆောင်နိုင်ခြင်းမရှိဟူသောအချက်တွင် သက်ရောက်မှုရှိသည်။ (မင်္ဂလာခန်းဝင်ကြေး ပေးရခြင်းက ဆင်းရဲသောမိသားစု၊ တိတိကျကျပြောရလျှင် သမီးများစွာ မွေးရသောမိသားစုအား ထိခိုက်နစ်နာစေသည်ဓ (Alston-၂း၁၅)

- လက်မထပ်မှီကိုယ်ကာယရင်းနှီးကျွမ်းဝင်မှုနှင့် ကလေးမွေးဖွါးခြင်းသို့ ဦးတည်စေနိုင်သော တောင်းဆိုမှုကိုပေးဆောင်နိုင်ခြင်းမရှိလျှင် ကြာရှည်စွာနေထိုင်ခြင်းကိုဖြစ်စေနိုင်ပါသည်။( Walker -၂၀၁၅ )

- မိန်းမအား ခင်ပွန်းသည်၏အိမ်၊ သို့မဟုတ် မိသားစုတွင် အခွင့်အရေးနည်းပါးသော/ လုံးဝမရှိပိုင်ဆိုင်ထားသောအရာ၊ ကျေးကျွန်တစ်ယောက်အဖြစ် ထင်မြင်ယူဆစေပါသည်။( Lemoine-၂၀၁၂)

- လင်ယောကျ်ားအား မိန်းမအပေါ် မြင့်မြတ်သောသူဖြစ်စေသည်။ အကြောင်းမှာ သူသည် သူမအတွက် တန်ဖိုးကို ပေးချေရသည်။ (ထန်း၊ သင်းအုပ်၊ အီးမေးလ်၊ ၂၀၁၅) (သတို့သမီးတန်ဖိုး၊ ၂၀၀၉ )

- မိန်းမသည် မိမိကိုယ်ကိုအဆုံးစီရင်မှုအတွက် အထောက် အကူဖြစ်စေနိုင်သည့် မိသားစု၏ပိုင်ဆိုင်ထားသောအရာ ပစ္စည်းဖြစ်သည်ဟု မှတ်ယူထားသောကြောင့် ခင်ပွန်းသည်နှင့် သို့မဟုတ် ၎င်း၏မိသားစုက ဒုက္ခပြဿနာ၏အရင်းအမြစ်ဟု သတ်မှတ်ကြသည်။ (Alston-၂၀၁၅) ( Chawla- ၂၀၁၀)

- အနာဂတ်သတို့သမီး၏မိသားစုသည် ဤကိစ္စမှအကျိုးကို ရရှိလိုလျှင် လောဘကို ဖန်တီးလိုက်သည်။ (SesapZai-၂၀၁၂)

- သတို့သမီးတန်ဖိုးကို အပြည့်အဝ မပေးနိုင်လျှင် ခါးသီးမှုကိုဖြစ်စေသည်။

- သူ့မိသားသည် ၎င်းကို အပြည့်အဝ လုပ်ဆောင်နိုင်ခြင်းမရှိလျှင် စုံတွဲအား လက်ထပ်ထိမ်းမြားခြင်းမပြုဘဲ အတူတကွနေထိုင်ရန် ဖြားယောင်းသည်။ (Cunningham-၂၀၁၅)

- ယောက်ျားသည် သတို့သမီးတန်ဖိုးကိုမပေးနိုင်သဖြင့် မိန်း မ၏မိဘများက ၎င်းနှင့်သားသမီးများကို ခေါ်ဆောင်သည့် အချိန်တွင် ကွဲပြားသောမိသားစုများကို ဖြစ်စေပါသည်။ ထန်း၊ သင်းအုပ်၊ ၂၀၁၅)

- လုံလောက်သောငွေကြေးဖြင့် အခြားမိန်းမတစ်ယောက်ကို ရှာဖွေသည်ဖြစ်၍ မိန်းမအများယူခြင်း၏ အကြောင်းတရားကိုဖြစ်စေသည်။ (Anderson-၂၀၀၇)[၃] (နည်းလမ်းများနှင့်အတူရှိသောသူများအတွက်ဖြစ်သည်။)

- မိန်းမများကို ပိုင်ဆိုင်သောအရာအဖြစ်သာ သတ်မှတ်လျှင် ကွာရှင်းပြတ်စဲခြင်းကိုဖြစ်စေသည်။ (Anderson-၂၀၀၇ )[၄] (နည်းလမ်းများနှင့်အတူရှိသောသူများအတွက်)

[၃] "သတို့သမီးတန်ဖိုးကို အသုံးပြုထားခြင်းသည် မိန်းမအများယူခြင်း (ယောက်ျားတွင်မိန်းမတစ်ဦးထက်မက ယူခြင်း)နှင့် ကွာရှင်းပြတ်စဲမှုဖြစ်နိုင်ခြင်းနှင့်အတူ အပြန်အလှန် နှီးနွှယ်ရန် အကြံအစည်ရှိသည်။ နှိုင်းယှဉ်မှုတစ်ခုကိုပြုသော မိန်းမတစ်ဦးတည်းယူခြင်းသည် ပုံမှန်သဘောဖြစ်သဖြင့် မင်္ဂလာဝန်ဝင်ကြေး ပေးရသည့် အသိုင်းအဝိုင်းတွင် ကွာရှင်းပြတ်စဲရန် ခက်ခဲသည်။ သာဓကေအားဖြင့် ဆိုသော် သတို့သမီးတန်ဖိုးသည် အာဖရိကနယ် ပယ်ဆဟာရမ်တွင် အာလုံးလိုလိုက ကျင့်သုံးကြပါသည်။ ၎င်းနေရာမှာ ၉၅ ရာခိုင်နှုန်းသောသူတို့သည် ယဉ်ကျေးမှုအရ မိန်းမအများယူကြသည်။ (ဂွက်တီ-၁၉၇၃)" (Anderson -၂၀၀၇)

[၄] ၎င်း။

မင်္ဂလာခန်းဝင်ကြေးပေးရသည့်နည်းစနစ်က

- မိန်းကလေးများအာ ပညာအဆင့်အတန်း အနည်းငယ်ဖြင့် လက်ထပ်ထိမ်းမြားခြင်းကိုဖြစ်စေသည်။ အကြောင်းမှာ မိန်းမငယ်လေး လက်ထပ်ထိမ်းမြားလျှင် မင်္ဂလာခန်းဝင်ကြေး အနည်းငယ်သာ ပေးရသည်။(Gerntholtz-၂၀၁၅)၊ (Shahid-၂၀၁၂)

- မင်္ဂလာခန်းဝင်ကြေးကိုနှစ်ပေါင်းများစွာကြာပေးချေနေရလျှင် သို့မဟုတ် မိသားစုအပေါ် ဝန်ထုတ်ဝန်ပိုး ဖြစ်စေနိုင်မည့် အကြွေးကိုရယူပြီး တစ်ခါတစ်ရံ သူတို့ကို ဆင်းရဲချို့တဲ့စေလျှင် မိသားစုများအတွက် အခက်အခဲများကိုဖြစ်စေပါသည်။ (သတို့သမီးလောင်ကျွမ်းခြင်း၊ ၂၀၁၅)၊(Cunnin-gham- ၂၀၁၅)

- လက်မထပ်မှီ ကိုယ်ကာယရင်းနှီးကျွမ်းဝင်မှုနှင့် ကလေးမွေးဖွါးခြင်းသို့ဦးတည်စေနိုင်သော တောင်းဆိုမှုကိုပေးဆောင်နိုင်ခြင်း မရှိလျှင် ကြာရှည်စွာ နေထိုင်ခြင်းကို ဖြစ်စေနိုင်ပါသည်။ ( Walker - ၂၀၁၅ )

- တစ်ဦးချင်းစီအတွက် လင်ယောက်ျားကိုရှာဖွေဖို့ လုံးဝမဖြစ်နိုင်သဖြင့်၊ တခါတရံ သူတို့ကိုဆင်းရဲချို့တဲ့စေသည် လည်းဖြစ်နိုင်ပြီး (Anderson- ၂၀၀၇) သမီးများစွာမွေးဖွါး ပြီး ဆင်းရဲချို့တဲ့သော မိသားစုများကို အခက်အခဲဖြစ်စေပါသည်။( Alston-၂၀၁၅)

- ယောက်ျား၏မိသားစုသည် ဤကိစ္စမှအကျိုးကို ရရှိလိုသောအခါ လောဘကိုဖြစ်စေသည်။(Bhalla-၂၀၁၄)

- မင်္ဂလာခန်းဝင်ကြေးကို ပေးပြီးနောက် ငွေကြေးများစွာကို တောင်းဆိုသောအခါ လောဘကိုဖြစ်စေသည်။ (သတို့သမီးလောင်ကျွမ်းခြင်း၊ ၂၀၁၅)

- ခင်ပွန်းသည်များနှင့် ၎င်းတို့၏မိသားစုက ပိုင်ဆိုင်သောပစ္စည်းအဖြစ်သာမှတ်ယူထားလျှင် မိန်းမများကိုဆန့်ကျင်သည့်ရက်စက်မှုကိုဖြစ်စေမည်။(Anderson-၂၀၀၇)(Chao-၂၀၁၂)

- မင်္ဂလာခန်းဝင်ကြေး ပေးနိုင်ခြင်းမရှိလျှင် သို့မဟုတ် ငွေကြေးလောဘတက်သဖြင့် ထိုက်တန်သည်ထက် ပိုမိုတောင်း ခံခြင်းများကိုမပေးနိုင်လျှင် ရိုက်ပုတ်ခြင်း၊ နှိပ်စက်ခြင်း၊ အက်ဆစ်တိုက်ခိုက်ခြင်း၊ သတို့သမီးလောင်ကျွမ်းခြင်း၊ အဆိပ်သတ်ခြင်း၊ သတို့သမီးကို နည်းလမ်းမျိုးစုံနှင့် နှိပ်စက်ခြင်းအတွက် အပြောင်းအလဲဖြစ်စေသည်။(မင်္ဂလာခန်းဝင်ကြေး-၂၀၁၅) (ဘင်္ဂလားဒေ့ရှ်မင်္ဂလာခန်းဝင်ကြေးနှင့်ဆိုင်သော ကြမ်းတမ်းမှုသည် မလျော့သည့်အခြေအနေသို့ ဆက်လက်ဖြစ်ပေါ်သည်-၂၀၁၅)(Alston-၂၀၁၅)(Chawl-a-၂၀၁၀) (မင်္ဂလာခန်းဝင်ကြေးသည် သတို့သမီးအတွက် အသက်တာကို တိုးပွါးစေသလား။ ဘင်္ဂလားဒေ့ရှ်ကျေး လက်ဒေသတွင် မင်္ဂလာခန်းဝင်ကြေးနှင့်ဆိုင်သည့် သေတမ်းစာဖြင့်ပေးသည့်အမွေစစ်ဆေးချက်၊ ၂၀၀၄)

- ငွေကြေးသက်သက်ကို မလိုလားသော အမျိုးသမီးကို လက်ထပ်ရန် မသင့်လျော်သော လှုံ့ဆော်မှုတစ်ခုကို ဖန်တီးသည်။ ( Sharma-၂၀၀၄)၊ (Shuani-၂၀၁၅)

- သူမအတွက် တစ်ရက်တည်းပေးသည့် မင်္ဂလာခန်းဝင်ကြေးကို မတတ်နိုင်လျှင် သားဖျက်ချခြင်းနှင့် သို့မဟုတ် မိန်းကလေး ကလေးငယ်များသတ်မှုအတွက် မိဘများက လှုံ့ဆောင်မှုပေးနိုင်သည်။ (Bhalla-၂၀၁၄) (အစ္စလမ် မင်္ဂလာခန်းဝင်ကြေး-၂၀၁၅) (Anderson-၂၀၀၇)

- သူမ၏မိဘများက မင်္ဂလာခန်းဝင်ကြေးကိုမပေးနိုင်လျှင် လက်မထပ်ရသေးသော မိန်းမသည် ၎င်း၏အသိုင်းအဝန်းမှ ရှောင်ရှားခြင်းကိုခံရစေပါသည်။ ထို့ကြောင့် သူမနှင့် ၎င်း၏ မိသားစုကို အရှက်တကွဲအကျိုးနည်းစေပါသည်။ (Alston-၂၀၁၅) (မင်္ဂလာခန်းဝင်ကြေးနှင့် ပါတ်သက်ပြီး ညီအစ်မလေးယောက်က မိမိကိုယ်ကိုသတ်သေကြသည်- ၂၀၁၃)

- သူမ၏မိသားစုက မင်္ဂလာခန်းဝင်ကြေးကိုမပေးနိုင်လျှင် စုံတွဲများအား လက်မထပ်ဘဲ အတူတကွ ပေါင်းသင်းနေထိုင်ခြင်းကို ဖြစ်စေသည်။ (Cunningham-၂၀၁၅)

## သမ္မာကျမ်းစာက ပေးသောအဖြေ[၁]

နိဒါန်း

ဤအပိုင်း၏ အဓိကဦးတည်ချက်မှာ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးကို သမ္မာကျမ်းစာရှုထောင့်မှကြည့်ရှုပြီး ဤအကြောင်းအရာများကို သင့်လျော်သည့် သမ္မာကျမ်းစာ သဘောတရားအတိုင်း အသက်တာတွင် လက်တွေ့အသုံးချဖို့ ကြိုးစားအားထုတ်မည်ဖြစ်သည်။ သို့ရာတွင် အဆီးအတားတစ်ခုမှာ သမ္မာကျမ်းစာက ဤခေါင်းစဉ်နှင့်ပတ်သက်ပြီး တိုက်ရိုက်ပြောဆိုထားခြင်း မရှိပါ။ ဤသည်မှာ အလွန်ပင် ခက်ခဲသောလုပ်ငန်းဖြစ်သည်ဟုလည်း ကျွန်ုပ်ဝန်ခံခဲ့ပြီးပါပြီ။

ဤအကြောင်းအရာနှင့်ပါတ်သက်ပြီး ကျွန်ုပ်တို့၏ စာရွက်စာတမ်းမှာ ခရစ်ယာန်ရှုထောင့်အားဖြင့်သာ ကြည့်ရှုရမည်ဖြစ်ပြီး သမ္မာကျမ်းစာထဲတွင် အနည်းငယ်မျှသာ တွေ့ရသည်။ သတို့သမီးတန်ဖိုးနှင့်ပါတ်သက်ပြီး သမ္မာကျမ်းစာကလည်း လက်သင့်ခံ သဘောတူညီနေသည်အကြောင်း ဖော်ပြထားခဲ့ သည်။ သို့ရာတွင် ဓမ္မဟောင်းကျမ်းက ဤလက်တွေ့ ကျင့်သုံးမှုများကို ထုံးတမ်းစဉ်လာယဉ်ကျေးမှုအဖြစ်မှတ်တမ်းတင်ထားသော်လည်း ဓမ္မဟောင်းကျမ်းရှိ မောရှေ၏ပညတ္တိကမူ အခြေအနေနှစ်မျိုးတွင် သတို့သမီးတန်ဖိုးကိုပေးရန် တောင်းဆို

[၁] "သမ္မာကျမ်းစာ ကိုးကားချက်အားလုံးကို အင်္ဂလိပ်ကျမ်းစာအုပ်ဖြစ်သည့် New American Standard Bible, Lockman Foundation,၁၉၉၅၊ Grand Rapids, Zondervan, ၂၀၀၂ မှ ကိုးကားထားပါသည်။

မထားပါ။(ထွက်၊၂၂း၁၆-၁၇၊ တရားဟော ၂၂း၂၈-၂၉ )[၆] ဓမ္မသစ်ကျမ်းတွင်မူ ထိုယဉ်ကျေးမှုကို အသင်းတော်ထဲတွင် လက်တွေ့ကျင့်သုံးရန် ဖော်ပြထားမှုကို အဘယ်ကျမ်းချက်တွင်မျှ ဖော်ပြထားခြင်းမရှိပါ။[၇] ထို့ကြောင့် ဤအကြောင်းအရာများသည် ယဉ်ကျေးမှုမျှသာဖြစ်သည်။ သို့ရာ တွင် ယေရှုခရစ်၏နောက်တော်သို့လိုက်သောသူများသည် ယဉ်ကျေးမှုထုံးတမ်းကို သမ္မာကျမ်းစာရှုထောင့်တစ်ခုမှ ခွဲခြမ်းစိတ်ဖြာရန် လိုအပ်ပါသည်။ ယဉ်ကျေးမှုထုံးတမ်းတစ်ခုက သမ္မာကျမ်းစာ၏သွန်သင်ချက်နှင့်မလိုက်လျောမညီထွေပဲ ရှုပ်ထွေးမှုသာဖြစ်နေလျှင် အသင်းတော်သည် သမ္မာကျမ်းစာ၏တောင်းဆိုမှုနှင့်အခြေခံသဘော တရားအတိုင်း အသက်ဆက်ရှင်နိုင်ရန် ထိုသို့လက်တွေ့ကျင့်သုံးမှုများကို ရပ်တန့်ရန် လိုအပ်ပေသည်။

[၆] အထက်တွင် ဖော်ပြထားသည့် "လေ့လာထားရှိချက်"၊ "သမ္မာကျမ်းညွှန်းများ" အောက်တွင်ရှိသော ထင်မြင်ချက်များကို ကြည့်ပါ။

[၇] ခရစ်တော်သည် သတို့သမီးတည်းဟူသော မိမိအသင်းတော်အား ကယ်တင်ရန် အသွေးတော်ဖြင့် အဖိုးကို ပေးခဲ့ပြီးဖြစ်သဖြင့် လူတစ်ယောက်သည် ၎င်း၏ဇနီးသည်အဖို့ သတို့သမီးတန်ဖိုးကို ပေးသင့်သည်ဟု လူတစ်ယောက်က ဆိုကောင်း ဆိုနိုင်သည်။ သို့ရာတွင် သတို့သမီးတည်းဟူသော အသင်းတော်အတွက် ခရစ်တော်၏သေခြင်းနှင့်စပ်လျဉ်း၍ ဓမ္မသစ်ကျမ်းတွင်ရှိကြသည့် ယုံကြည်သူ ခင်ပွန်းသည်များကို ပေးထားသည့် လက်တွေ့အသုံးချမှုသည် သတို့သမီးတန်ဖိုးကို ပေးရန်မဟုတ်။ ယေရှုက မိမိအသက်ကိုစွန့်၍ အသင်းတော်ကို ချစ်သကဲ့သို့ ၎င်းတို့၏ဇနီးမယားများကို ချစ်ရန်သာဆိုသည်။ ("အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့၊ သင်တို့လည်း ကိုယ့်ခင်ပွန်းကိုချစ်ကြလော့"။ ဧဖက်၊၅း၂၅)

အထက်တွင်ဖော်ပြထားခဲ့သည့်အတိုင်း သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးနည်းစနစ်တွင် ကောင်းကွက်များရှိသည်မှာ ငြင်းစရာမဟုတ်ပါ။ လူတစ်ယောက်သည် အခြားသူ၏ သမီးကို ငွေကြေးဖြင့် ပြုစုစောင့်ရှောက်နိုင်စွမ်း ရှိမရှိကို သိလိုသောအခါ၊ သူမနှင့်သူမ မိသားစုကို မည်မျှတန်ဖိုးထားသည်ကို သိလိုသောအခါ၊ သူမကို လက်ထပ်ခြင်းကို အလေးအနက်ထားပြီး သူမ၏မိသားစုကို ကူညီလိုစိတ်ရှိသောအခါ၊ ထိုသို့ ကျင့်သုံးခြင်းသည် ကောင်းပါသည်။ ထိုနည်းတူစွာ ထိုသို့ ပေးထားသောမင်္ဂလာခန်းဝင်ကြေးကိုလက်ခံသည့် မိဘများကလည်း သူတို့သမီးအတွက် ခင်ပွန်းကောင်းတစ်ယောက်၏ လုံခြုံမှုအဖို့ အသုံးပြုလိုသည်။ သူတို့က သူမ၏အနာဂတ်အတွက် အထူးသဖြင့် သူ့ခင်ပွန်းသေဆုံးသည့်အခါ သို့မဟုတ် ကွာရှင်းသည့် အချိန်တွင် သူမကို ကောင်းစွာ ထောက်ပံ့ရန်ဟူသည့်အချက်ကိုလည်း သိနားလည်ကြပါသည်။ ထို့အပြင် ထိုသို့ ပေးဆောင်ရခြင်းဖြင့် မိသားစုနှစ်ခု၏ ပေါင်းစည်းရေးကိုလည်း အကူအညီပေးသည်ဟု နားလည်ကြသည်။ ၎င်းတို့၏သမီးအား အနာဂတ်တွင် ခင်ပွန်းဖြစ်လာမည့်သူနှင့် ၎င်း၏မိဘများက နွေးနွေးထွေးထွေး ကြိုဆိုကြသည့်ဟု ခံစားရမိခြင်းသည်လည်း ကောင်းသောအချက်ပင်ဖြစ်ပါသည်။ ထိုသို့သောနည်းလမ်းများကို စည်းကမ်းဖြင့် ထိန်းညှိပေးသည့်အခါ တရားမျှတမှု၊ ပါဝင်ပတ်သက်သူများအားလုံးအတွက် အကျိုးသက်ရောက်မှုများရှိသည်မှာ သံသယဖြစ်ဖွယ်မရှိဘဲ အကျိုးကျေးဇူးများသည်လည်း မိသားစုနှစ်ခုအတွက် ဖြစ်လာစရာအကြောင်း ရှိပါသည်။ သို့သော် ဤနေရာတွင် တွေ့လာနိုင်သည့်ပြဿနာတစ်ခုမှာ အရှေ့တောင်အာရှ၏အဓိက နယ်မြေဒေသများ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာတို့အတွက် လေ့လာမှုအများစုက ဤအချက်မှာ အမြဲဖြစ်နေကျမဟုတ်

ကြောင်း ပြသသည့်အချက်ပင်ဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ကိစ္စအများစုတွင် ထိုသို့ ထုံးတမ်းဓလေ့ကို လက်တွေ့ကျင့်သုံးခြင်း သည် ယေဘုယျအားဖြင့် အကျိုးသိပ်မဖြစ်ပါ။ သူတို့သည် အလွန် ပင် အနှောက်အယှက် ခံနေကြရပါသည်။

ဤယဉ်ကျေးမှုဓလေ့၏ ထိခိုက်နစ်နာစေသည့်အရာများကို ပြုပြင် သည်တွင် ဤလူမျိုးများ တွေ့ကြုံလာနိုင်သည့် ပြဿနာမှာ သူတို့သည် ၎င်းတို့၏ ယဉ်ကျေးမှုထုံးတမ်းတွင် အဘယ်မျှလောက် အကျိုး အမြတ် ပြန်လည်ရရှိသည်ဟူသော အချက်ပင်ဖြစ်သည်။ ဤအချက် ကို ထိုထုံးတမ်းဓလေ့များကို လက်တွေ့လုပ်ဆောင်နေသူများ၏ အပြင်ပိုင်းတွင် ကြီးမားစွာ စိတ်ဓါတ်ကျနေမှုများ စသည့်အချက်တွင် တွေ့မြင်နိုင်သည်။ သူတို့က ပြန်လည်ပေါင်းစည်းခြင်း လုပ်ဆောင်ပြီး နောက်တွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဗီယက်နမ်တို့ အခြေအနေကို ဆက်လက်ကြည့်ရှုရသည်။ အပြောင်းအလဲ လုပ် ဆောင်ရန် ဆန္ဒမရှိခြင်းသည် ဤဓလေ့ကို ကျင့်သုံးခြင်းအားဖြင့် အကျိုးဖြစ်ဌါန်းနေသောသူများအဖို့ အမှန်တရားရှိနေပါသည်။ အပြောင်းအလဲ လုပ်ဆောင်ရခြင်းက တစ်ဦးတစ်ယောက်အတွက် အဘယ်အကျိုးကို ဖြစ်စေသနည်း။

ဤအကြောင်းအရာကို ရှုပ်ထွေးစေသည့် အခြားပြဿနာတစ်ခုမှာ လူတို့၏စိတ်နှလုံး အခြေအနေပင်ဖြစ်ပါသည်။ ပရောဖက်ယေရမိက ဖော်ပြထားသကဲ့သို့ “စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲ တတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။” (ယေရမိ ၁၇း ၉ ) စာရေးဆရာတစ်ဦးက သတို့သမီးတန်ဖိုး ပေးချေရခြင်းတွင် ကောင်းမွန်သောရည်ရွယ်ချက်

များရှိနိုင်သော်လည်း မိသားစုဝင်များသည် အရာအားလုံးကို မိမိတို့ ကိုယ့်ကျိုးအတွက် ကြိုးကိုင်နိုင်ကြသည်။ (Mawi - ၂၀၁၅) ပါဝင်သမျှ အရာအားလုံးသည် အခြားသူများ၏အကျိုးတွင် ပါတ်သက်မှုမရှိဘဲ မိမိအကျိုးအတွက်သာ ပါဝင်ကြသဖြင့် ဤအချက်မှာ ဘဝအသက်တာ တွင်ရှိသည့် များစွာသောအကြောင်းအရာတွင် ပြဿနာဖြစ်ပေသည်။

ဤစာအုပ်၏အစပိုင်းတွင် ဖော်ပြထားသည်အတိုင်း ကျွန်ုပ်၏စိတ် ဆန္ဒမှာ အရှေ့တောင်အာရှနိုင်ငံများရဲ့ အဓိကကျသော နိုင်ငံများ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများတွင် သတို့သမီးတန်ဖိုး နှင့် မင်္ဂလာခန်းဝင်ကြေးများကို ယဉ်ကျေးမှုနှင့်ယှဉ်လျက် သမ္မာကျမ်း စာရှုထောင့်မှ ပြန်လည်သုံးသပ်ဆင်ခြင်သည့် အသင်းတော်ကို ရှိလာစေရန်ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ဤစာအုပ်ထဲတွင် ဆွေးနွေး လေ့လာခဲ့ကြရသည်အတိုင်း သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး နှင့်ဆိုင်သည့် သာ၍ ဆိုးသွင်းသည့်ကဏ္ဍကို လက်တွေ့ကျင့်သုံးသည့် ယေရှု၏စစ်မှန်သော နောက်လိုက်များဖြစ်ရန် မျှော်လင့်မထားသော် လည်း စစ်မှန်သောယုံကြည်သူ၏အကျင့်စရိုက်နှင့် ဆန့်ကျင်ဘက်ဖြစ် သည့် ဤသို့သော အကြောင်းအရာအချို့တွင် ပါဝင်ပါတ်သက်သည့် မိမိကိုယ်ကို ခရစ်ယာန်များဟု ခေါ်ဝေါ်သမုတ်ကြသည့်လူများလည်း ရှိမည်ဟု ယုံကြည်ပါသည်။ ဤအချက်သည် မိမိကိုယ်ကိုယုံကြည်သူ အဖြစ် မှတ်ယူသောသူများအတွက်မူ ချင့်ချိန်စရာဖြစ်သော်လည်း ထိုသို့လုပ်ဆောင်မှုတွင် ၂ကော ၁၃း၅ တွင် တမန်တော် ရှင်ပေါလု ပြောဆိုထားသည့်စကားလုံးများကို ပြန်လည်ဆင်ခြင်အလေးအနက် ထားတတ်ရန်လိုသည်။ “သင်တို့သည် ယုံကြည်ခြင်း၌ တည်သလော၊ မတည်လောဟု ကိုယ်ကိုကိုယ် စစ်ကြောကြလော့။ ကိုယ်ကိုကိုယ် စုံစမ်းကြလော့။ အစစ်မခံနိုင်သောသူမမှန်လျှင်၊ ယေရှုခရစ်သည်

သင်တို့၌တည်တော်မူသည်ဟု ကိုယ်အကြောင်းကို ကိုယ်မသိကြသလော။"

သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ကျင့်သုံးသည့် ထုံးတမ်းဓလေ့ကို အသင်းတော်ထဲတွင် ပြန်လည်ကျင့်သုံးလျှင် ဤသည်မှာ မတူညီသောလူများအတွက် မတူညီသောအရာကို ဆိုလိုပေလိမ့်မည်။ အချို့တို့အတွက်မူ အကျိုးဖြစ်ဋ္ဌါန်းသော်လည်း အချို့အတွက်မူ အကျိုးဆုတ်ယုတ်နိုင်သည်။ သို့ရာတွင် ယုံကြည်သူတစ်ဦးချင်းစီအတွက် မည်သို့သော အကျိုးရလဒ်မျိုး ဖြစ်ပေါ်လာသည်ဖြစ်စေ အသင်းတော်သည် ဘုရားသခင့်ဘုန်းကို ထင်ရှားစေခြင်းမရှိသည့် ဤယဉ်ကျေးမှု ကျင့်သုံးခြင်းမှ တစ်ကိုယ်တော်အကျိုးကို ရရှိသည်ထက် ခရစ်တော်၏ဘုန်းတော်ကို ထင်ရှားစေရန် လိုလားသည့် အသင်းတော်အဖွဲ့အစည်းဖြစ်ပေါ်လာရေးမှာ ကျွန်ုပ်၏မျှော်လင့်ချက်ပင်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရန် အသင်းတော်အနေဖြင့် ဆန္ဒရှိလျှင် မှန်ကန်သောအရာကို လက်တွေ့အသက်တာတွင် လုပ်ဆောင်လိုသောသူတို့အား ဘုရားသခင်သည် ကြွယ်ဝသော ကောင်းကြီးများ ပြည့်လျက်လျှံလျက် ပေးသည်ဖြစ်၍ နောက်ဆုံးတွင် လူတိုင်းအတွက် အကျိုးဖြစ်လာပေမည်။

**သမ္မာကျမ်းစာသဘောတရားများ**[၈]

ဘုရားသခင်ကိုချစ်ခြင်းနှင့်အခြားသူများကိုချစ်ခြင်း

ယေရှု၏ အမှုတော်လုပ်ငန်းနှင့် လောကအသက်တာ ကုန်ဆုံးခါနီး အချိန်၌ မောရှေ၏ပညတ္တိကျမ်းကို လိုက်လျှောက်သောသူများနှင့် ရင်ဆိုင်တွေ့ခဲ့ရပြီး "အရှင်ဘုရား၊ ပညတ္တိကျမ်း၌ အဘယ်မည်သော ပညတ်သည် သာ၍ ကြီးသနည်း"(မဿဲ၊ ၂၂း၃၆ ) ဟု မေးမြန်းခဲ့ကြသည်။ ယေရှုက "သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့်ချစ်လော့ဟူသော ပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့်သဘောတူ၏။ ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြာပင် ဖြစ်သတည်း

---

[၈] သမ္မာကျမ်းစာရဲ့ အခြေခံသဘောတရားများကို မှန်မှန်ကန်ကန် နားလည်နိုင်ဖို့ရန် ကျမ်းပိုဒ်များကို ပုံမှန်(အခြားစာပေများကဲ့သို့ဖြစ်သည်) သဒ္ဒါနည်းလမ်းတကျ (သမ္မာကျမ်းစာဘာသာစကားအရ) ဆက်စပ်အကြောင်းအရာ ရေးသားမှုအတိုင်း (ရေးသားချက်များအတွင်း နားလည်သဘောပေါက်ရန် စာရေးသူ ရည်ရွယ်ထားသည်အတိုင်း)၊ နောက်ခံသမိုင်းအရ (သမိုင်းအချိန်ကာလနှင့်စပ်လျဉ်း၍)၊ ခေတ်ကာလအပိုင်းအခြားကိုလိုက်၍ (ရေးသားသည့်အချိန်၌ လူသားတို့အတွက် ဘုရားသခင်၏စီမံခန့်ခွဲမှုနှင့်ဆိုင်သည့် အစီအစဉ်အတွင်း)၊နှင့် စာရေးသူ၏မူရင်း ဦးတည်ချက်အတိုင်း လက်တွေ့အသုံးချရန်ဖြစ်ပါသည်။

ဟု မိန်းတော်မူ၏။"(မဿဲ၊ ၂၂း၃၇-၄၀) ယေရှု၏နောက်တော်သို့ အမှန်တကယ် လိုက်လျှောက်သောသူများအဖို့ ပထမဦးဆုံး လုပ်ဆောင်ရမည်မှာ ဘုရားသခင်ကိုချစ်ရန်ဖြစ်ပြီး၊ ၎င်းနောက်တွင် အခြားသူများကို ချစ်ရန် ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် ဤအရာကို ပြုမူလုပ်ဆောင်ခြင်းအားဖြင့် ပြည့်စုံစေမည်။ တနည်းအားဖြင့် ဘုရားသခင်၏ပညတ်တော်အတိုင်း အသက်ရှင်ရန်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဆိုသော် ချစ်ခြင်းမေတ္တာသည် လူတစ်ဦးတစ်ယောက်၏ အပြုအမူတွင် အနှစ်သာရတစ်ခုအဖြစ် ဝင်ရောက် နေရာယူလာလျှင် ဤဆက်ဆံစေလိုသည်အတိုင်း သူတို့ကို ဆက်ဆံပေါင်းသင်းခြင်းအားဖြင့် အခြားသူများအပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိလာပေမည်။

ချစ်ခြင်းမေတ္တာဟူသည်ကားအဘယ်နည်း။ တမန်တော်ရှင်ပေါလုက ထိုအကြောင်းအရာကို အနက်ဖွင့်ဆိုထားသည်။

"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသော အရာကို မြော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။

မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။"
(၁ကော၊၁၃း၄-၈က)

ဤအနက်ဖွင့်ဆိုထားချက်အရဆိုလျှင် မေတ္တာသည် သနားကြင်နာခြင်းပင်ဖြစ်သည်။ မသင့်လျော်စွာ မပြုသကဲ့သို့ ကိုယ်ကျိုးလည်း မရှာတတ်ပါ။ ထို့ကြောင့် ဤရိုးရာယဉ်ကျေးမှုကို လက်တွေ့ကျင့်သုံးနေရသောယုံကြည်သူများသည် သူတို့၏လုပ်ဆောင်မှုများက ၎င်းတို့၏အကျင့်စာရိတ္တကို ပေါ်လွင်ထင်ရှားစေကြောင်းကို သတိပြုရန်လိုအပ်သည်။ ဖိလိပ္ပိသို့ စာရေးသားပေးပို့ရာတွင် ဤအချက်ကို ရှင်ပေါလုက အလေးအနက်ထား တင်ပြထားပါသည်။ "ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍၊ အဘယ်အမှုကိုမျှမပြုကြနှင့်။ သူတပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တယောက်ကိုတယောက် ထင်မှတ်ကြလော့။ ကိုယ့်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။" (ဖိလိပ္ပိ ၂း၃-၄) မိမိအမှုကိုမဟုတ်၊ အခြားသူများ၏အမှုကို ရှေ့ရှုလျှင် ခရစ်တော်၏နောက်လိုက်ကောင်းများ ဖြစ်လာပေမည်။ ဆက်နွယ်မှုများနှင့် ၎င်းအထဲတွင်ရှိသော ပါဝင်သော အချက်အလက်များကို သေချာစွာ ဂယနဏ ပြန်လည်ဆန်းစစ်လာသောအခါ ဤသမ္မာတရားသည် ယုံကြည်သူများအား ၎င်းတို့၏အပြုအမူနှင့်စပ်လျဉ်း၍ အောက်ပါမေးခွန်းများကို မိမိကိုယ်ကို မေးမြန်းစေသင့်ပါသည်။

- ကျွန်ုပ်သည် ဤအရာများကို ဘုရားသခင်ကိုချစ်ခြင်း၊ အခြားသူများကိုချစ်ခြင်း၊ သို့မဟုတ် မိမိကိုယ်ကိုချစ်ခြင်းအထဲက လုပ်ဆောင်နေပါသလား။

- ကျွန်ုပ်သည် ဤအရာကိုမိမိထက် အခြားသူများပို၍ အရေးပါသည်ဟု ထင်မှတ်လျက် စိတ်နှလုံးနှိမ့်ချခြင်းနှင့်အတူလုပ်ဆောင်သလား။ သို့မဟုတ် ဘာမျှသဘောထားခြင်းမရှိဘဲ တကိုယ်ကောင်းဆန်စိတ်ဖြင့်သာ လုပ်ဆောင်ပါသလား။

- အခြားသူများအပေါ် စိတ်ဝင်စားမှုရှိပါသလား။ သို့မဟုတ် မိမိကိုယ်ကျိုးသာစိတ်ဝင်စားပါသလား။

- ကိုယ်၌ပြုစေလိုသည်အတိုင်း သူတပါးအားပြုပါသလား။

မဿဲ ၇း ၁၂ က "ကိုယ်၌ သူတပါးပြုစေလိုသည်အတိုင်း သူတပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏အချုပ်အခြာပင်ဖြစ်သတည်း" ဟု ဖော်ပြထားပါသည်။တနည်းအားဖြင့် ဤသို့သောနည်းလမ်းဖြင့် လူတို့အား ဆက်ဆံပြုမူခြင်းသည် မောရှေ၏ပညတ္တိကျမ်းနှင့် အနာဂတ္တိတို့နှင့်ဆိုင်သောအခြေခံသွန်သင်ချက်များကို ပြည့်စုံစေခြင်းဖြစ်သည်။ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ထုံးတမ်းဓလေ့ကို လေ့လာကြည့်လျှင် ယုံကြည်သူများသည် ၎င်းတို့၏အပြုအမူ လုပ်ဆောင်ချက်က အခြားသူများကို ထိ ခိုက်နာကျင်စေခြင်းမပြုဘဲ

ကိုယ်၌ ပြုစေလိုသည့်အတိုင်း ပြုမူမည်အကြောင်း သေချာစေရန် လိုအပ်သည်။

<u>သတို့သမီးနှင့်သတို့သားတို့ကိုချစ်ခြင်း</u>

မေတ္တာသဘောတရားနည်းလမ်းအားဖြင့် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးအကြောင်းကို လေ့လာဆင်ခြင်သောအခါ အနာဂတ်သတို့သမီးနှင့် သတို့သားတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ဤအကြောင်းအရာကို အောက်ပါမေးခွန်းများကို မေးမြန်းခြင်းအားဖြင့် ပြည့်စုံစေနိုင်သည်။

- ဤအရာက သူတို့အား ယခုနှင့် အနာဂတ်တွင် မည်သို့ ထိခိုက်စေမည်နည်း။

- ဤသည်မှာ သူတို့အတွက် ဝန်ထုတ်ဝန်ပိုး ဖြစ်နေသလား၊ သို့မဟုတ် အကူအညီဖြစ်ပါသလား။

- ကျွန်ုပ်တို့သည် သူတို့အဖို့ မည်ကဲ့သို့ ကောင်းကြီးဖြစ်နိုင်မည်နည်း။

သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးတို့၏အကျိုးသက်ရောက်မှုက စုံတွဲတို့အား လက်မထပ်မီနှင့် လက်ထပ်ပြီးသည့်အချိန်နောက်ပိုင်းတို့တွင် ထိခိုက်စေနိုင်သဖြင့် ဤအချက်များမှာ အလွန်ကြီးမားသည့်အချက်များပင်ဖြစ်ပါသည်။ မြင့်မားလှသော သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးတို့ ဖန်တီးနိုင်သောပြဿနာတစ်ခုမှာ သွေးဆောင်ခြင်းဖြစ်သည်။ ငွေကြေး

ရှာဖွေဖို့နှစ်ပေါင်းများစွာကြာလာသောအခါ အိမ်ထောင်မပြုမှီ လိင်ပိုင်းဆိုင်ရာ ပေါင်းစည်းမှုအတွက် သွေးဆောင်ဖြားယောင်းမှု သည် တိုးပွါးလာပြီး ၎င်းက တရားမဝင် ကလေးမွေးဖွါးမှုများကို ဖြစ်ပေါ်စေပါသည်။ ဤသို့သော အဖြစ်မျိုးကို အာဖရိကလူမျိုး အချို့ကြားတွင် ဖြစ်ပေါ်လေ့ရှိပြီး ဧဝံဂေလိအဖွဲ့အချို့က သတို့သမီး တန်ဖိုးနှုန်းထားကို ကန့်သတ်သတ်မှတ်ကြသည်။ သို့မှသာ ဤ အဖြစ်မျိုးသည် အသင်းတော်တွင် ဆက်လက်ဖြစ်ပွါးနိုင်ချေ နည်း ပါးသွားမည်ဖြစ်သည်။(Walker- ၂၀၁၅)

မြင့်မားလှသော သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးနှင့် ပါတ်သက်သည့် အခြားပြဿနာမှာ တင်ကျန်နေသော ဤအကြွေး များကို လက်ထပ်ပြီးနောက်ပိုင်းတွင် သူတို့က အမှန်တကယ် ပေးချေရမည်ဆိုလျှင် သူတို့အပေါ်တင်ထားသော ငွေကြေးပြဿနာ ဝန်ထုပ်ဝန်ပိုးဖြစ်လာမည်။ လက်ထပ်ထိမ်းမြားခါစ လင်မယား တစ်တွဲတွင် စီမံခန်းခွဲမှုသည် တိုးပွါးလာပြီး မလိုလားအပ်သော ငွေကြေးပြဿနာတွင် ထပ်မံပေါင်းထည့်သည့် ဖိအားမပါဘဲ လျက် အခက်အခဲများစွာရှိနိုင်သည်။ ထို့ကြောင့် သတို့သမီး၏ မိဘများနှင့် သတို့သား၏မိဘများက ကောရိန္တုအသင်းတော်သို့ ဒုတိယအကြိမ် ရေးသားထားသည့် တမန်တော်ရှင်ပေါလု၏ ရေးသားချက်များကို ဆင်ခြင်နှလုံးသွင်းထားရန် လိုအပ်ပါသည်။ ရှင်ပေါလုက သူတို့အပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုကြောင်း ဖော်ပြရေးသားထားပါသည်။

“ဤတတိယအကြိမ် သင်တို့ဆီသို့သွားခြင်းငှါ ငါသည် အသင့်ရှိ၏။ သင်တို့ကို နှောက်ယှက်မည်ဟု အကြံမရှိ။ <u>သင်တို့ဥစ္စာကို ငါရှာသည်မဟုတ်။ သင်တို့ကိုသာရှာ၏။</u> သားသမီးတို့သည် မိဘအတွက် ဥစ္စာကို ဆည်းဖူးရသည်မဟုတ်။ မိဘတို့သည် သားသမီးတို့အတွက် ဆည်းပူးရ၏။ ငါသည် သင်တို့ကို ချစ်ခြင်းမေတ္တာစိတ်တိုးပွါးသည်အတိုင်း သင်တို့သည် ငါ့ကိုချစ်ခြင်းမေတ္တာစိတ် ဆုတ်ယုတ်သော်လည်း၊ သင်တို့စိတ်ဝိညာဉ်၏အကျိုးအလို့ငှါ ငါသည် ကိုယ်ဥစ္စာကိုငှင်း၊ ကိုယ်ကိုငှင်း၊ ကုန်စေခြင်းငှါ အလွန် စေတနာရှိ၏။ (၂ကော ၁၂း ၁၄- ၁၅)

ရှင်ပေါလုသည် ကောရိန္သုရှိလူများအား ယုံကြည်ခြင်းတရားဆီသို့ ပို့ဆောင်ပေးရန် တာဝန်အပြည့်ရှိသည်ဖြစ်၍ သူတို့မှာ ၎င်း၏ ဝိညာဉ်သားသမီးများ ဖြစ်ကြပါသည်။ သူသည် ၎င်းတို့၏ဝိညာဉ် ဖခင်အနေဖြင့် အသင်းတော်သို့ ရောက်ရှိပြီးနောက် ငွေကြေး ဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို သူတို့အပေါ် တင်မထားလိုပါ။ အားလုံးကို လုပ်စေလိုသောအရာမှာ သူတို့ထံမှ ရယူရန်မဟုတ်ဘဲ သူ့ကိုသူ လုံးဝဥသုံပေးအပ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သူသည် ၎င်းတို့၏ပိုင်ဆိုင်ထားသောအရာကို ရယူရန် ကြိုးစားအားထုတ်သည်မဟုတ်၊ ဖခင်ဟူသည် သားသမီးတို့အတွက် ရှာဖွေစုဆောင်းပေးရသည်ဟုသာ ပြောဆိုသည်။

မိဘများသည် သတို့သမီးတန်ဖိုးနှင့်မင်္ဂလာခန်းဝင်ကြေးများ စွာကိုပေးစေခြင်းအားဖြင့် ၎င်းတို့၏ သားသမီးများအပေါ် များပြား သောငွေကြေးဆိုင်ရာ ဝန်ထုတ်ဝန်ပိုးများကို တင်ထားသည့်အခါ ၎င်းသည် သူတို့အတွက် မျှတသောအရာ မဟုတ်တော့ပါ။ ဤ အကြောင်းအရာသည် သူတို့က အသက်အရွယ်အားဖြင့် နုပျိုပြီး ထိုကဲ့သို့ အကြွေးများကို နှစ်ပေါင်းများစွာပေး ချေရခြင်း၏အကျိုး ဆက်များကို မသိနားမလည်ကြသေးသည့်အချိန်တွင် မှန်ကောင်း မှန်ပေလိမ့်မည်။ သူတို့သည် လက်ထပ်ပြီး အတူတကွ နေထိုင် ရန် ဆန္ဒရှိကောင်းရှိကြမည်။ ထို့ကြောင့် ယဉ်ကျေးမှုထုံးတမ်းဓလေ့ အပါအဝင် သားသမီးများ၏ အသက်တာတွင် ဝန်ထုပ်ဝန်ပိုးများကို မတင်ဘဲ သူတို့ကို စောင့်ရှောက်ကာကွယ်ပေးရန်မှာ မိဘများ၏ တာဝန်ပင်ဖြစ်ပါသည်။ ယေရှု၏ နောက်လိုက်များဟူသည်မှာ လောကသဘောအတိုင်း အသက်ရှင်နေထိုင်ကြသောသူများနှင့် မတူ ကွဲပြားခြားနားလျက် ရှိကြပါသည်။ ရှင်ပေါလုက ၂သက် ၃း၇-၉ တွင် ရေးသားထားသော သာဓကကို ဆက်လက်လေ့လာဆင်ခြင် ကြပါစို့။

"အကြောင်းမူကား၊ ငါတို့ပေးသောပုံသက်သေကိုလိုက်၍ သင်တို့သည် အဘယ်သို့ကျင့်ရမည်ဟု သင်တို့ကိုယ်တိုင် သိကြ၏။ ငါတို့သည် သင်တို့တွင် မတရားစွာပြုကြသည်မဟုတ်။ အဘယ်သူ၏အစာကိုမျှ အလိုအလျောက်မစား။ သင်တို့တွင် တယောက်ကိုမျှ မနှောက်ယှက်ခြင်းငှါ၊ ပင်ပန်းစွာ

ကြိုးစားအားထုတ်၍ နေ့ညဥ့်မပြတ်လုပ်ဆောင်ကြ၏။ ထို
သို့ပြုသော်လည်း၊ မခံမယူပိုင်သောကြောင့် ပြုသည်မဟုတ်။
သင်တို့လိုက်စရာဘို့ ပုံသက်သေဖြစ်စေခြင်းငှါပြုကြ၏။"

ရှင်ပေါလုသည် သူပြုစုစောင့်ရှောက်ထားသည်ဖြစ်၍ ၎င်း၏ ဝိညာဉ်သားသမီးများထံက ငွေကြေးအထောက်အပံ့များကို ရယူရန် အခွင့်အရေးကောင်းများ ရရှိထားသော်လည်း(၁ကော ၉း ၁-၁၈ )၊ ထိုသို့ရယူခြင်းမပြုဘဲ သူတို့လိုက်လျှောက်စရာ ပုံသက်သေများကို ထားခဲ့ရန်သာ ရှင်ပေါလုက အလိုရှိသည်။ ထို့ကြောင့် သူတို့အပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်မလာစေဘဲ ကြိုးစားလုပ်ဆောင်ခြင်း၏အဓိပ္ပါယ်သည် အဘယ်အရာဖြစ်သည်ကို သွန်သင်ပေးရန်ရည်ရွယ်၍ သူသည် နေ့ညဥ့်မပြတ် အလုပ်လုပ်ခဲ့သည်။ ဤသည်မှာ သားသမီးများအတွက် လုပ်ဆောင်ပေးရန် မိဘများ လိုက်နာကျင့်သုံးသင့်သော တန်ဖိုးရှိပြီး အကျိုးကျေးဇူးများစွာကိုပေးသည့် သာဓကပင်ဖြစ်ပါသည်။

## သတို့သမီးနှင့်သတို့သားတို့၏မိဘများအပေါ် ချစ်ခြင်း။

တရားမျှတမှုကို ဆောင်ကျဉ်းလာနိုင်ရန် သားသမီးများသည် မိဘများအပေါ်လုပ်ဆောင်ရမည့် တာဝန်များရှိပါသည်။ အထက်တွင်ဖော်ပြထားသည့်ကျမ်းပိုဒ်(၂သက်၃း ၇- ၉)တွင် အထင်အရှား ဖော်ပြထားသည်အတိုင်း သူသည် ဤအခွင့်အရေးရှိသည်ဖြစ်၍ ဝိညာဉ်သားသမီးများသည် သူ့ကို ပြုစုစောင့်ရှောက်ရန် အလိုရှိသည်။ မျှော်လင့်

ထားသည်။ ရှင်ပေါလုက ဤသဘောတရားကို ကောရိန္တုအသင်းတော်အား သက်သာ လောနိတ်မြို့သားများအား ပြခဲ့သကဲ့သို့ တဖန်ငြင်းဆိုရန် ဆုံးဖြတ်ချက် ချမှတ်ထားသော်လည်း (၁ကော၉း၁-၁၈) သူတို့သည် သူ့ကို ငွေကြေးအကူအညီပေးရန် တာဝန်အပြည့်ရှိကြသည်ကို သိနားလည်စေသည်။

သားသမီးများသည် မိဘများအတွက် ကောင်းကြီးမင်္ဂလာတစ်ခုဖြစ်စေရန်တာဝန်အပြည့်ရှိသည်။ ထိုအကြောင်းကို ၁တိ၊ ၅ တွင် မုဆိုးမတို့ကို ကြည့်ရှုစောင့်ရှောက်ခြင်း အကြောင်းအရာဖြင့် ဖော်ပြထားပါသည်။ ထိုအခန်း၏အပိုဒ်ငယ် ၈ တွင် ရှင် ပေါလုက "မိမိလူတို့ကို မပြုစု၊ ထိုမျှမက၊ မိမိအိမ်သူအိမ်သားတို့ကို မပြုစုသောသူမည်သည်ကား၊ ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူးသောသူထက်သာ၍ ယုတ်မာ၏" ဟုဆိုလေသည်။ ဤကျမ်းပိုဒ်က ယုံကြည်သောမိဘများအတွက် အသုံးချထားခဲ့သကဲ့သို့ ယုံကြည်သောသားသမီးများကိုပင် ရည်ညွှန်းထားခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်၏အကြောင်းအရာတွင် ရှင်ပေါလု ပြောဆိုနေသောအရာမှာ ယေရှု၏နောက်လိုက်များသည် လိုအပ်နေသော ၎င်း၏အိမ်သူအိမ်သားတို့အား ပြုစုစောင့်ရှောက်ရန် ဖြစ်လေသည်။ မိသားစု၏လိုအပ်ချက်ကို လျစ်လျူရှုထားသောသူသည် ယုံကြည်ခြင်းကို ငြင်းပယ်သဖြင့် ၎င်း၏အပြုအမူနှင့်အကျင့်စရိုက်တွင် မယုံကြည်သူထက်ပင် သာ၍ဆိုးသည်ဟု ရှင်ပေါလုက ဆိုသည်။

ထို့ကြောင့် သားသမီးများသည် မိဘများအား ၎င်းတို့တတ်နိုင်သည့် ဘက်က မေတ္တာဖြင့် ကူညီစောင့်ရှောက်သင့်ပါသည်။ သူတို့အတွက် ၎င်းတို့၏တန်ဖိုးထား ကျေးဇူးတင်ခြင်းကို ပြသရန် လိုအပ်ပါသည်။ ရှင်ပေါလုက ကောရိန္သုယုံကြည်သူများ ပိုင်ဆိုင်သောအရာကို ရရှိရန် ကြိုးစားအားထုတ်ခြင်း မရှိသော်လည်း မေတ္တာကို ရှေ့ရှုလျက် သူ့ကို ပြန်လည်မစခြင်းကိုတော့ မျှော်လင့်မိပါသည်။ ထို့ကြောင့် သားသမီး များသည် မိဘများကို ကူညီမစနိုင်သည့်အချိန်တွင် (အထူးသဖြင့် သူတို့သည် ဆင်းရဲချို့တဲ့မှုရှိလျှင်) သူတို့ကို ကူညီမစရန် တာဝန်ရှိကြပါ သည်။ ဤအမှုကို သူတို့ဘဝတစ်လျှောက်လုံး၌ သားသမီးများအတွက် လုပ်ဆောင်ပေးခဲ့သောအရာကို အမှုထား၍ မေတ္တာရှေးရှုလျက် ရိုသေသမှုဖြင့် ပြုလုပ်သင့်ပါသည်။ ခံစားပိုင်ခွင့်အကျိုးကိုထောက်၍ မလုပ်ဆောင်သင့်ပါ။ ရိုသေလေးစားမှုနှင့်တာဝန်ဝတ္တရားများကို ဦးထိပ်ထား၍ လုပ်ဆောင် ထားရပါမည်။

## ရက်ရောသောစိတ်သဘောဖြင့် အခြားသူများကိုချစ်ခြင်း

ယုံကြည်သူများက ရက်ရောမှု၏အကျိုးကျေးဇူးနှင့် ကောင်းကြီး မင်္ဂလာကို သဘောပေါက်သည့် နားလည်ခြင်းမရှိသည်ကို အချိန်တိုင်း တွေ့ရပေသည်။ ကောရိန္သုဒုတိယစာစောင် ၉း၆-၇ တွင် ဤသို့ ဖော်ပြထားပါသည်။

“အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာ ရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြ

လော့။ လူတိုင်း ကိုယ်အလိုအလျောက် လှူရ၏။ နှမြောသောစိတ်နှင့် မလှူရ။ မလှူဘဲမနေရဟု စိတ်ထင်နှင့်မလှူရ။ အကြောင်းမူကား စေတနာစိတ်နှင့် လှူသောသူတို့ကိုသာ ဘုရားသခင် နှစ်သက်တော်မူ၏။" နှလုံးရွှင်ပြသောသဘောဖြင့် ရက်ရောစွာ ပေးကမ်းသောသူတို့ကို ဘုရားသခင်ချစ်တော်မူသည်။ မပေးမနေရဟူသော စိတ်သဘော ဖြင့် ပေးလှူခြင်းကို ဘုရားသခင် နှစ်သက်တော်မမူ။ ကောင်းမွန်သော စိတ်နှလုံးဖြင့် ရက်ရက်ရောရောပေးကမ်း စွန့်ကြဲသောယုံကြည်သူ ကို ဘုရားသခင် ချီးမြှောက်တော်မူလိမ့်မည်။ မိမိသားသမီးတို့၏ လက်ထပ်ထိမ်းမြားခြင်းတွင်လည်း ထိုသို့သောစိတ်သဘောဖြင့် လာလျှင် စိတ်နှလုံးသည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ် သည်။ မှန်ကန်သော စိတ်နေသဘောထားဖြစ်သည်။ ရရှိရန်ကိုသာ ဦးစားပေးပြီး တကိုယ်ကောင်းဆန်သည့် စိတ်သဘောထားနှင့်နှိုင်း ယှဉ်လျှင် ဘုရားသခင် မျှော်လင့်ထားသော စိတ်သဘောပင်ဖြစ်ပါ သည်။

ရက်ရောသောမိဘဖြစ်ရန်ဟူသည်မှာ ငွေကြေးများစွာကို အသုံးပြု ထားပြီး အကြွေးတင်ကျန်ရန်ဟု ဆိုလိုထားခြင်း ဖြစ်ပါသလော။ ထိုသို့မဟုတ်ပါ။ ဤသည်မှာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော အပြုအမူမျိုးမဟုတ်ပါ။ သုတ္တံ ၂၂း၇ တွင် "ငွေရတတ်သောသူသည် ဆင်းရဲသောသူကို အစိုးရ၏။ ချေးငှါးယူသောသူသည် ချေးငှါးပေး သောသူ၌ ကျွန်ဖြစ်၏။" မိဘများက ၎င်းတို့၏သားသမီးများကို မည်သို့ ကူညီနိုင်မည်၊ မည်ရွေမည်မျှပေးနိုင်မည် စသဖြင့် ရှင်းပြနိုင်ပြီး

၎င်းတို့၏သားသ မီးများက ရှေ့ဆက်မည်သို့ လုပ်ဆောင်မည်ကို ဆုံးဖြတ်ကြပါစေ။ သူတို့သည် အတူတကွ ဒုးထောက်ဆုတောင်းပြီး နောက် အခြားလိုအပ်သောအရာများအတွက် ဘုရားသခင်ကို ကိုးစားယုံကြည်လျက် ၎င်းတို့၌ရှိသောအရာများနှင့် အစီအစဉ် ရေးဆွဲချမှတ်ကြမည်ဖြစ်သည်။

အနာဂတ်တွင် သားမက်၊ သို့မဟုတ် ချွေးမဖြစ်လာမည့်သူ၏မိဘများ ထံက သတို့သမီးတန်ဖိုး သို့မဟုတ် မင်္ဂလာခန်းဝင်ကြေးတစ်ခုခုကို လက်ခံရရှိသောမိဘများသည် မိမိကိုယ်ကို မည်သို့သောမေးခွန်းများ ကိုမေးသင့်ပါသနည်း။ဤကဲ့သို့သော မေးခွန်းများပင်ဖြစ်သည်။

- ဤအရာသည် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်ပါသလား။
- ဤအရာကို ပြန်လည်ပေးချေရန် နှစ်ပေါင်းများစွာ ရှည်ကြာ နိုင်မည်လော။
- ဤအရာကို သူတို့အနေဖြင့် ပေးချေနိုင်ခြင်းမရှိလျှင် အခြားသူများ တည်းဟူသော ၎င်းတို့၏သားသမီးများအဖို့ ဝန်ထုပ်ဝန်ပိုးများ ဖြစ်လာနိုင်ပါမည်လော။

ဂလာတိ ၅း ၁၃- ၁၄ တွင် ရေးသားထားသော တမန်တော် ရှင်ပေါလု၏စကားကို ဆင်ခြင်ကြည့်ကြပါစို့။

"ညီအစ်ကိုတို့၊ သင်တို့သည် လွတ်ခြင်းအခွင့်ကိုရသောသူ ဖြစ် ကြ၏။သို့သော်လည်း ဇာတိပကတိအား အခွင့်ကိုပေး ၍၊

ထိုလွတ်ခြင်းကို မသုံးကြနှင့်။ အချင်းချင်းချစ်၍ အမှုချင်းကိုဆောင်ရွက်ကြလော့။ အကြောင်းမူကား၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသောပညတ် တပါးကို ကျင့်လျှင်၊ ပညတ်တရားရှိသမျှကို အကြွင်းမဲ့ကျင့်ရာရောက်၏။”

လက်တွေ့အသုံးချရာတွင် တစ်စုံတစ်ယောက်သည် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ပေးချေမှုကိုလက်ခံရန် အခွင့်အရေး သို့မဟုတ် လွတ်လပ်မှုရှိသော်လည်း ယုံကြည်သူများသည် ဤအရာကို ဇာတိအလိုအတွက် တနည်းအားဖြင့် အပြစ်သဘောသဘာဝအတွက်(ဥပမာ-လောဘကြီးခြင်း၊ ထိန်းချုပ်လိုသောဆန္ဒ၊ အဆင့်အတန်း စသဖြင့်) အခွင့်ထူးအဖြစ် အသုံးမပြုမိစေရန် သတိပြုရပါမည်။ ယုံကြည်သူများသည် ၎င်းတို့၏အပြုအမူလုပ်ဆောင်ချက်အားဖြင့် အခြားသူများကို အစေခံကြောင်း၊ အခြားသူများကို ချုပ်နှောင်ခံထားစေခြင်းမဟုတ်ဘဲ ကိုယ်နှင့်စပ်ဆိုင်သောသူများကို ကိုယ်နှင့်အမျှချစ်ကြောင်းကို သေချာစေရမည်။ ရှင်ပေါလုက ထိုအကြောင်းအရာကို ဂလာတိ ၆း၇-၁၀ တွင် ဤသို့ဆိုထားပါသည်။

“အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ကြဲသည်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်။ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူ

သည် ဇာတိပကတိအားဖြင့် ပုတ်ပျက်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအတိုင်း အသက်ရှင်ခြင်းအသီးအနှံကို ရိတ်ရလိမ့်မည်။ ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။ ထို့ကြောင့်၊ ငါတို့သည် အဆင်သင့်သည်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။"

ကျွန်ုပ်တို့စိုက်သည်အတိုင်း ပြန်လည်ရိတ်သိမ်းကြရလိမ့်မည်။ ထို့ကြောင့် အခြားသူများအပေါ် မည်သို့ပြုမူဆက်ဆံသည်ကို သတိပြုရပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူအားလုံးအပေါ် အထူးသဖြင့် ယုံကြည်သူများအပေါ် ကောင်းရပါမည်။ ကျွန်ုပ်တို့သည် ဤသို့သောနည်းလမ်းဖြင့် အသက်ရှင်လာသောအခါ ကျွန်ုပ်တို့စိုက်ပျိုးထားသည့် ကောင်းသောအရာကို ပြန်လည်ရိတ်သိမ်းရမည်ဖြစ်သည်။

ထိုနည်းတူစွာ ရှင်ပေါလုက ၁ကော ၁၀:၂၃-၂၄ တွင်လည်း ဤသို့ရေးသားထားပါသည်။

"ခပ်သိမ်းသောအမှုအရာကိုပြုသင့်သည်မဟုတ်။ အပြစ်မသင့်ဘဲ ခပ်သိမ်းသောအမှုအရာကို ပြုနိုင်သည်မှန်စေ

တော့။ခပ်သိမ်းသောအမှုအရာတို့သည် သူတပါးကို တည်ဆောက်တတ်သည်မဟုတ်။ ကိုယ့်အကျိုးကို အဘယ်သူမျှ မရှာစေနှင့်။ သူ့အကျိုးကို လူတိုင်းရှာစေ။"

လူတစ်ဦးသည် အပြစ်မသင့်ဘဲ ခပ်သိမ်းသောအမှုအရာကို ပြုနိုင်သော်လည်း ထိုအရာသည် သူ သို့မဟုတ် အခြားသူများကို အကျိုးမပြုပါ။ တနည်းအားဖြင့် အကျိုးကျေးဇူးကို ဖြစ်ဌါန်းစေသောအရာမဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားသူများအား ထိခိုက်နစ်နာစေသောအရာဖြစ်လျှင် ကိုယ့်အကျိုးကိုရှာရန် မဟုတ်ပါ။ ဤသို့သောအရာများကို ရှောင်ကြဉ်ရန်ဖြစ်သည်။ အမှန်တကယ် ရက်ရောသောသူဖြစ်ပါ။

## မှန်ကန်သောအရာအပေါ် မေတ္တာထားခြင်း

ဤအရာက အခြားအကြောင်းအရာကို ဖြစ်ပေါ်စေပြီး ယင်းမှာ တစ်ခုခုသော်လည်းကောင်း သို့မဟုတ် နှစ်ခုစလုံးသော်လည်းကောင်း တရားဝင်ဖြစ်ပေါ်သောနေရာ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး ပေးရသည့်ထုံးတမ်းဓလေ့ ကျင့်သုံးသည့်အမှုတွင် ပါဝင်သောသူများပင်ဖြစ်သည်။ ထိုသို့သောကိစ္စရပ်များတွင် ယုံကြည်သူတစ်ယောက်သည် ၎င်းတို့၏ နိုင်ငံ၏ ဥပဒေသကိုချိုးဖောက်လျက် ဤသဘောတရားများတွင် မပါဝင်သင့်ပေ။ ရှင်ပေါလုက ရောမ ၁၃း၁- ၇ တွင် ဤသို့ ရေးသားထားပါသည်။

"အစိုးရသော မင်းအာဏာစက်၏အုပ်စိုးခြင်းကို လူတိုင်း ဝန်ခံစေ။အကြောင်းမူကား၊ ဘုရားသခင်၏အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင် ခန့်ထားတော်မူရာဖြစ်သတည်း။ ထို့ကြောင့်၊ မင်းအာဏာကို ဆန့်ကျင်သောသူသည် ဘုရားသခင်စီရင်တော်မူရာကို ဆန့်ကျင်သောသူဖြစ်၏။ ထိုသို့ဆန်သောသူသည် ရာဇဝတ်ကိုခံရမည်။ မင်းမူကား၊ ကောင်းသောအကျင့်ကို ကျင့်သောသူကြောက်ဖို့ ဖြစ်သည်မဟုတ်။ မကောင်းသော အကျင့်ကိုကျင့်သောသူ ကြောက်ဘို့ဖြစ်၏။ မင်းအာဏာကို မကြောက်ဘဲနေချင်သလော။ ကောင်းသောအကျင့်ကို ကျင့်လော့။ ကျင့်လျှင် မင်းအာဏာကြောင့် ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ မင်းသည်ကား၊ သင်၏အကျိုးအလို့ငှါ ဘုရားသခင်၏အစေခံဖြစ်၏။ မကောင်းသောအကျင့်ကိုကျင့်လျှင် ကြောက်ခြင်း ရှိစေလော့။ အကြောင်းမူကား၊ မင်းသည် အချည်းနှီး ဓားကို ဆောင်သည်မဟုတ်။ မကောင်းသောအကျင့်ကို ကျင့်သောသူတို့ကို အပြစ်တရားစီရင်၍ ရာဇဝတ် ပေးပိုင်သောသူတည်းဟူသော ဘုရားသခင်၏အစေခံ ဖြစ်သတည်း။ ထို့ကြောင့်၊ ရာဇဝတ်ကို ကြောက်သောကြောင့်သာ မင်းအာဏာစက်၏အုပ်စိုးခြင်းကို ဝန်ခံရမည်မဟုတ်။ ကိုယ်ကိုကိုယ်သိသောစိတ်ကို ထောက်၍ ဝန်ခံရမည်။ ထိုအကြောင်းကြောင့် အခွန်အတုတ်ကို ပေးကြလော့။ မင်းတို့သည် ဘုရားသခင်၏အမှုစောင့်ဖြစ်၍၊ အမှုတော်ကို အမြဲထမ်းကြ၏။ ထို့ကြောင့်၊ လူအသီးသီးခံထိုက်သည်အတိုင်း

ပေးကြလော့။ အခွန်ကိုခံထိုက်သောသူအား အခွန်ကိုငင်း၊ အကောက်ကိုခံထိုက်သောသူအား အကောက်ကိုငင်း ပေးကြလော့။ ကြောက်ထိုက်သောသူကို ကြောက်ကြလော့။ ရိုသေထိုက်သောသူကို ရိုသေကြလော့။

အခွင့်အာဏာဟူသည်မှာ ဘုရားသခင်ကိုယ်တိုင်တည်ထောင်ထားသည့် ဘုရားသခင်ထံမှ လာသောအရာဖြစ်သည်။ ယေရှု၏နောက်လိုက်များသည် ၎င်းတို့၏အခွန်အခများနှင့် ထုံးတမ်းများကိုပေးရန် ဖြစ်သည်။ အကြောင်းမှာ ဤသည်မှာ သူတို့ အပေါ်အုပ်စိုးလျက် ဘုရားသခင်၏အစေကို ခံကြသောသူများ ဖြစ်ကြသည့် အစိုးရအခွင့်အာဏာများကို အထောက်အမပေးသည့် နည်းလမ်းဖြစ်ပါသည်။သူတို့သည် ဘုရားသခင်၏အစေခံများ ဖြစ်ကြသဖြင့် ယေရှု၏နောက်တော်သို့ လိုက်သောသူများသည် အစိုးရအခွင့်အာဏာကို နာခံရန်ဖြစ်ပါသည်။ သူတို့ကို နာခံခြင်းမရှိသောသူသည် သူတို့အား ခန့်ထားတော်မူသော ဘုရားသခင်ကို မနာခံရာရောက်ပါသည်။ နာခံမှုရှိသော ယုံကြည်သူများသည် ၎င်းတို့၏ အစိုးရ အခွင့်အာဏာအပေါ် မိမိကိုယ်ကို အပ်နှံမှုရှိသောအခါ သူတို့ထံကလာသော အမျက်ကိုမခံရဘဲ ချီးမြှောက်ခြင်းကိုခံရပါသည်။ သူတို့သည် ၎င်းတို့ကို ဆန့်ကျင်ပြီး အပြစ်ကျူးလွန်ခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အုပ်စိုးသော အစိုးရ၏ အခွင့်အာဏာက သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးပေးခြင်းကို တရားဝင်မဟုတ်ဟု ဖော်ပြလျှင်

ကျင့်သုံးရန်မဟုတ်။ တရားမဝင်သော လုပ်ဆောင်မှုတွင် ပါဝင်ခြင်းသည် ဘုရားသခင်ကို ပြစ်မှားခြင်းဖြစ်သည်။[၉] ရှင်ယာကုပ် ၄း၁၇ က "ထို့ကြောင့် ကောင်းသောအကျင့်ကို သိလျက် မကျင့်ဘဲနေသောသူသည် အပြစ်ရှိ၏" ဟု ဖော်ပြထားပါသည်။

## ဖြောင့်မတ်ခြင်း၊ဘုရားဝတ်၌မွေ့လျော်ခြင်း၊ယုံကြည်ခြင်း၊ သည်းခံခြင်း၊နှင့် နူးညံ့သိမ်မွေ့ခြင်းကို မြတ်နိုးခြင်း။

ယေရှု၏နောက်တော်သို့လိုက်သောသူတို့သည် ၎င်းတို့အား တပ်မက်ခြင်းနှင့်လောဘ၏သွေးဆောင်ခြင်း၌ မရောက်မည်အကြောင်း သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးကို ခွင့်ပြုတော်မမူကြောင်း သတိပြုကြရပေမည်။ ပညတ်တော်ဆယ်ပါးတွင် ဘုရားသခင်က "တပ်မက်လိုချင်သောစိတ်မရှိစေနှင့်" ဟု မိန့်တော်မူသည်။(ထွက်၊၂၀း၁၇) သို့မဟုတ် တနည်းအားဖြင့်ဆိုသော် သူတပါး ပိုင်ဆိုင်ထားသောအရာများကို ရရှိလိုစိတ် မရှိပါ

[၉] မှတ်ချက်။ အစိုးရက သမ္မာကျမ်းစာနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ခပ်သိမ်းသောအရာကို လုပ်ဆောင်ရန် ပြောဆိုထားသောအခါ ယုံကြည်သူများသည် အဘယ်အရာကို လုပ်ဆောင်ကြရမည်နည်း။ သူတို့သည် သာ၍မြင့်မားသည့်အဆင့်ရှိသောသမ္မာကျမ်းစာကို အမြဲနာခံကြရမည်။ ထိုသို့ လုပ်ဆောင်သောအခါ ရှင်ပေါလုကတိမောသေအား ပြောဆိုသောစကားများဖြစ်သည့် "ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကိုခံရကြလိမ့်မည်"ကို သတိရရန်လိုအပ်ပါသည်။

စေနှင့် ဟူ၍ဖြစ်သည်။ တစ်နေ့တွင် ကွယ်ပျောက်မည့် အခြား
သူများ ပိုင်ဆိုင်သောအရာ၊ သို့မဟုတ် အဆင့်အတန်း၊ သို့မဟုတ်
ဂုဏ်အခြေအနေကို တပ်မက်ထားခြင်းသည် ယုံကြည်သူများအဖို့
တန်ဖိုးရှိသောအရာများမဟုတ်ပေ။ (၁ယော၊၂း၁၅-၁၇)
အကြောင်းမှာ လူတို့၏မျက်စိအမြင်အားဖြင့် မက်မောဖွယ်ရာ
ကောင်းသောအရာများသည် ဘုရားသခင်၏မျက်မှောက်တော်
တွင် စက်ဆုပ်ရွံ့ရှာဖွယ်ရာဖြစ်ပါသည်။ (လုကာ၊၁၆း ၁၄-၁၅)
တပ်မက်သောစိတ်နှင့် လောဘသည် မလျော်ကန်သောအပြုအမူ
ကိုဖြစ်ပေါ်စေပြီး လူတစ်ဦး၏ကိုယ်ကျင့်တရားကို အဆိုးအားဖြင့်
လွှမ်းမိုးထားပါသည်။ ယေရှုက “အဘယ်သူမျှ သခင်နှစ်ဦး၏
အစေကိုမခံနိုင်။ သခင်တဦးကိုမုန်း၍ တဦးကိုချစ်မည်။ သခင်
တဦးကို မှီခို၍ တဦးကို မခန့်မညားပြုမည်။ သင်တို့သည် ဘုရား
သခင်၏အစေကိုဝင်း၊ လောကီစည်းစိမ်၏အစေကိုဝင်း၊ မခံနိုင်
ကြ”ဟု မိန့်တော်မူသည်။ (မဿဲ ၆း၂၄ )

လောဘနှင့်ဆက်စပ်လျက်ရှိသော အကြောင်းအရာနှင့်စပ်လျဉ်း
၍ တမန်တော်ရှင်ပေါလုက ၎င်း၏စာဖတ်ပရိသတ်များအား
ငွေတပ်မက်ခြင်း၏အကျိုးကျေးဇူးကို သတိပေးထားပါသည်။

“ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီး
စွာသောအကျိုးစီးပွါးမှန်၏။ အကြောင်းမူကား၊ ငါတို့သည် ဤ
လောကထဲသို့ အဘယ်အရာမျှ မပါဘဲ လာသည်ဖြစ်၍၊ ထွက်သွား

လျှင်လည်း၊ အဘယ်အရာကိုမျှယူ၍ မသွားနိုင်ဟု ထင်ရှားလျက် ရှိ၏။ သို့ဖြစ်၍၊စားရန်၊ဝတ်ရန်၊ ရှိသမျှနှင့်ရောင့်ရဲလျက် နေကြကုန်အံ့။ ငွေရတတ်ခြင်းငှါအ လိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဖမ်းမိခြင်း၊ မိုက်မဲဖျက်ဆီးတတ်သော တပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌ နစ်မွန်းတတ်ကြ၏။ အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်းတို့တွင် မူလအမြစ် ဖြစ်သတည်း။ လူအချို့တို့သည် ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍၊ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ် ထုတ်ချင်းခပ်အောင်ထိုးကြပြီ။ သို့ဖြစ်၍၊ အိုဘုရာသခင်၏ လူ၊ သင်သည် ထိုအပြစ်များကိုကြဉ်ရှောင်လော့။ ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကို မှီအောင်လိုက်လော့။" (၁တိမောသေ ၆း၆-၁၁ )

လူတစ်ဦး၏သက်သောင့်သက်သာရှိခြင်း၊ စည်းစိမ်၊ အဆင့်အတန်း၊ တန်ခိုး၊ ထိန်းချုပ်နိုင်မှု စသည်တို့အတွက် ရည်ရွယ်၍ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးကို ရယူခြင်းသည် မသင့်လျော်သောအကြောင်းတရားပင်ဖြစ်သည်။ ရှင်ပေါလု ပြောဆိုသကဲ့သို့ ငွေကိုတပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သည်။ယေရှု၏နောက်တော်သို့ လိုက်သောသူတို့အား ငွေနှင့် မျှော်လင့်ချက်ကို ပြည့်စုံစေသောအရာကို မဟုတ်ဘဲ

လူကိုချစ်ကြရန် ဖြစ်သည်။သူတို့သည် ဘုရားမွေ့၌ မွေ့လျော်သူများ၊ သူတို့ပိုင်ဆိုင်ထားသောအရာတို့တွင် ရောင့်ရဲတတ်သောသူများ၊ ကျေနပ်နေသောသူများ ဖြစ်ကြရန်လိုသည်။ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ သူတို့ ပိုင်ဆိုင်ထားသောအရာသည် ဘုရားသခင်ထံက လာသောအရာဖြစ်ပါသည်။ ရောင့်ရဲတင်းတိမ်မှု မရှိခြင်းသည် ဘုရားသခင်နှင့် ၎င်း၏မစသနားခြင်းအပေါ် အားရကျေနပ်ခြင်း မရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဟဗက္ကုတ် ၃း၁၇-၁၉ တွင် ဖော်ပြထားသည့် ဟဗက္ကုတ်၏စိတ်သဘောထားမှာ ယုံကြည်သူအဖို့ အဖိုးမဖြတ်နိုင်သောအရာပင်ဖြစ်သည်။

"သင်္ဘောသဖန်းပင်မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကိုမျှော်လင့်၍မခံရ၊ လယ်တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌သိုးကုန်၍ တင်းကုတ်၌နွားမရှိရ။ သို့သော်လည်း ထာဝရဘုရား၌ ငါဝမ်းမြောက်၍၊ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြုလျက် ရွှင်လန်းမည်။ အရှင်ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိဖြစ်တော်မူ၏။ ငါ့ခြေကို သမင်ခြေကဲ့သို့ဖြစ်စေ၍၊ငါ၏မြင့်ရာအရပ်ပေါ်မှာ ငါ့ကိုနေရာချတော်မူမည်။"

ယေရှု၏နောက်လိုက်များသည် ကြွယ်ဝချမ်းသာလိုစိတ်ရှိကြသောအခါ ၎င်းသည် သူတို့ကိုဖျက်ဆီးပြီး ယုံကြည်ခြင်းတရားနှင့် ဝေးကွာစေလိမ့်မည်။ ဤသည်မှာ ရှင်ပေါလုက ၎င်း၏

စာဖတ်ပရိသတ်များအား ချမ်းသာကြွယ်ဝခြင်းသည် သူတို့ကို ဖျက်ဆီးတတ်သည်ဖြစ်၍ နှမြောသသမဖြစ်ဘဲ ထွက်ပြေး လွတ်မြောက်ကြရန် တိုက်တွန်းထားသည့် အကြောင်းတရားပင်ဖြစ်ပါသည်။ အပြန်အလှန်သဘောဖြင့်ဆိုသော် သူတို့သည် ဖြောင့်မတ်ခြင်း၊ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကို မှီအောင်လိုက်ရန်ဖြစ်သည်။ လူတစ်ဦးသည် ဤအရည်အချင်းများ နောက်သို့ ကြိုးစား၍ အမှီလိုက်လျှင် ထိုသူသည် ကျေနပ်ရောင့်ရဲမှုကို တွေ့ရှိရလိမ့်မည်။

## အခြားသူများအား ကူညီမစခြင်းကိုနှစ်သက်ခြင်း။

စည်းစိမ်အကြောင်းနှင့် သက်ဆိုင်သောအရာကို စဉ်းစားချင့်ချိန်သောအခါ ပေးကမ်းခြင်းနှင့်စပ်လျဉ်း၍ ကောရိန္တုယုံကြည်သူများအား သွန်သင်ဆုံးမသည့်အချိန်တွင် ရေးသားထားသည့် ၂ကော ၈း၁၃-၁၅ ကို ဆင်ခြင်ကြည့်ကြပါစို့။

> “ဤအမှုအရာ၌ အခြားသောသူတို့သည် ချမ်းသာရ၍ သင်တို့သည် ဆင်းရဲစေခြင်းငှါ ငါအကြံရှိသည်မဟုတ်။ များများရသောသူမပို။ နည်းနည်းရသောသူ မလိုဟူသော ကျမ်းစကားနှင့်အညီ၊ မျှခြင်းတရားကိုထောက်၍၊ ယခု၌ သင်တို့၏စည်းစိမ်သည် သူတို့၏ဆင်းရဲကို မစသဖြင့်ဂင်း၊ အညီအမျှဖြစ်စေခြင်းငှါ ငါအကြံရှိ၏။”

ဤကျမ်းပိုဒ်၌ တမန်တော်ရှင်ပေါလုသည် ယေရုရှလင် အသင်းတော်၌ရှိသော ဆင်းရဲသည့် ယုံကြည်သူများအား ကူညီမှု ပြုရာတွင် ပါဝင်ဖို့ အလှူငွေ စုသိမ်းကောက်ယူခြင်းအကြောင်း ကောရိန္သုယုံကြည်သူများအား ရေးသားပေးပို့ခြင်းဖြစ်သည်။ ဆင်းရဲသားများအတွက် သူတို့၏ ပါဝင်ပေးကမ်းခြင်းသည် အခြား သူများ ခံစားရသောဒုက္ခကို သင်ခန်းစာယူရင်း သူတို့အား ထိခိုက် နာကျင်စေရန် ရည်ရွယ်လျက် လုပ်ဆောင်ထားခြင်းမဟုတ် ကြောင်းကို ရှင်ပေါလုက သူတို့အား သိစေပါသည်။ တနည်းအား ဖြင့် ၎င်းတို့၏ပေးကမ်းစွန့်ကြဲခြင်းသည် လက်ရှိအချိန်တွင် ဒုက္ခရောက်၍ လိုနေသောသူတို့အဖို့ အကူအညီဖြစ်လိမ့်မည်။ သို့မှသာ အနာဂတ်တွင် ကောရိန္သုမြို့သား ယုံကြည်သူများအလိုရှိ သောအချိန်၌ သူတို့ကူညီထားသောသူများက သူတို့ကို ပြန်လည် ကူညီမည်။ ဤအရာက တူညီမျှတမှုကို ဖြစ်စေမည်။ များများရ သောသူမပို၊ နည်းနည်းရသောသူမလိုဖြစ်မည်။

ဝေမျှခြင်း၏ဤစိတ်သဘောထားသည် တမန်တော် ၂း၄၄-၄၅ တွင်တွေ့ရှိရသကဲ့သို့ ကနဦးအသင်းတော်၏ စိတ်သဘောထား ပင်ဖြစ်ပါသည်။ "ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေး တည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကို ဆက်ဆံ၍ သုံးဆောင်ကြ ၏။ မိမိဥစ္စာပစ္စည်းများကို "ရောင်းပြီးလျှင်၊ လူများ ဆင်းရဲသည် အတိုင်း အသီးအသီးတို့အား ဝေငှခြင်းကိုပြုကြ၏။" မိမိ၏လိုအပ် ချက်ကိုမကြည့်ဘဲ သူတပါး၏လိုအပ်ချက်ကိုသာ ကြည့်ခြင်း

အားဖြင့် တစ်ဦးကိုတစ်ဦးကူညီမစခြင်းကိုပြုသည့် ယုံကြည်သူများ၏ လှပသော ပုံရိပ်တစ်ခုပင် ဖြစ်ပါတကား။(ဖိလိပ္ပိ၊ ၂း ၃-၄)တမန်တော်ရှင်ပေါလုက ဧဖက်အသင်းတော်ခေါင်းဆောင်များအား ပြောဆိုသည့်စကားကိုလည်း သတိပြုလျက် နှလုံးသွင်းကြပါစို့။

"ထိုသို့ သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသောသူတို့ကိုမစရမည်ကိုငှင်း၊အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှု မိန့်တော်မူသောစကားတော်ကို အောက်မေ့ရမည်ကိုငှင်း၊ အရာရာ၌ သင်တို့အား ငါပြသပြီ။" (တမန် ၂၀း၃၅)

## ခမ်းနားထယ်ဝါမှုနှင့်အခြေအနေထက် လူတို့ကိုချစ်ခြင်း

လက်ထပ်ထိမ်းမြားခြင်းနှင့် ပါတ်သက်ပြီး ဆွေးနွေးထားသည့် အခြားအချက်မှာ သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးသည် လက်ထပ်ပွဲ အခမ်းအနားပင်ဖြစ်သည်။ ဤအဖြစ်အပျက်များမှာ အကြွေးထဲသို့ တွန်းပို့ပေးသည့် ကုန်ကျစရိတ်များစွာ သုံးဖြုန်းမှုကြီးပင်ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်လက်ထပ်ထိမ်းမြားခြင်းသည် မည်သို့ဖြစ်သင့်သနည်း။ ၎င်းသည် ဤသို့ဖြစ်သင့်သည်။

- ♥ အထူးတလည်လုပ်ဆောင်သောအလုပ်
- ♥ မင်္ဂလာပွဲကျင်းပသည့်နေ့ရက်
- ♥ ဘဝအသက်တာအတွက် စုံတွဲတစ်တွဲ ပေါင်းစည်းသည့်အချိန်
- ♥ မိတ်ဆွေများ၊ မိသားစုများသည် သက်သေအဖြစ် အတူတကွ ရောက်ရှိလာကြကာ ဤပေါင်းစည်းခြင်းမင်္ဂလာကို ကျင်းပသောနေ့ရက်

လက်ထပ်ထိမ်းမြားခြင်းသည် မည်သည့်အရာနှင့် တူညီမှု မရှိသင့်သနည်း။ ဤသို့မဖြစ်သင့်ပါ။

- ♥ အခြားသူများ၏မင်္ဂလာပွဲနှင့်ယှဉ်ပြိုင်ခြင်း၊
- ♠ တစ်စုံတစ်ဦးတွင်ရှိသောအရာ သို့မဟုတ် သူ၌ရှိကြောင်း အခြားသူများကို ယုံစေလိုသောအရာကို ကြွားလုံးထုတ်သည့်အချိန်၊
- ♠ တစ်စုံတစ်ယောက်အား နှစ်ပေါင်းများစွာ ရှည်ကြာအောင် အကြွေးနွံထဲ တွန်းချသည့်အချိန်ခါသမယ။

ဤသို့သုံးထားခြင်းသည် ငွေကိုပညာရှိသောနည်းဖြင့် အသုံးမပြုခြင်းဖြစ်သည်။ ဘုရားသခင်ကိုလည်း အားရကျေနပ်စေခြင်းမရှိပါ။ ရှင်ပေါလုက ၁ကော ၄း ၂တွင် "ဘဏ္ဍာစိုးမည်သည်ကား သစ္စာရှိရမည်"ဟု ဖော်ပြထားပါသည်။ ယေရှု၏နောက်တော်သို့လိုက်

သောသူတို့သည် ၎င်းတို့၏ငွေကြေးသုံးစွဲခြင်း အပါအဝင် ဘုရားသခင်က သူတို့အား အပ်နှင်းထားသောအရာများကို သစ္စာရှိစွာ စောင့်ထိန်းရဖြစ်သည်။

အနာဂတ်သတို့သမီးနှင့် သတို့သားတို့၏မိဘများသည် အတူတကွ ရောက်ရှိလာကြပြီး သတို့သမီးတန်ဖိုး သို့မဟုတ် မင်္ဂလာခန်းဝင်ကြေးကို မတောင်းတော့ဘဲ သူတို့တတ်နိုင်သည်အတိုင်း လက်ထပ်ပွဲကုန်ကျစရိတ်ကို အတူတကွ မျှဝေသည့် အခြေအနေတစ်ခုကို စိတ်ကူးကြည့်ပါ။ သူတို့တစ်ဦးစီသည် ၎င်းတို့၏ တတ်နိုင်သည်အတိုင်း ပေးပြီး အကြွေးမတင်သည်သာမက သားသမီးများကိုလည်း အကြွေး၏ဖိနှိပ်မှုအောက်သို့ မရောက်သည်ကိုလည်းကောင်း၊ ၎င်းတို့၏ပန်းတိုင်သည် ခက်ခဲသည့် တောင်းဆိုမှုများမပါဘဲ သူတို့၏ဘဝကို အတူအကွ စတင်ရာတွင် အကူအညီပေးခြင်းကိုလည်းကောင်း စိတ်ကူးယဉ်ကြည့်ပါ။ သတို့သမီးနှင့် သတို့သားနှစ်ဦးစလုံးတို့၏ မိဘများသည် ထိုသို့သောမေတ္တာနှင့် စောင့်ရှောက်ဖေးမမှုကို ပြသမည်ဆိုလျှင် ဤမိသားစုနှစ်ခု၏ ပေါင်းစည်းခြင်းအကျိုးကို မျှော်လင့်စောင့်စားနိုင်လိမ့်မည်။

အထက်တွင် "ရက်ရောသောစိတ်သဘောဖြင့်အခြားသူများကို ချစ်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသကဲ့သို့ မိဘများသည် ၎င်းတို့၏သားသမီးများအား မည်သို့ကူညီနိုင်မည်၊ မည်မျှကူညီနိုင်မည်စသဖြင့်ရှင်းပြနိုင်ပြီး ၎င်းတို့၏သားသမီးများက မင်္ဂလာပွဲ

မည်သို့ကျင်းပမည်ကို ဆုံးဖြတ်ကြပါစေ။ အတူတကွ ဆုတောင်း ပဌနာပြုပြီးနောက် သူတို့တွင်ရှိသောအရာနှင့် သို့မဟုတ် ဘုရားသခင် ကူညီမစမည့်အရာဖြင့် မည်သို့လုပ်ဆောင်မည်ကို အစီအစဉ်ရေးဆွဲကြပါစေ။ မိဘများနှင့် ၎င်းတို့၏သားသမီးများသည် ခမ်းနားထည်ဝါမှုနှင့် ပတ်ဝန်းကျင်ကို အမှုထား ဦးတည်ထားခြင်းမဟုတ်ဘဲ ဘုရားသခင်၏ဘုန်းတော်ကို ဦးထိပ်ထား၍ မင်္ဂလာရှိပြီး လက်ခံနိုင်ဖွယ်ဖြစ်သောလက်ထပ်ပွဲကို ကျင်းပပြုလုပ်နိုင်ရန် အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။

ဖိတ်ကြားခြင်းကိုခံရသောသူများအဖို့ ဈေးပေါပေါလက်ထပ်ပွဲ အခြေအနေကို အဘယ်သူမျှမလိုလားကြသည်ကို သိသည်။ အခြားသူများစဉ်းစားမိသောအရာမှာ လက်ခံနိုင်ဖွယ်အပြုအမူတွင် အရာခပ်သိမ်းကိုလုပ်ဆောင်ခြင်းသည် မိသားစုများကို အကြီးအကျယ် အဟန့်အတားပြုသည်ဟူသော အချက်ဖြစ်ပါသည်။ သို့သော် ဤသို့သောခံစားချက်မျိုးကို စဉ်းစားချင့်ချိန်တတ်ပြီး ဘုရားသခင်အား ရိုသေလေးမြတ်သောအရာလုပ်ဆောင်ခြင်းကိုသာ ဦးတည်လျက်နေခြင်းအားဖြင့် ဖယ်ရှောင်ရမည့်နည်းလမ်းများစွာ ရှိပါသည်။ လူတစ်ဦးတွင် လက်ထပ်မင်္ဂလာပွဲငယ်လေး ကျင်းပပြီး ဧည့်သည်များဟူ၍ ဆွေမျိုးများနှင့် အရင်းနှီးဆုံးမိတ်ဆွေများသာရှိကြသည်။ ထိုစုံတွဲသည် ဧည့်သည်များအား အရေးမပါသော ကိစ္စများတွင် ငွေကုန်ကြေးကျမှု မရှိဘဲ ကောင်းမွန်စွာကျွေးမွေးနိုင်သည်။ သူတို့၏မင်္ဂလာပွဲကို တက်ရောက်လာခြင်း

ဖြင့် ၎င်းတို့အား အလေးထားသော ဧည့်သည်များကိုလည်း ကောင်းစွာပြုစုနိုင်သည်။

စုံတွဲတစ်တွဲစီတိုင်းသည် သူတို့အတွက် အရေးကြီးဆုံးသောအရာများကို ဆုံးဖြတ်ချက် ချသင့်ပါသည်။ သူတို့၏လက်ထပ်မင်္ဂလာပွဲကိုလည်း ဘုရားသခင်ကို ဂုဏ်တက်စေပြီး လက်ခံနိုင်ဖွယ်ဖြစ်သည့် အဖြစ်အပျက်အဖြစ် မည်သို့ စီစဉ်လုပ်ဆောင်မည်ကိုလည်း ဆုတောင်းလျက် ဆုံးဖြတ်သင့်ကြပါသည်။ လက်တွေ့မကျသော အရာကို ဦးတည်ထားခြင်းထက် အရေးပါသောသူနှင့် အရေးပါသောအရာများကို ဦးတည်ထားခြင်းက အရာခပ်သိမ်း လုပ်ဆောင်မှုကို လွယ်ကူချောမွေ့စေပြီး အကုန်အကျလည်း သက်သာစေသည်။ အရာအားလုံးကို ကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်သည့် ပြည့်စုံသော ဘုရားသခင်ကို ကျွန်ုပ်တို့ ပိုင်ဆိုင်ထားသည်ကိုလည်း သတိရပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်သည်ဖြစ်၍ ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ သားသမီးများအတွက် ကောင်းသောအရာများကို သိုမှီးပေးထားကြောင်းကိုလည်း သတိရအောက်မေ့ရန် လိုအပ်ပါသည်။(ရောမ၈း၃၁-၃၂) ရှင်ယာကုပ်က "အကြောင်းမူကား၊ ဆုမတောင်းဘဲ နေကြ၏။ ဆုတောင်းလျှင်လည်း ကာမဂုဏ် ခံစားစရာဘို့ ရှိစေခြင်းငှါ၊ အလွဲတောင်းသောကြောင့် မရကြ"ဟုဆိုသည်။(ယာကုပ် ၄း၂၈-၃) ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများကို ကြွယ်ဝစွာရရှိပိုင်ဆိုင်နိုင်ဖို့ မှန်ကန်သောစိတ်သဘောဖြင့် ဆုတောင်းကြပါစို့။

## အသင်းတော်တွင်း၌

အသင်းတော်တစ်ခု၊ အသင်းတော်များစွာနှင့်/ သို့မဟုတ် အဖွဲ့အစည်းများသည် တင်ပြထားသောသမ္မာကျမ်းစာသဘော တရားများကို ထောက်ခံမှုပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ သူတို့သည် ကောင်းကြီးမင်္ဂလာကို သိသိသာသာခံစားကြ သည်။ သို့ရာတွင် ဤဖြစ်စဉ်တွင် မယုံကြည်သူများ ပူးပေါင်း ပါဝင်လာမည့်အချိန်တွင်ဖြစ်မည့် အခြေအနေများစွာရှိသည်။

ပထမအချက်အနေဖြင့်၊ ယေရှု၏နောက်လိုက်များသည် အခြား ယေရှု၏နောက်လိုက်များကိုသာ လက်ထပ်ထိမ်းမြားရန် ဖြစ်ကြောင်းကို သမ္မာကျမ်းစာက အထင်အရှား ဖော်ပြထားပါ သည်။ (၁ကော ၇း ၃၉၊ ၂ကော ၆း ၁၄- ၁၅) ဤအရာနှင့် ပါတ်သက်ပြီး အကြောင်းပြချက်မရှိပါ။ ထိုသို့ရှင်းလင်းစွာ ဖော်ပြ ထားသည့်အခြေအနေတွင် ယုံကြည်သူနှစ်ဦးသည် တစ်ဦးကို တစ်ဦးလက်ထပ်ထိမ်းမြားလိုသောဆန္ဒရှိလာကြမည်။ တစ်ဦးမှာ ယုံကြည်သူမိသားစုထဲကဖြစ်ပြီး အခြားတစ်ဦးမှာ မယုံကြည်သူ မိသားစုထဲကဖြစ်သည်။ ယုံကြည်သူမိသားစုက သမ္မာကျမ်းစာ သဘောတရားများကို လိုက်လျှောက်လိုသောဆန္ဒရှိပြီး မယုံကြည် သောမိသားစုက မလိုက်လျှောက်လိုဘဲ များစွာသောသတို့သမီး တန်ဖိုး၊ မင်္ဂလာခန်းဝင်ကြေး သို့မဟုတ် မင်္ဂလာပွဲအတွက် မလိုလား

အပ်သော ကုန်ဆုံးမှုများကို လုပ်ဆောင်စေလိုသော ဆန္ဒရှိလာလျှင် အဘယ်အရာကို လုပ်ဆောင်ရမည်နည်း။

ထိုသို့သောအခြေအနေ၌ ကွန်ုပ်ဖြစ်စေလိုသောအရာမှာ အစာရှောင် ဆုတောင်းပြီးနောက် ယုံကြည်သူမိသားစုထဲက မိဘများသည် မယုံကြည်သောမိဘများအား စကားပြောပြီး သူတို့သည် ငွေကြေးကို မည်သို့ကူညီဖေးမနိုင်ကြောင်း၊ စုံတွဲအားကူညီရန် ၎င်းတို့၏ဆန္ဒမှာ ထိုမင်္ဂလာပွဲတွင် အကြွေးမတင်ဘဲ မိသားစုဘဝစတင်ရန်နှင့် ဤသို့သောအရာများကို အမှန်တကယ် လုပ်ဆောင်ခြင်းတွင် သူတို့နှင့်အတူ အတူတကွ ပူးပေါင်းလုပ်ဆောင်လိုသည့် ဆန္ဒရှိကြောင်းကို သေချာစွာရှင်းပြရမည်။ ထိုနည်းတူစွာ မယုံကြည်သူမိသားစုထဲက ကလေးသည်လည်း သူ သို့မဟုတ် သူမ၏ မိဘအားပြောဆိုနိုင်ပြီး များပြားလှသော သတို့သမီးတန်ဖိုး၊ မင်္ဂလာခန်းဝင်ကြေး သို့မဟုတ် မလိုလားအပ်သော မင်္ဂလာဆောင်အကုန်အကျများကို မတောင်းဆိုရန် တိုက်တွန်းနိုင်ပါသည်။ သူတို့သည် အမှန်တကယ်သဘောတူ လက်ခံလျှင် ဘုရားသခင်ကို ချီးမွမ်းရမည်ဖြစ်သည်။ ဘဘောတူလက်ခံခြင်းမရှိလျှင် ယုံကြည်သောမိသားစုသည် ဤကိစ္စနှင့်ပါတ်သက်ပြီး လက်ထပ်မည့်စုံတွဲနှင့် ၎င်းတို့၏အသင်းတော်နှင့်အတူ ဆက်လက်ဆုတောင်းပြီး သူတို့အား လုပ်စေလိုသောအရာကို ဘုရားသခင်အား မေးမြန်းရပါမည်။ သူသည် ကြီးမားသောအမှုကို ကူညီဖြေရှင်းပေးနိုင်သည့် ဘုရားသခင်ဖြစ်ပါသည်။ မယုံကြည်သူ

မိသားစုသည် ၎င်းတို့၏တောင်းဆိုမှုနှင့် ပါတ်သက်ပြီး စိတ်သဘောထား ပြောင်းလဲခြင်းမရှိလျှင် ပါဝင်သော ယုံကြည်သူများသည် လက်ထပ်ထိမ်းမြားခြင်း ဖြစ်ပေါ်လာနိုင်ရန် သူတို့လုပ်ဆောင်နိုင်သော လိုက်လျောမှုများကို လုပ်ဆောင်ရန် ဆုံးဖြတ်ရလိမ့်မည်။ မိသားစုနှစ်ခုလုံးသည် မယုံကြည်သူများဖြစ်ပြီး လက်ထပ်ရန် ဆုံးဖြတ်ချက်ချသူများသည် ယုံကြည်သူများဖြစ်သောအခါ သူတို့သည် ၎င်းတို့၏သင်းအုပ်နှင့် အသင်းတော်ရှိယုံကြည်သူများနှင့်အတူ အတူတကွ ဆုတောင်းပြီး ဘုရားသခင်၏လမ်းပြမှုကို ရှာဖွေသင့်ပါသည်။ ထို့နောက် သူတို့သည် ၎င်းတို့၏မိဘများအား သင်းအုပ်၏အကူအညီဖြင့် များပြားလှသော သတို့သမီးတန်ဖိုး သို့မဟုတ် မင်္ဂလာခန်းဝင်ကြေးကို မျှော်လင့်မထားဘဲ ကူညီမစပေးရန် တောင်းဆိုမှုကိုပြုနိုင်သည်။

ယေရှု၏နောက်လိုက်များက မယုံကြည်သူတစ်ဦးကို လက်ထပ်ထိမ်းမြားလိုသောအခါ မည်သို့လုပ်ဆောင်မည်နည်း။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် ယုံကြည်သူသည် ဘုရားသခင်၏စကားကိုလွန်ဆန်ပြီး မိမိစိတ်အလိုအတိုင်း ရွေးချယ်သည်ဖြစ်၍ ၎င်းတို့၏ရိုးရာယဉ်ကျေးမှုအတိုင်း သူ့အပေါ်တင်ထားသော တောင်းဆိုမှုများကို နာခံရမည်။ သို့ဖြစ်၍ ယုံကြည်သူတစ်ဦးအနေဖြင့် နာခံခြင်းမရှိဘဲ အသက်ရှင်ခြင်းထက် ဘုရားသခင်၏လမ်းပြပို့ဆောင်မှုနှင့်အကာအကွယ်ပေးမှုအောက်တွင် အမြဲရှိနေ၍ ၎င်း၏ကောင်းကင်ဘုံရှင်အဘကို နာခံသောသူဖြစ်

ရန်မှာ အလွန်ပင် အရေးကြီးပါသည်။ ယုံကြည်သူတစ်ဦး၏ ထိုသို့ နာမခံခြင်းကြောင့် ဖြစ်ပေါ်လာသည့်အကျိုးကို လက်ထပ်ပြီးနောက်တွင်သာ သတိပြုမိပြီး နှလုံးကြေကွဲ ခံစားရပါသည်။ အထူးသဖြင့် ကလေးများမွေးဖွါးလာပြီး သူတို့ကို ပြုစုပျိုးထောင်လာရသည့်အချိန်တွင် ကွဲပြားခြားနားသော ဦးတည်မှုများ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လက်ထပ်ထိမ်းမြားသည့်အချက်ကို ပြန်လည်ဆင်ခြင်ကြည့်သည့် အခြေအနေတစ်ရပ်သို့ မရောက်ရှိမီ ထိုသို့သောဆက်နွယ်မှုတစ်ခုကို ဖြတ်တောက်စွန့်ပစ်လျှင်သာ၍ကောင်းပေသည်။

## အသင်းတော်အပြင်ဘက်တွင်

အသင်းတော်သည် ၎င်းတည်ရှိနေသောနေရာရှိ(သူတို့တွင် မတူညီသောအဆင့်အတန်းရှိသောကြောင့်) ခေတ်ပြိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းထက် မတူခြားနားသည့် လုပ်ဆောင်မှုကို ပြုမူသင့်သည်ဟု နားလည်ရသော်လည်း ၎င်းတည်ရှိနေသော ယဉ်ကျေးမှုထုံးတမ်းနှင့် လိုက်လျောညီထွေမှုရှိရန် လိုအပ်သည်ကိုမူ နားလည်ရပါသည်။ အသင်းတော်၏ပန်းတိုင်သည် ပျောက်ဆုံးသောသူများအား ခရစ်တော်ထံ ပို့ဆောင်ပေးရန်ဖြစ်သောကြောင့် ထိုသို့ လုပ်ဆောင်နိုင်သည့်အချိန်တွင် သမ္မာကျမ်းစာနှင့် ဒွိဟမဖြစ်သော ယဉ်ကျေးမှုထုံးတမ်းများနှင့်အညီ လုပ်ဆောင်ရန် အရေးကြီးလှပါသည်။ မတူကွဲပြားခြားနားရန် ခေတ်ပြိုင်ယဉ်ကျေးမှု

ထုံးတမ်း လုပ်ဆောင်သမျှအရာသောအရာကို ဆန့်ကျင်ခြင်းသည် အကျိုးမဲ့သော အဖြစ်မျိုးနှင့်တူသည်။ တမန်တော် ရှင်ပေါလု အသက်ရှင်သော ဤပုံစံကို ကျေးဇူးပြု၍ ဆင်ခြင်ကြည့်ပါ။

"ငါသည် အဘယ်သူ၏ကျွန်မဖြစ်သော်လည်း သာ၍ များသောသူတို့ကိုရခြင်းငှါ လူတကာတို့၏ကျွန်ခံရ၏။ ယုဒလူတို့ကိုရခြင်းအလို့ငှါ ယုဒလူတို့၌ ယုဒလူကဲ့သို့ဖြစ်၏။ ပညတ်တရားကို ကိုယ်တိုင်မဆည်းကပ်သော်လည်း၊ ပညတ်တရားကို ဆည်းကပ်သောသူတို့ကိုရခြင်းအလို့ငှါ၊ ပညတ်တရားကို ဆည်းကပ်သောသူတို့၌ ပညတ်တရားကို ကျင့်သောသူကဲ့သို့ ဖြစ်၏။ ဘုရားသခင်ရှေ့တော်၌ တရားမဲ့မနေ၊ ခရစ်တော်၏ တရားကိုကျင့်သောသူ ဖြစ်သော်လည်း၊ ပညတ်တရားမဲ့သောသူတို့ကို ရခြင်းအလို့ငှါ ပညတ်တရားမဲ့သောသူတို့၌ ပညတ်တရားမဲ့သောသူကဲ့သို့ဖြစ်၏။ အားနည်းသောသူတို့ကိုရခြင်းအလို့ငှါ အားနည်းသောသူတို့၌ အားနည်းသောသူကဲ့သို့ဖြစ်၏။ အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလို့ငှါ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏။ သင်တို့နှင့်အတူ ဧဝံဂေလိတရားကို ဆက်ဆံခြင်းအလို့ငှါ၊ ဧဝံဂေလိတရားကြောင့် ထိုသို့ ငါပြုလေ့ရှိ၏။"(၁ကော ၉း၁၉-၂၃ )

လက်သင့်ခံနိုင်ဖွယ်ရှိသောယဉ်ကျေးမှုထုံးတမ်းများအတွင်း၌ လုပ်ဆောင်လာသောအခါ အသင်းတော်ဝင်များသည် ယုဒလူတို့တွင်ယုဒလူအဖြစ်လည်းကောင်း၊ တပါးအမျိုးသားတို့တွင် တပါးအမျိုးသားအဖြစ်လည်းကောင်း သွေးစည်းလုပ်ဆောင်နိုင်သည်။ ဤသို့ဖြင့် ပျောက်ဆုံးသောသူများအား ခရစ်တော်ထံသို့ ပို့ဆောင်ရန် သိမ်းပိုက်ပေးနိုင်သည့်အခွင့်ထူးများကို ပို၍ ဖန်တီးယူနိုင်မည်ဖြစ်သည်။

သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးပေးရသည့်ထုံးတမ်းနှင့်ပါတ်သက်ပြီး အသင်းတော်များက ဤကျင့်ထုံးများသည် သမ္မာကျမ်းစာနှင့် ကိုက်ညီမှုရှိမရှိကို ဆုံးဖြတ်ချမှတ်ရန် လိုအပ်ပါသည်။ ကိုက်ညီမှုရှိလျှင် ယုံကြည်သူများသည် ခရစ်တော်အတွက် လူများကိုသိမ်းပိုက်ရယူနိုင်သည့် နည်းလမ်းများအဖြစ် ပါဝင်လုပ်ဆောင်သင့်ပါသည်။ သမ္မာကျမ်းစာနှင့် လိုက်လျောညီထွေမှုမရှိလျှင် အသင်းတော်သည် ရွေးချယ်မှုကိုပြုရပါမည်။ ပထမအချက်အနေဖြင့် သမ္မာကျမ်းစာသဘောတရားများကို သိရှိစေရန် သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးပေးရသည့်ထုံးတမ်းဓလေ့ကို ပြုပြင်ရမည်။ ဤနည်းအားဖြင့် ယုံကြည်သူများသည် ပျောက်ဆုံးသူများကို ပြန်လည်သိမ်းပိုက်ရယူရန် ရည်ရွယ်ထားချက်နှင့်အတူ ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့ထဲသို့ ပါဝင်နိုင်သည်။ သို့ရာတွင် ယဉ်ကျေးမှုဓလေ့သည် သမ္မာကျမ်းစာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ပြုပြင်နိုင်သည့်အချက်တွင် မှားယွင်းမှု

များရှိနေခဲ့လျှင် အသင်းတော်သည် ၎င်းတို့၏စံနှုန်းများနှင့် ထုံးတမ်းဓလေ့များကို မွေးမြူကြရလိမ့်မည်။ ဤမွေးမြူထားသည့် အရာများ သည် ၎င်းတို့၏ထုံးတမ်းဓလေ့များထက် ပိုမိုကွဲပြားခြား နားမှုရှိလိမ့်မည်။ ၎င်းကို လက်ရှိကျင့်သုံးနေသော ယဉ်ကျေးမှု ဓလေ့က လက်ခံနိုင်သည်၊ သို့မဟုတ် ငြင်းပယ်နိုင်သည်။ ငြင်းပယ် မှုကိုပြုလျှင် ခေတ်ပြိုင်ယဉ်ကျေးမှုထုံးတမ်းသည် ကွဲပြားခြားနား စွာလုပ်ဆောင်နိုင်ဖို့အတွက် အသင်းသားများကို အထင်မြင်သေး လျက် ပယ်ရှားပစ်နိုင်သည်လည်း ဖြစ်နိုင်သည်။ ဤသည်မှာ ဘုရားသခင်အား ရိုသေလေးမြတ်သောအရာကို လုပ်ဆောင်ခြင်း အတွက် အသင်းတော်က ပေးချေရသော တန်ဖိုးလည်း ဖြစ်နိုင် သည်။ ဤအချက်မှာ အသင်းတော်များသည် ယဉ်ကျေးမှုထုံးတမ်း အသစ်နှင့် ပေါ်လစီများအတွက် စံနှုန်းများ ချမှတ်ထားရာတွင် မတူကွဲပြားရန် ရည်ရွယ်ချက်ဖြင့်မဟုတ်ဘဲ ဘုရားသခင်၏ ဘုန်းတော်နာမတော် ရိုသေလေးမြတ်ခြင်းကို ရည်ရွယ်၍ လုပ် ဆောင်ရန် လိုအပ်သည်။ ထိုသို့သော လုပ်ဆောင်ချက်များသည် ပြည့်စုံလာသောအခါ ခေတ်ပြိုင်ယဉ်ကျေးမှုထုံးတမ်းသည် အသိဉာဏ်ပညာနှင့် ဤပြုပြင်ပြောင်းလဲခြင်းနှင့် မွေးမြူရခြင်း ၏ အကျိုးကျေးဇူးများကို တွေ့ရှိလာရမည်။ ထိုသို့သော အခြေ အနေတစ်ခုတွင်ရှိသော အဓိကပန်းတိုင်ကို မဿဲ ၅း၁၆ တွင် တွေ့ရသည့် ယေရှု၏စကားများတွင် ဖော်ပြထားလျက်ရှိပါသည်။ "သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊

ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။" ယေရှု၏နောက်လိုက်များသည် တစ်ယောက်ကိုတစ်ယောက် မိမိ၏ဆန္ဒအလိုကို ဖြည့်ဆည်းဖို့ အသုံးပြုထားခြင်းမဟုတ်ဘဲ မေတ္တာဖြင့် တစ်ဦးကိုတစ်ဦး ပြုမူဆက်ဆံခြင်းကို လောကကြီးက တွေ့မြင်လိုသည်။ ယောဟန် ၁၃း၃၄-၃၅ တွင် မှတ်တမ်းတင်ထားသည့် ယေရှု၏စကားအတိုင်း အသက်ရှင်လျှောက်လှမ်းသည်ကိုလည်း မြင်တွေ့လိုကြပါသည်။

> "သင်တို့သည် အချင်းချင်း တယောက်ကိုတယောက် ချစ်ကြလော့။ ငါသည် သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်း ချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏။ သင်တို့သည် အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။"

**တစ်ကိုယ်တည်းနေခြင်း။**

ဤဆွေးနွေးချက်၏ အခြားရှုထောင့်တစ်ခုဖြစ်သော စာဖတ်သူပရိသတ်များအား ကျွန်ုပ်စဉ်းစားဆင်ခြင်စေလိုသောအရာမှာ တဦးတည်းနေထိုင်ခြင်းပင်ဖြစ်သည်။ အသင်းတော်များတွင် ယေရှု၏နောက်လိုက်များက သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေး သို့မဟုတ် အခြားအကြောင်းတရားများ စသည့် တစ်စုံတစ်ခုအတွက် ငွေကြေးပေးချေရန် လိုအပ်ချက်များကြောင့် မိမိကိုယ်ကို လက်ထပ်

မင်္ဂလာဆောင်ရန် မဖြစ်နိုင်ဟု ထင်မြင်ကြသည့် အခြေအနေလည်း ရှိပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် မည်သို့လုပ်ဆောင်ကြရမည်နည်း။ အကြံပြုလိုသည့် အချက်တစ်ခုမှာ ဘုရားသခင်၏အမှုတော်ကို အားသွန်ခွန်စိုက် လုပ်ဆောင်နိုင်ရန် တစ်ဦးတည်းနေထိုင်ခြင်းသည် ဘုရားသခင်၏အလိုတော် ဖြစ်နိုင်ပါသည်။ တမန်တော်ရှင်ပေါလုက တစ်ဦးတည်းနေထိုင်ခြင်းနှင့် ၎င်းအားဖြင့် ရရှိသော အကျိုးကျေးဇူးအကြောင်းကို ၁ကော၊၇း၇-၉ တွင် ဖော်ပြထားပါသည်။

> "လူအပေါင်းတို့သည် ငါကဲ့သို့ဖြစ်စေခြင်းငှါ ငါအလိုရှိ၏။ သို့သော်လည်း၊ လူအသီးသီးတို့သည် ဘုရားသခင်ပေးသနားတော်မူသည်အတိုင်း အသီးအသီးသောဆုကျေးဇူးကို ခံရကြ၏။ ထို့ကြောင့် မယားမရှိသောသူတို့နှင့်မုဆိုးမတို့ကို ငါဆိုသည်ကား၊ ထိုသူတို့သည် ငါကဲ့သို့နေလျှင် ကောင်း၏။ သို့သော်လည်း၊ ကာမဂုဏ်ကို မချုပ်တည်းနိုင်လျှင် ထိမ်းမြားစုံဘက်ခြင်းကိုပြုကြစေ။ ကိလေသာစိတ် ပူပန်ခြင်းရှိသည်ထက် ထိမ်းမြားစုံဘက်ခြင်းပြုသော် သာ၍ကောင်း၏။"

ရှင်ပေါလုက လူအပေါင်းတို့သည် ငါကဲ့သို့ဖြစ်စေခြင်းငှါ အလိုရှိ၏ ဟုဆိုရာတွင် ၎င်းကိုယ်တိုင်၏လက်ထပ်ထိမ်းမြားခြင်းမရှိဘဲ တစ်ဦးတည်းနေထိုင်ခြင်းကို ဆိုလိုသည်။ သို့သော် ရှင်ပေါလုက လူအပေါင်းတို့သည် ၎င်းကိုယ်တိုင်ကဲ့သို့ တစ်ဦးတည်းနေထိုင်နိုင်သောသူများမဟုတ်ကြောင်းကို အတိအလင်း ဆိုထားသည်။ တစ်ဦးတည်း

နေထိုင်ရန် ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားရရှိထားသူမဟုတ်ဘဲ ဆန္ဒကျင့်ဘက်လိင်အပေါ် ကာမဂုဏ်စိတ် ကြွမ်းလောင်နေလျှင် အချို့သောသူများအတွက် အလွန်ပင်ခက်ခဲပေလိမ့်မည်ဟူသောအချက်ကိုလည်း သူသဘောပေါက်နားလည်သည်။(မဿဲ၁၉း၁၁- ၁၂) ရှင်ပေါလုက ဤအခန်းတွင် တစ်ဦးတည်းနေခြင်း၏အကျိုးကျေးဇူးများကို ဆက်လက်ဖော်ပြထားပါသည်။

"သင်တို့သည် စိုးရိမ်ခြင်းနှင့်ကင်းလွတ်စေခြင်းငှါ ငါအလိုရှိ၏။ခင်ပွန်းမရှိသောသူသည် သခင်ဘုရား၏စိတ်တော်နှင့်တွေ့စေခြင်းငှါ သခင်ဘုရား၏အမှုကိုသာ သတိထားတတ်၏။ ခင်ပွန်းရှိသောသူမူကား၊ မိမိမယား၏စိတ်နှင့်တွေ့စေခြင်းငှါ လောကီအမှုကိုသတိထားတတ်၏။ ထိုနည်းတူ၊ ခင်ပွန်းမရှိသော မိန်းမနှင့် ခင်ပွန်းရှိသောမိန်းမသည် ခြားနားခြင်းရှိ၏။ ခင်ပွန်းမရှိသောမိန်းမသည် ကိုယ်ခန္ဓာစိတ်ဝိညာဉ်နှစ်ပါးကို သန့်ရှင်းစေခြင်းငှါ သခင်ဘုရား၏အမှုကိုသာ သတိထားတတ်၏။ ခင်ပွန်းရှိသောမိန်းမမူကား၊ မိမိခင်ပွန်း၏စိတ်နှင့် တွေ့စေခြင်းငှါ လောကီအမှုကို သတိထားတတ်၏။ ထိုသို့ ငါဆိုသော်၊ သင်တို့အကျိုးကိုသာထောက်၍ဆို၏။ သင်တို့ကို နှောက်ယှက်ချင်သောစိတ်နှင့်ဆိုသည်မဟုတ်။ သင်တို့သည် လျောက်ပတ်စွာကျင့်၍ စိတ်ရှုပ်ထွေးခြင်းမရှိ၊ သခင်ဘုရား၏ဝတ်ကိုအမြဲပြုစေခြင်းငှါ ဤသို့ဆို၏။"(၁ကော ၇း၃၂-၃၅ )။

တစ်ဦးတည်းနေထိုင်ခြင်း၏ အဓိကကောင်းကျိုးမှာ ခရစ်တော်ကို အပြည့်အဝ အာရုံစိုက်နိုင်ခြင်းနှင့် ခရစ်တော်နှင့် အချိန်ယူနိုင်သည့် အခွင့်ထူးများကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်ပါသည်။ တစ်ဦးတည်း နေထိုင်သော ယုံကြည်သူတစ်ဦးသည် ဇနီးမယား၊ ခင်ပွန်းသည် တို့ကို ပျော်ရွှင်အောင် မည်သို့ထားရမည် စသဖြင့် ခပ်သိမ်းသောအမှု အရာတွင် အိမ်ထောင်ပြုသောယုံကြည်သူကဲ့သို့ ပူပင်သောက ပင်လယ်ဝေမည် မဟုတ်ပါ။ သူသည် အနှောင်အဖွဲ့ကင်းကင်းဖြင့် သူ့အသက်တာ၌ ခရစ်တော်ကို ဦးတည်ဗဟိုပြုနိုင်ပါသည်။ အချို့ သော ယဉ်ကျေးမှု ထုံးတမ်းဓလေ့က တစ်ဦးတည်းနေသော ယောကျ်ား သို့မဟုတ် မိန်းမတို့ကို အထင်သေးမြင်သေးပြုကြသော်လည်း တမန် တော်ရှင်ပေါလုက ထိုသို့သော အမြင်မျိုးကို အပြင်းအထန်ရှုတ်ချ သည်။ သူက ဤဘဝအသက်တာတွင် လူအပေါင်းတို့သည် ဘုရား သခင်၏အမှုတော်ကို အပြည့်အဝ အာရုံစိုက်လုပ်ဆောင်နိုင်ရန် သူ နေထိုင်သကဲ့သို့ တစ်ကိုယ်တည်းနေစေလိုသည်ဟု မှတ်ချက်ပြုထား သည်။ ရှင်ပေါလုက ခရစ်တော်အတွက် အသက်ရှင်ရန် ဘုရားသခင် ထံ၌ မိမိအသက်တာကို ဆက်ကပ်အပ်နှံထားသော သမီးများ၏ တစ်ဦးတည်းနေခြင်းကို အလေးထားစောင့်ရှောက်သော ခရစ်ယာန် ဖခင်များကိုလည်း ချီးကျူးဂုဏ်ပြုခဲ့သည်။ ရှင်ပေါလုက ထိုကဲ့သို့ သောဖခင်သည် မိမိသမီးကိုလက်ထပ်ထိမ်းမြားစေသောဖခင် ထက် ပို၍ကောင်းမွန်သောအလုပ်တစ်ခုကိုလုပ်ဆောင်သည်ဟု ဆိုသည်။ (၁ကော ၇း၃၆-၃၈)

တစ်ဦးတည်းနေခြင်းကို အချို့သောယဉ်ကျေးမှုထုံးတမ်းများက နှိမ့်ချကာ အထင်သေးမြင်သေးဖြစ်သော်လည်း ယေရှုခရစ်၏အသင်းတော်က ထိုသို့မလုပ်ဆောင်။ ဝမ်းနည်းစရာကောင်းသည်မှာ အသင်းတော်သည် ယဉ်ကျေးမှုထုံးတမ်းများကို လက်ခံကျင့်သုံးသောအချိန်တွင် သမ္မာတရားကိုလစ်လျူရှုလျက် ထိုကဲ့သို့ပင်နှစ်ပေါင်းများစွာလုပ်ဆောင်လာခဲ့သည်။အသင်းတော်သည် ၎င်းရှိနေသော ယဉ်ကျေးမှုထုံးတမ်း၏အထက်တွင် နေရာယူလျက် ဘုရားသခင်၏နှုတ်ကပါတ်တော်နှင့် သဘောတူညီမှုရရှိနိုင်ရန် ဤအကြောင်းတရားများကို ပြန်လည်၍ စဉ်းစားဆင်ခြင်ရန်လိုအပ်ပါသည်။ ယုံကြည်သူတစ်ဦးချင်း၊ ၎င်းတို့၏မိသားစုများ၊နှင့် အသင်းတော်သည် တစ်ဦးတည်းနေထိုင်ခြင်းကို ကြောက်ရွံ့မနေသင့်ပါ။ ဤသည်မှာ ၎င်းတို့၏အသင်းတော်အတွင်း၌ အချို့သောသူများအား ဘုရားသခင်က သူ၏အလိုတော်နှင့်အညီ စီမံလုပ်ဆောင်ထားသည်ကို နားလည်ရပါမည်။ ဤအကြောင်းကို လက်ထပ်ထိမ်းမြားခြင်းအကြောင်းပြောဆိုသည့်အချိန်က မဿဲ ၁၉း ၁၁-၁၂ ၌ ယေရှုမိန့်တော်မူသောအကြောင်းရင်းပင်ဖြစ်ပါသည်။

"ကိုယ်တော်ကလည်း၊ ထိုစကားကို လူတိုင်းမခံမယူနိုင်။ အခွင့်ရသောသူတို့သာ ခံယူနိုင်ကြ၏။ လူအချို့တို့သည် အမိဝမ်းတွင်းကပင် မိန်းမလျှာဖြစ်ကြ၏။ အချို့တို့သည် သူတပါးဆုံးမ၍ မိန်းမလျှာဖြစ်ကြ၏။ အချို့တို့သည်

ကောင်းကင်နိုင်ငံတော်အဘို့အလို့ငှါ မိမိကိုယ်ကိုဆုံးမ၍ မိန်းမလျှာ ဖြစ်ကြ၏။ ထိုစကားကိုခံယူနိုင်သောသူသည် ခံယူစေဟု မိန့်တော်မူ၏။”

အချို့တို့ကို ယောကျ်ားများက မိန်းမလျှာခန့်ထားကြသည်။ အချို့မှာ ထိုနည်းအတိုင်းပင် မွေးဖွါးလာကြသည်။(လိင်ပိုင်းဆိုင်ရာ စိတ်ဝင်စားမှုမရှိသောသူများ သို့မဟုတ် လိင်မှုရေးရာ စိတ်ဝင်စားမှုမရှိဘဲမွေးဖွါးလာသောသူများကို ရည်ညွှန်းပြောဆိုထားသည်။) ထို့အပြင် အချို့တို့က ဘုရားသခင်၏နိုင်ငံတော်အတွက် တစ်ဦးတည်းနေထိုင်ပြီး အမှုတော်ကိုဆောင်ရွက်ရန် ဆုံးဖြတ်ထားကြသည်။ မိန်းမလျှာအဖြစ်မွေးဖွါးလာသောသူများ သို့မဟုတ် ဘုရားသခင်အတွက် မိန်းမလျှာ ကဲ့သို့အသက်ရှင်ရန် ဆုံးဖြတ်ထားသောသူများကို မငြင်းပယ်သင့်ပါ။ သို့မဟုတ် အ သင်းတော်တွင် ရှိသောလူများအတွက် ကောင်းမွန်သော အဓိပ္ပါယ်ကိုဖော်ဆောင်ရန်အတွက် လက်ထပ်ထိမ်းမြားဖို့ တွန်း အားလည်း မပေးသင့်ပါ။ တနည်းအားဖြင့် သူတို့ကို မိမိတို့ အသက်တာတစ်ခုလုံးကို ခရစ်တော်အား ပေးအပ်ခြင်းကြောင့် ပေါင်းဖက်ရမည်။ ရိုသေသမှုပြုရမည်။ လေးစားရပါမည်။ ဘေးဒဏ်ကြီးကာလအတွင်းတွင် မိမိ၏အသက်တာကို ခရစ်တော်အတွက်ဆက်ကပ်ထားသည့် မေထုန်အမှုနှင့် မညစ်ညူးသောကညာ ယုဒအမျိုးသား ၁၄၄၀၀၀ ရှိ သည်ကို သတိပြုပါ။ (ဗျာ ၁၄း၁-၅ ) ရှင်ပေါလုကဲ့သို့ ၎င်းတို့၏ တစ်ဦးတည်းနေခြင်းသည် ခရစ်တော်ထံ၌ မိမိအသက်တာကို ခွဲခြားမရနိုင်အောင် ပေါင်းဖက်ထားနိုင်သည့်

အကြောင်းတရား တစ်ခုဖြစ်ပါသည်။

လက်ထပ်မင်္ဂလာဆောင်မည့်အကြောင်းမရှိဘဲ တစ်ဦးနေသည့် ယေရှုခရစ်၏နောက်လိုက်တစ်ဦးသည် ၎င်းတို့၏တစ်ဦးတည်းနေခြင်းကို အားမလိုအားမရမဖြစ်သင့်ပေ။ စိတ်နှလုံးအကြွင်းမဲ့ ဘုရားသခင်၏အမှုတော် ထမ်းရွက်နိုင်သည့် အခွင့်အရေးကို အမိအရ ဖမ်းယူအသုံးချရပါမည်။ ဘုရားသခင်သည် ထိုသို့သောသူများအား ထာဝရကာလနှင့်ဆိုင်သောဆုလဒ်သရဖူကို ချီးမြှင့်ပေးတော်မူမည်။ သို့သော ဤစာကိုရေးသားသည့်အချိန်က ယေရှု၏ နောက်လိုက်ဖြစ်ခြင်း ၃၃ နှစ်ကျော်လွန်လာသည်တွင် ယုံကြည်သူများသည် ၎င်းတို့၏ တစ်ဦးတည်းနေခြင်းကို ဘုရားသခင်အား အကြွင်းမဲ့ပေးကမ်းဆက်ကပ်ကြသည့်အခါ သူတို့သည် ထာဝရ ကာလတိုင်အောင် တစ်ဦးတည်း သီးသန့် နေထိုင်သွားကြမည်ဟူသည့်သဘောမသက်ရောက်ကြောင်းကို ကျွန်ုပ် လေ့လာဆင်ခြင်မိသည်။ ဘုရားသခင်သည် ၎င်း၏သားသမီးများအား မိမိတို့၏အကြီးမားဆုံးသောလိုအင်ဆန္ဒကို မျက်မှောက်တော်သို့ ဆောင်ယူလာပြီး ကျေးဇူးတော်ပလ္လင်ထက်တွင် ချထားစေလိုသည်။ ဤအလိုဆန္ဒများသည် ဘုရားသခင်နှင့် မိတ်ဿဟာယဖွဲ့ဆက်နွယ်မှု၏ အောက်တွင် ရှိနေကြောင်းကို သိထားရမည်။ ဘုရားသခင်သည် ၎င်းတို့၏စိတ်နှလုံးကို စောင့်မတော်မူသည်ကိုသိမှတ်လျက် တစ်ကြိမ်တောင်းဆိုလျှင် ဘုရားသခင်သည် ကြင်ယာဖက်အတွက် ၎င်းတို့၏တောင်းဆိုချက်ကို နားညောင်းအဖြေပေးတော်မူမည်။ ထို့နောက် ဘုရားသခင်သည် ၎င်းတို့၏နှလုံးသားဆန္ဒကို

ဖြည့်ဆည်းပေးနိုင်သည်။ အကြောင်းမှာ ၎င်းတို့၏နှလုံးသားဆန္ဒနှင့် သူ၏အလိုတော်သည် သူ၏လက်တော်ထဲ၌ရှိတော်မူပြီး ၎င်းတို့ ၏ အလိုဆန္ဒသည် ဘုရားသခင်၏အလိုဆန္ဒဖြစ်လိမ့်မည်။ တနည်းအားဖြင့် ယေရှု၏နောက်လိုက်များသည် ဘုရားသခင့်အလိုတော်၏ အပြင်ဘက်တွင် ပြုမူလုပ်ဆောင်ကြသောအခါ ၎င်း၏အကျိုးဆက်တစ်ခုအနေဖြင့် ဒုက္ခဝေဒနာဖြင့် အဆုံးသတ်လေ့ရှိကြပါသည်။ အကြောင်းမှာ မှားယွင်းသောရွေးချယ်မှုများသည် မကောင်းသည့်အကျိုးတရားကိုသာ ဖန်တီးပေးသည်။ ထို့ကြောင့် ဘုရားသခင်၏စကားကို နားထောင်ခြင်းသည် အမြဲတမ်း အကောင်းဆုံးသောရွေးချယ်မှုပင် ဖြစ်သည်။

**နိဂုံး**

သတို့သမီးတန်ဖိုးနှင့် မင်္ဂလာခန်းဝင်ကြေးတို့နှင့်ဆက်စပ်လျက်ရှိသောအကြောင်းအရာမှာ သူတို့အမှန်တကယ်လက်တွေ့ကျင့်သုံးနေသောယဉ်ကျေးမှုထုံးတမ်းများအထဲနှင့် ယဉ်ကျေးမှုထုံးတမ်း ကြားတွင် မတူညီသော ယဉ်ကျေးမှုထုံးတမ်းများ အပြောင်းအလဲနှင့် ပါတ်သက်ပြီး အလွန်ကြီးမားကျယ်ပြန့်ပြီး လေးနက်လွန်းလှသည်။ ဤနည်းစနစ်များသည် အချို့သော ယဉ်ကျေးမှုဓလေ့များတွင် ကောင်းမွန်စွာလုပ်ဆောင်နိုင်သည်။ အကြောင်းမှာ ငွေကြေးအခက်အခဲများသည် ပေါ့ပေါ့ပါးပါးရှိသည်ဖြစ်၍ အကျိုးသက်ရောက်မှုသည်လည်း ကောင်းမွန်သည်။ ပါဝင်ကျင့်သုံးသောသူများအား ဝမ်းနည်းငိုကြွေးစေသည့် ယဉ်ကျေးမှုထုံးတမ်းများလည်း ရှိပါသည်။ ဤစာအုပ်

သည် ထိုသို့သော ယဉ်ကျေးမှုဓလေ့ကျင့်သုံးခြင်းဖြင့် ထိခိုက်နာကျင်မှုကိုခံစားနေရသောသူများအတွက် အဓိကထား ပြင်ဆင်ထားပါသည်။ ဤစာအုပ်ကို နိုင်ငံအားလုံးအတွက် အဓိကထား ပြုစုထားခြင်းမဟုတ်သည့်တိုင် ဤယဉ်ကျေးမှုဓလေ့ကို လက်တွေ့ကျင့်သုံးမှုများသည် ဆင်းရဲချို့တဲ့သောသူများ၊ မိန်းကလေးများ၊ အမျိုးသမီးကြီးများနှင့် ၎င်းတို့၏မိသားစုများကို များစွာထိခိုက်နစ်နာစေသည်။ အဘယ့်ကြောင့်ဆိုသော် မလိုလားအပ်သော ငွေကြေးအခက်အခဲများကို မလုပ်ဆောင်နိုင်၊ မတတ်နိုင်သောသူများအပေါ် တင်ထားကြပါသည်။ ဤနိုင်ငံများတွင် ကျင့်သုံးသော ယဉ်ကျေးမှုထုံးတမ်းများ၏ အကျိုးသက်ရောက်မှုများကို ထိခိုက်စေပြီးမကောင်းသောအရာများဖြစ်သည်မှာ သိသာထင်ရှားလှပါသည်။ထိုအရာများသည် ဘုရားသခင်နှင့် သက်ဆိုင်သောအရာများမဟုတ်သောကြောင့် ယေရှု၏နောက်တော်သို့ လိုက်လျှောက်သောသူများသည် ပါဝင်ကျင့်ဆောင်သင့်သောအရာလည်း မဟုတ်ပါ။ ဤလက်တွေ့ ကျင့်ဆောင်ခြင်း၏သွင်ပြင်လက္ခဏာများသည် နာကျင်မှုပေါင်းများ စွာ၊ ဆင်းရဲချို့တဲ့မှုပေါင်းများစွာ၊ ကြမ်းတမ်းမှုပေါင်းများစွာကိုလည်း ဖြစ်စေပါသည်။ သေခြင်း၊ လောဘ၊ အာဃာတ၊ တို့ကိုလည်းဖြစ်စေပါသည်။ အမျိုးသမီးများ၏တန်ဖိုးကို မကြာခဏ လျော့ကျစေပြီး သူတို့အား ရောင်းချရမည့်ပိုင်ဆိုင်ပစ္စည်းများ၊ ဝယ်ယူပြီး မိမိကိုယ်ပိုင်ပြုရမည့်ဥစ္စာပစ္စည်းလည်း ဖြစ်စေသည်။ ဤအချက်များသည် လောကကြီးထဲ၌ ဤယဉ်ကျေးမှုထုံးတမ်း ဓလေ့ကျင့်သုံးခြင်းကို ရပ်

တန့်ချုပ်ငြိမ်းစေမည်မဟုတ်သည့်တိုင် ယေရှုခရစ်၏အသင်းတော် အတွင်းတွင် ရပ်တန့်စေသင့်ပါသည်။ ယေရှု၏နောက်တော်သို့ လိုက်သောမိဘများသည် သူတို့ချစ်မြတ် နိုးသောသားသမီးများကို ထိုသို့သောအရာ၌ အဘယ့်ကြောင့် အမြဲတမ်း တွေ့မြင်လိုမည်နည်း။ သူတို့သည် ထိုသို့တွေ့မြင်လို စိတ်မရှိသင့်ပါ။ မိဘတိုင်းသည် ဤနေရာတွင် တင်ပြထားသည့် သမ္မာကျမ်းစာ သဘောတရားများ ကို လက်တွေ့အသုံးချသင့်ပါ သည်။ ဤသမ္မာကျမ်းစာသဘောတရား များကို သင်ကိုယ်တိုင် လေ့လာဆင်ခြင်နိုင်ရန် အောက်တွင် ထပ်လောင်း၍ တင်ပြထားပါသည်။

**သမ္မာကျမ်းစာသဘောတရားစာရင်း**

| သဘောတရားများ | ကျမ်းညွှန်း |
|---|---|
| **ချစ်ခြင်းမေတ္တာနှင့်စပ်လျဉ်း၍** | |
| ➤ သင်၏ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်လော့။ | မဿဲ ၂၂း၃၇ |
| ➤ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့။ | မဿဲ ၂၂း၃၉ |
| ➤ အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ | ၁ပေ ၁း ၂၂ |
| ➤ အချင်းချင်းချစ်၍ အမှုချင်းကိုဆောင်ရွက်ကြလော့။ | ဂလာ ၅း ၁၃ |
| ➤ မေတ္တာသည် ကျေးဇူးပြုတတ်၏။ | ၁ကော ၁၃း၄ |
| ➤ မေတ္တာသည် မလျှောက်ပတ်စွာမပြုတတ်။ | ၁ကော ၁၃း၅ |
| ➤ မေတ္တာသည် ကိုယ်အကျိုးကိုမရှာတတ်။ | ၁ကော ၁၃း၅ |

**မိသားစုနှင့်စပ်လျဉ်း၍၊**

- သားသမီးတို့သည် မိဘအတွက်ဥစ္စာကို ဆည်းပူးရသည်မဟုတ်။ မိဘတို့သည် ၂ကော၁၂း၁၄-၁၅

  သားသမီးတို့အတွက် ဆည်းပူးရ၏။

- မိဘစကားကိုနားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏။ ဧဖက် ၆း၁-၃ ၁တိ၊၅း၄

- မိမိလူတို့ကိုမပြုစု၊ ထိုမျှမက၊ မိမိအိမ်သူ အိမ်သားတို့ကို မပြုစုသောသူမည်သည်

  ကား ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။

  မယုံကြည်ဘူးသောသူထက် သာ၍ ယုတ်မာ၏။ ၁တိ ၅း၈

**အခြားသောအရာများနှင့်စပ်လျဉ်း၍**

- ထာဝရဘုရား၌ ငါဝမ်းမြောက်၍၊ ငါ့ကို ကယ်တင်တော်မူသောဘုရားသခင်ကို

  အမှီပြုလျက် ရွှင်လန်းမည်။ ဟဗ၊၃း၁၇-၁၉

- ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်

  စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍

  အဘယ်အမှုကိုမျှမပြုကြနှင့်။ ဖိလိ ၂း၃

- သူတပါးသည် ကိုယ်ထက်သာ၍ကောင်း

မြတ်သည်ဟုနှိမ့်ချသောစိတ်ရှိ၍ တ
ယောက်ကိုတယောက်ထင်မှတ်ကြလော့။ ဖိလိ ၂း၃

➤ ကိုယ့်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှု
အရာကို အချင်းချင်းရှုမှတ်ကြလော့။ ဖိလိ ၂း ၄

➤ ကိုယ်၌ သူတပါးပြုစေလိုသမျှအတိုင်း
သူတပါးကို ပြုကြလော့။ မဿဲ ၇း ၁၃

➤ သင်တို့သည် လွတ်ခြင်းအခွင့်ကိုရသော
သူဖြစ်ကြ၏။ သို့သော်လည်း ဇာတိ
ပကတိအား အခွင့်ကိုပေး၍၊ ထိုလွတ်ခြင်း
ကိုမသုံးကြနှင့်။ အချင်းချင်းချစ်၍
အမှုချင်းကိုဆောင်ရွက်ကြလော့။ ဂလာတိ ၅း၁၃-၁၄

➤ အလုပ်လုပ်၍ အားနည်းသောသူကို
မစရမည်။ တမန် ၂၀း ၃၅

➤ သူတပါးအတွက် ပုံသက်သေနှင့်
စံနမူနာကောင်းဖြစ်စေပါ။ ၁သက် ၃း ၇-၉

➤ ယုံကြည်ခြင်း၏အိမ်သူအိမ်သားတို့၌
အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်း
သောသူတို့အား ကျေးဇူးပြုကြကုန်အံ့။ ဂလာ ၆း၈-၁၀

➤ အချင်းချင်းကျေးဇူးပြုခြင်း၊သနားစုံမက်
ခြင်း၊ ဘုရားသခင်သည် ခရစ်တော်
ကြောင့် သင်တို့၏အပြစ်ကိုလွှတ်တော်
မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်း
ရှိကြလော့။ ဧဖက် ၄း ၃၂

➤ အချင်းချင်းတိုက်တွန်း၍ တယောက်
ကိုတယောက်တည်ဆောက်ကြလော့။ ၁သက် ၅း၁၁

➤ များစွာကြဲသောသူသည် များစွာရိတ်ရ
မည်။စေတနာစိတ်နှင့်လှူသောသူကို
သာ ဘုရားသခင်နှစ်သက်တော်မူ၏။ ၂ကော ၉း၆-၇

➤ အပြစ်မသင့်ဘဲ ခပ်သိမ်းသောအမှုအ
ရာကို ပြုနိုင်သည်မှန်စေတော့။ ကိုယ်

အကျိုးကို အဘယ်သူမျှမရှာစေနှင့်။

သူ့အကျိုးကို လူတိုင်းရှာစေ။ ၁ကော ၁၀း၂၃-၂၄

➤ လိုသူကို ကူညီဖေးမပါ။ ၂ကော ၈း၁၃-၁၅

တမန် ၂း၄၄-၄၅

**အစိုးရနှင့်စပ်လျဉ်း၍**

➤ အစိုးရမင်းအာဏာစက်၏အုပ်စိုးခြင်း

ကို လူတိုင်းဝန်ခံစေ။ ရောမ ၁၃း ၁-၇

၁ပေ ၂း ၁၃-၁၄

➤ ကောင်းသောအကျင့်ကိုသိလျက်

မကျင့်ဘဲနေသောသူသည် အပြစ်

ရှိ၏။ ယာကုပ် ၄း၁၇

**လောဘနှင့်စပ်လျဉ်း၍**

➤ ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို

တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ထွက် ၂၀း ၁၇

- ငွေကိုတပ်မက်ခြင်းသည် မကောင်း
သောအမှုအပေါင်းတို့တွင် မူလအ
မြစ်ဖြစ်သတည်း။ ၁တိ ၆း ၆-၁၁

- အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲ
ခြင်းအရာသည် သာ၍မင်္ဂလာရှိ၏။ တမန် ၂၀း၃၅

**တာဝန်ဝတ္တရားနှင့်စပ်လျဉ်း၍**

- ဘဏ္ဍာစိုးမည်သည်ကား သစ္စာ
ရှိရမည်။ ၁ကော ၄း ၂

အသင်းတော်သည် အထက်တွင် ဖော်ပြခဲ့သည်အတိုင်း ၎င်း၏ ခေတ်ပြိုင် ယဉ်ကျေးမှုထုံးတမ်းများကို သတိပြုဆင်ခြင်ရန် လိုအပ်ပါသည်။ ယုံကြည်သူများသည် သမ္မာကျမ်းစာနှင့် ဆန့်ကျင်ဘက်မဖြစ်သော အပြုအမူ စိတ်သဘောထားဖြင့် ၎င်းတို့၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့များတွင် ပါဝင်နိုင်ခြင်းရှိမရှိကို ဆုံးဖြတ်ချက် ချမှတ်ရန်လိုအပ်ပါသည်။ သူတို့သည် ပါဝင်နိုင်ခြင်းမရှိလျှင် လက်ရှိကျင့်သုံးနေသောယဉ်ကျေးမှုထုံးတမ်းနည်းစနစ်ကို သမ္မာကျမ်းစာ စံချိန်စံညွှန်းနှင့် ကိုက်ညီစေဖို့ အဆင့်မြှင့်တင်ရန် သို့မဟုတ် သမ္မာကျမ်းစာ၏ အခြေခံသဘောတရားများနှင့် ကိုက်ညီမှုရှိသောလက်တွေ့လုပ်ဆောင်ချက်များကို တိုးတက်စေရန် စသဖြင့် တစ်ခုခုကို လုပ်ဆောင်ရန်လိုအပ်ပါသည်။ ဤသည်မှာ ကြီးလေးသောအမှုဖြစ်

သည်။ ယေရှုခရစ်၏နောက်တော်သို့ လိုက်သောသူများက သူတို့သည် ပြဿနာကိုဖြန့်ဝေသောသူများ မဟုတ်ဘဲ ၎င်းတို့၏မိသားစု၊ ၎င်းတို့ ကိုယ်တိုင်နှင့် အခြားသူများအတွက် သာ၍ ကောင်းမွန်သောအသက်ရှင် နေထိုင်မှုကို ရွေးရှုပြီး ပြဿနာဖြေရှင်းမှုကို ပြုလုပ်သောသူများဖြစ် သည်ကို သေချာစေရမည်။ အထူးသဖြင့် ဤယဉ်ကျေးမှုကျင့်ထုံးကြောင့် ဖိနှိပ်ခံနေရသူများနှင့် ဒုက္ခရောက်သူများအဖို့ သာ၍ သေချာစေရမည်။ အသင်းတော်သည် ဖိလိပ္ပိ ၄း ၈- ၉ တွင် ရှင်ပေါလု ပြောဆိုထားသည့် စကားကို တသွေမတိမ်း လိုက်နာကျင့်သုံးရပါမည်။

> "ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သမ္မာတရားနှင့် ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သော အကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့်ရှိသမျှတို့ကိုငင်း၊ ပါရမီ တပါးပါး၊ ကောင်း သော သိတင်းတပါးပါးနှင့်ဆိုင်သော အကျင့်တို့ကိုငင်း၊ နှလုံးသွင်းကြ လော့။သင်တို့သည် အထက်က သင်ယူ၍ ငါ၌ကြားမြင်ခဲ့ပြီးသမျှ တို့ကို ကျင့်ကြလော့။ထိုသို့ကျင့်လျှင်၊ ငြိမ်သက်ခြင်း၏အရှင်ဘုရား သခင်သည် သင်တို့နှင့်အတူရှိတော်မူလိမ့်မည်။"

တနည်းအားဖြင့် ကျွန်ုပ်တို့သည် ယေရှုက အောက်ပါအတိုင်း ဆုံးမ ပြစ်တင်တော်မူသော ဖာရိရှဲများကဲ့သို့ အသက်မရှင်ကြပါစို့နှင့်။

> "ဤလူမျိုးသည် နှုတ်ခမ်းနှင့် ငါ့ကို ရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ လူတို့စီရင်သော ပညတ်တို့ကိုသွန်သင်၍ နည်း

ဥပဒေသပေးလျက်ပင်၊ ငါ့ကို အချည်းနှီးကိုးကွယ်ကြ၏ဟု၊ နောက်ဖြစ်လတံ့သောအရာကို လျှောက်ပတ်စွာဟောခဲ့ပြီ။ အကြောင်းမူကား၊ သင်တို့သည် ဘုရားသခင်၏ပညတ်တော်ကို ပယ်၍ ခွက်ဖလား ဆေးခြင်းတည်းဟူသော လူတို့မှဆက်ခံသော နည်းဥပဒေသကိုခံယူလျက်၊ ထိုသို့သော အခြားအကျင့်အလေ့များတို့ကို ကျင့်လေ့ရှိကြ၏။" (မာကု ၇း၆ခ- ၈)

ကျွန်ုပ်တင်ပြထားသော အကြောင်းအရာများနှင့်စပ်လျဉ်းပြီး ဘုရားသခင်၏ဘုန်းတော်၊ နာမတော်ထင်ရှားစေခြင်းကိုထောက်ရှု၍ ဆုံးဖြတ်ချက်များကို မည်သို့ချရမည်အကြောင်း စဉ်းစားဆင်ခြင်သည် ဖြစ်၍ ဘုရားသခင်၏လမ်းပြပို့ဆောင်ခြင်းနှင့်ကြွယ်ဝသော ကောင်းကြီးမင်္ဂလာသည် သင်တို့အပေါ် အစဉ်အမြဲသက်ရောက်ပါစေသော်။

## တိုက်ရိုက်ကိုးကားလုပ်ဆောင်ချက်များ

Alston, M. (၂၀၁၅) ဘင်္ဂလားဒေ့ရှ်တွင် မိန်းမနှင့်ရာသီဥတုအခြေအနေ ပြောင်းလဲခြင်း။ ဂိုဂလ်ယ်စာအုပ်များမှ ထုတ်နှုတ်သည်။

https://books.google.com.ua/boks?id= WMSgBgAAQBAJ&printsec =frontcover&source=gbs_ge_summary_r&cad=0#v=onepage&q&f=false.

ရှေးခေတ်ဂျူးသမိုင်း။ အလေးချိန်၊ အတိုင်းအထွာ၊ နှင့်သမ္မာကျမ်းစာနှင့်ရှေးဟောင်းခေတ်ကာလငွေကြေး။ ( ၂၀၁၅၊ နိုဝင်ဘာ ၁၈) ယုဒစာပေတိုက်မှထုတ်ယူအသုံးပြုပါသည်။

https://www.jewishvirtuallibrary.org/jsource/History/weightsandmeasures.html

Anderson, S. (၂၀၀၇၊ မိုးရာသီ)။ မင်္ဂလာခန်းဝင်ကြေးနှင့်သတို့သမီးတန်ဖိုးနှင့်ဆိုင်သည့်စီးပွါးရေးလုပ်ငန်း။ စီးပွါးရေးရှုထောင့်များဂျာနယ်၊ အတွဲ ၂၁၊ အမှတ်စဉ် ၊ စာမျက်နှာ ၁၅၁-၁၇၄ မှ ထုတ်နှုတ်သည်။

https://economics.ubc.ca/files/ 2013/05/pdf_paper_siwan-anderson-economics-dowry-brideprice.pdf

Anderson, S.(၂၀၁၄၊စက်တင်ဘာ)။ လက်ထပ်မင်္ဂလာအတွက်ပေးချေရမှုအကြောင့် လူသားတို့အပေါ်အကြီးမားဆုံးထိခိုက်မှုများ။အိုင်ဇက်အေကမ္ဘာအလုပ်သမားစာစောင်မှ ထုတ်နှုတ်သည်။ https://wol.iza.org/articles/human-capital-effects-of-marriage-payments.pdf

Anderson, S. (၂၀၁၅ အောက်တိုဘာ ၁၅)။ တွဲဖက်ပါမောက္ခ။ဗီဇာအီးမေးလ်။ (R. J. Hillebrand, Interviewer)

ဘင်္ဂလားဒေ့ရှ်၊ လျှော့ချထားခြင်းမရှိသောမင်္ဂလာခန်းဝင်ကြေးအကြမ်းဖက်မှု။ (၂၀၁၅ နိုဝင်ဘာ ၁၃)။ အိုင်အာရ်အိုင်အင်မှ ထုတ်နှုတ်သည်။

https://www.irinnews.org/report/86100/bangladesh-dowry-violence-continues-unabated

Bhalla, N. (၂၀၁၄ စက်တင်ဘာ ၁၈)။ အမျိုးသမီးများနှင့်မိန်းကလေးများကို ဆန့်ကျင်၍ အလွဲသုံးစားလုပ်မှုတွင်ပါဝင်သောမင်္ဂလာခန်းဝင်ကြေး လည့်စားမှုများအတွက် အိန္ဒိယလူများများ၏လောဘ။ သောစ်မရက် တာဖောင်ဒေးရှင်းမှ ကောက်နှုတ်ထားသည်။

https://www.trust.org/item/20140918090139-wv3j5/

Birx, H. J. (Ed.) (၂၀၀၆)။ လူသားနှင့်ဆိုင်သည့်စွမ်စုံကျမ်း။ ဂိုဂယ်စာအုပ်များမှ ကောက်နှုတ်ထားပါသည်။ https://books.google.com.ua/books? Id=eRF5CgAAQBAJ&pg=PT676&lpg=PT676&dq=bride+p rice+unite+families&source=bl&ots=YhSJDX4z_G&sig=-6ZFQC17Xm_lwnFxxpUL_W2CPlk&hl=en&sa=X&ved=0CCkQ6AEwAmoVChMI6Pet31aVyQIVw

ocsCh1dHAJd#v= onepage&q=bride%20price%20unite%20famili

Bourke-Martignoni, J. (၂၀၀၁၊ ဇွန်လ ၂)။ဗီယက်နမ်တွင် အမျိုးသမီးများကို အကြမ်းဖက်မှု။ နှိပ်စက်ခြင်းကိုဆန့်ကျင်သည့်ကမ္ဘာ့အဖွဲ့အစည်းမှ ကောက်နှုတ်သည်။

https://www.omct.org/files/2001/01/2196/vietnameng2001.pdf

တစာခံသတို့သမီး။ (၂၀၁၅၊ အောက်တိုဘာ ၂၇)။ ဝတ်ပ်ကီပက်တီးယားမှ ကောက်နှုတ်ထားသည်။

https://en.wikipedia.org/wiki/Bride_burning

သတို့သမီးတန်ဖိုး။ (၂၀၀၉၊ ဇွန် ၁၂)။ ကမ္ဘာသစ်စွယ်စုံကျမ်းမှ ထုတ်နှုတ်သည်၊

https://www.enwworldencyclopedia.org/entry/Bride_price

Chao, Y. S. (၂၀၁၂)။ယဉ်ကျေးမှုအပြန်အလှန်ဆက်စပ်မှု၊ လက်ထပ်ထိမ်းမြားခြင်းနှင့်မိသားစုဆက်နွယ်မှုများအပေါ်အကျိုးသက်ရောက်မှုများ။ ဂိုဂယ်လ်စာအုပ်မှ ကောက်နှုတ်သည်။https://books.google.com.ua/ books?id=C-amNGMosLQC&pg=PA65&lpg+PA65&dq=Loas+bride+price+ violence&source=bl&ots= cEDxZQZwNO&sig=nZJqn2VKHsw8-OBHWeKq0D6Au7o&hl=en&sa=X&ved=0CDUQ6AEwAzgKahUKEwitpsPX_r71AhUiMnLKHSCxA0s#v= onepage&q=Laos% 20bride%20price%20violence

Chawla, V. (၂၀၁၀၊ ဒီဇင်ဘာ ၂၈)။အိန္ဒိယပြည်တွင် အသုံးပြုသောမင်္ဂလာခန်းဝင်ကြေးပေးသည့်စနစ်။ အတိတ်နှင့်ယခု။ ရွတ်ကီအော်ဝါးစ်မှ ကောက်နှုတ်သည်။http://www.youthkiawaaz.com/2010/12/dowry-system-in-india-then-and-now/

Chomchuen, W. (၂၀၀၈၊ ဇွန် ၆) ထိုင်းမင်္ဂလာခန်းဝင်ကြေးများသည် အချိန်ကာလနှင့်အမျှပြောင်းလဲမှု။ အင်ဘီစီသတင်းဌါနမှကောက်နှုတ်ထားသည်။ http://worldblog.nbcnews.com/_news/2008/06/06/4376648-thai-dowries-change-with-the-times?lite

Cunningham, L. (၂၀၁၅၊ အောက်တိုဘာ၊ နိုဝင်ဘာ)။ ကမ္ဘောဒီးယားနိုင်ငံရှိ သတို့သမီး တန်ဖိုး/မင်္ဂလာခန်းဝင်ကြေး ပေးဆောင်မှု လက်တွေ့ကျင့်သုံးခြင်း။ ဗီဇာအီးမေးလ်။ (R. J. Hillebrand ၊မေးမြန်းမှု)

Dasgupta, V. (၁၉၉၁၊ ဩဂုတ်လ)။ မင်္ဂလာခန်းဝင်ကြေးနှင့်ဆိုင်သည့် စီးပွါးရေး လုပ်ငန်း။ အိုင်စီအာရ်အိုင်အက်စ်အေတီမှ ကောက်နှုတ်သည်။ http://vdsa.icrisat.ac.in/Include/theses/thesis27.pdf

သတို့သမီး၏ဖခင်သည် လက်ထပ်မင်္ဂလာပွဲအတွက် အမြဲတမ်းပေးလေ့ရှိသလား။ (၂၀၁၅၊ နိုဝင်ဘာလ၊၁၃) စတွန်းပရောခ့်မင်နိုမှ ကိုးကားထားပါသည်။ မင်္ဂလာခန်းဝင်ကြေး http://stonebrookmanor.com/brides-father-always-pay-wedding/

မင်္ဂလာခန်းဝင်ကြေးပိုင်ရှင်(၂၀၁၅၊ ဩဂုတ် ၂၉)။ ဝတ်ကီဗက်တီးယားမှ ထုတ်နှုတ်ထားပါသည်။ http://en.wikipedia.org/wiki/Dower

မင်္ဂလာခန်းဝင်ကြေးများ။ မင်္ဂလာလက်ဖွဲ့။ (၂၀၁၅၊ နိုဝင်ဘာလ ၁၄) မလေးရှားနိုင်ငံရှိ သူငယ်ချင်းများထံမှ ရရှိသည်။

http://www.friendsofmalaysia.org/MalaysianCustoms.htm#Dowries:%20%20Customary%20wedding %20Gifts

မင်္ဂလာခန်းဝင်ကြေး(၂၀၁၅၊ ဗအာက်တိုဘာ ၂၉)ဝက်ကီပက်တီးယားမှ ထုတ်နှုတ်ထားပါသည်။ http://en.wikipedia.org/wiki/Dowry

အစ္စလာမ်ရှိမင်္ဂလာခန်းဝင်ကြေး။ (၂၀၁၅၊ နိုဝင်ဘာ ၁၄)။ အစ္စလာမ်သိနားလည်ခြင်းစာမျက်နှာမှ ကောက်နှုတ်ထားသည်။

http://www.islamawareness.net/Marriage/Dowry/dowry_article003.html

ထိုင်းနိုင်ငံရှိမင်္ဂလာခန်းဝင်ကြေး။ (၂၀၁၅၊ နိုဝင်ဘာ ၁၄) ထိုင်းသံရုံးဒေါ့ကွမ်းမှ ထုတ်နှုတ်ထားပါသည်။

http://www.thaiembassy.com/thailand/thai-dowry.php

မင်္ဂလာခန်းဝင်ကြေးနှင့်ဆက်စပ်သောအကြမ်းဖက်လုပ်ရက်မှု။ (၂၀၁၀)။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ပါ မှ ကောက်နှုတ်ထားသည်။ http://www.stopvaw.org/dowry-related-violence

မင်္ဂလာခန်းဝင်ကြေးကြောင့် ညီအစ်မလေးယောက် မိမိကိုယ်ကို သတ်သေကြသည်။ (၂၀၁၃၊ စက်တင်ဘာ ၂၀)။ ထရူဘမ်းမှ ကောက်နှုတ်ထားသည်။

http://tribune.com.pk/story/606970/four-sisters-kill-themselves-over-dowry/

Gerntholtz, L. (၂၀၁၅၊ ဇွန်၊ ၉ )။ လက်ထပ်ခြင်းက သင်၏အိမ်ကိုဗလာကျင်းဖြစ်စေသည်။ ဘင်္ဂလားဒေ့ရှ်၌ ကလေးသူငယ်များလက်ထပ်ထိမ်းမြားခြင်း။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များမှ ကောက်နှုတ်ထားသည်။ http://www.hrw.org/It/node/278018

Jayatilaka, Danesh and Amirthalingam, Kopalapillai. (၂၀၁၅၊ ဖေဖော်ဝါ ရီ၄)။ သီရိလင်္ကာတွင် မင်္ဂလာခန်းဝင်ကြေးများဖယ်ရှားပစ်ခြင်း၏ အကျိုးသက်ရောက်မှု။ ဘရွက်ကိန်းမှ ကောက်နှုတ်သည်။

http://www.brookings.edu/research/papers/2015/02/04-dowries-displacement-sri-lanka

လာအို၊ လာအိုလက်ထပ်မင်္ဂလာပွဲ။ (၂၀၁၂၊ အောက်တိုဘာ၊၃) လာအိုမွန်နာမောမှ ကောက်နှုတ်ထားသည်။

http://laosmonamour.wordpress.com/2012/10/03/lao-wedding-in-honour-of-tiva-and-bretts-mariage/

Leder, Chandramukhee and Stephanie. (၂၀၁၃) ရှုဗန်နိုင်ငံ၌ မင်္ဂလာခန်းဝင်ကြေး ပေးရသည့်ယဉ်ကျေးမှုထုံးတမ်းနှင့်လိင်ပိုင်းဆိုင်ရာခွဲခြားမှု။

Patna/india. လိင်ဆိုင်ရာဖိုရမ်မှ ကောက်နှုတ်ထားသည်။ ဆုံးဖြတ်ချက် ၄၂၊ အမှတ်စဉ် ၃၀။

http://www.genderforum.org/issues/gender-and-urban-space/dowry-practices-and-gendered-space-in-urban-patnaindia/

Lemoine, J. P. (၂၀၁၂) အဘိဓာန်၊ ဟွမ်းလူမျိုးကြားတွင် လိင်ကိုအခြေခံပြီး အကြမ်းဖက်မှု၊ Hmong Studies Internet Resources Centre, Hmong Studies ဂျာနယ်၊ အတွဲ-၁၃၊ စာမျက်နှာ ၁-၂၇။

http://hmongstudies.org/lemoineHSJ13.pdf

List of countries by GDP (PPP) per capita, (၂၀၁၅၊ နိုဝင်ဘာ၊၆) ဝက်ကီပက် တီးယားမှ ကောက်နှုတ်ထားပါသည်။

http://en.wikipedia.org/wiki/List_of_countries_by_GDP_%28ppp%29_per_capita

Makerere University Medical School. (၂၀၀၅၊ ဒီဇင်ဘာ) ယူဂန်ဒါနိုင်ငံ၊ ဝါကီဆိုဒေသရှိ အိမ်ထောင်ရေးအကြမ်းဖက်မှုနှင့်ဖြစ်ပေါ်လာစေ

သည့် ကျန်းမာရေးနှင့်ပါတ်သက်ပြီး သတို့သမီးတန်ဖိုး၏ဂယက်ရိုက်ခတ်မှု။ The National Center for Biotechnology Information မှ ကောက်နှုတ်ထားသည်။

http://www.ncbi.nlm.nih.gov/pmc/articles/PMC1831941/

Marikar. (၂၀၀၅၊ နိုဝင်ဘာ ၂၀) သီရိလင်္ကာတွင် အမျိုးသမီးများအား အကြမ်းဖက်မှု။ ic-ic.org မှ ကောက်နှုတ်သည်။

https://www.google.com.ua/url?sa=t&rct= j&q=&esrc= s&source= web&cd=7&ved=0ahUKEwjqm-qj3z7jAhZHbhQKHYiUC48QFghPMAY&url=http%3A%2F%2Fdownload.ei-ie.org%2FDocs%2FWebDepot%2FSri%2520Lanka%2520-%2520union% 2520 activities%2520vaw.doc&usg=AFQjCNFpudS3UGLJ1gBDJVViXh

Mawi, F. B. (၂၀၀၅၊ ဇူလိုင် ၂၄) မြန်မာနိုင်ငံရှိ ချင်းအမျိုးသားများကြား၌သတို့သမီးတန်ဖိုးဆွေးနွေးခြင်း။ International Conference on Burma/Myanmar Studies, Burma/Myanmar in Transition; Connectivity, Changes and Challenges, University Academic Services Centre, (UNISERV) Chiang Mai University Thai, ၂၄-၂၅ ဇူလိုင် ၂၀၁၅ ကောက်နှုတ်ထားသည်။

https://www.burmalibrary.org/docs21/Society%20and%20Culture/Flora-Bawi-Nei-Mawi-2015-The-Bride-Price-Negotiation_Among-Chin-Women-in-Myanmar.pdf

Mony, K. (၂၀၀၈၊ ဖေဖော်ဝါရီ ၅) ကမ္ဘောဒီးယားလူမျိုးများ၏မင်္ဂလာပွဲ။ အင်တိုမင်းမှကောက်နှုတ်ထားပါသည်။

https://ethnomed.org/culture/cambodian/cambodian-marriage

Nelson, D. (၂၀၁၃၊ စက်တင်ဘာ ၂)။ အိန္ဒိယတွင် မင်္ဂလာခန်းဝင်ကြေးကြောင့် 'နာရီတိုင်း' အမျိုးသမီးများကို သတ်ဖြတ်ကြသည်။ အမေရိကန်တကျော့ ခေတ်ပြန်စားလာခြင်းမှ ကောက်နှုတ်ထားသည်။

https://www.amren.com/news/2013/11/woman-killed-over-dowry-every-hour-in-india/

New American Standard Bible. (၂၀၀၂) Grand Rapids: zondervan.

Pathirana, K. (၂၀၁၅၊ နိုဝင်ဘာလ ၂၀)။ သီရိလင်္ကာတွင် မင်္ဂလာခန်းဝင် ကြေးတားမြစ်ချက်အတွက် အဆိုပြုထားချက်။ ၁၉၆၂ခုနှစ်၊ အမှတ် စဉ် ၂၈ အရ၊ အိန္ဒိယလူမျိုးများ၏ မင်္ဂလာခန်းဝင်ကြေးတားမြစ်လုပ် ဆောင်ချက်ကိုအခြေပြုသည့်ဆုံးဖြတ်ချက်တစ်ခု။ Department of Private and Comparative Law, Faculty of Law Background မှ ကောက်နှုတ်ထားပါသည်။

https://archive.cmb.ac.lk/research/bitstream/70130/3346/1/AnnualResearchSymposium2012UniversityofColombo.157-159.pdf

Penn, Michael L. and Nardos, Rahel. (၂၀၀၃)။ အမျိုးသမီးများနှင့်မိန်းကလေးများအပေါ် မတရားပြုမူခြင်းကိုအနိုင်ယူခြင်း၊ ကမ္ဘာတစ်ဝှမ်းရှိ ပြဿနာကိုချေမှုန်းသုတ်သင်ရန်နိုင်ငံတကာတွေ့ဆုံပွဲ။ ဂိုဂယ်လ်စာ အုပ်များမှ ကောက်နှုတ်ထားပါသည်။

https://books.google.com.ua/books?id=yfpCY3PdpDoc&pg=PA246&lpg=PA246& dq=dowry+bride+price+ Cambodia& source=bl&ots=INf70Enjfj&sig= gbWLKt8j6kZsGD6pvMDTy 6NPyM8 &hl= en&sa= X&ved=0CFMQ6AEwCGoVChMlpP-e3em 8yAIVh 5lsCh1ePAKL#v=onepage&q=dowry%20bride%20price%Carmbod

Ranjit, S. (၂၀၀၀၊ စက်တင်ဘာလ ၁၄)။ တာမေးလ်အသိုင်းအဝန်းထဲ၌ ကျင့်သုံးသောမင်္ဂလာခန်းဝင်ကြေးပုံစံနှင့်ပါတ်သက်သည့်ဖိုရမ်။ Tamilnation.org မှတ်ကောက်နှုတ်ထားပါသည်။

https://tamilnation.co/forum/dowry/index.htm

SesapZai. (၂၀၁၂)။ ပါ့ရှ်တွင်ကြား၌ ဝေါဝါး (သတို့သမီးတန်ဖိုးနှင့်လက်ထပ်မင်္ဂလာအကြောင်း။ Wordpress မှ ထုတ်နှုတ်တင်ပြထားသည်။

https://sesapzai.wordpress.com/2012/08/13//on-the-issue-of-walwar-bride-price-and-marriage-among-pashtuns/

Shahid, S. (၂၀၁၂)။ မင်္ဂလာဆောင်ဈေးကွက်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိမိန်းကလေးကျောင်းသရော်ပွတ်နှင့်ပါတ်သက်သည်သက်ရောက်မှု။လူမှုသိပ္ပံ (၂၀၁၂)အတွဲ၄၊ အမှတ်စဉ် ၂၊ စာမျက်နှာ- ၅၅၂-၅၆၄ ရှိ သမရိုးကျမဟုတ်သောရှုထောင့်ဂျာနယ်မှ ကောက်နှုတ်ထားသည်။

https://www.japss.org/upload/7%20marriage%20market.pdf

Sharma, R. K. (၂၀၀၄)။ အိန္ဒိယလူမှုအသိုင်းအဝန်း။ ဖွဲ့စည်းပုံနှင့်အပြောင်းအလဲ။ ဂိုဂယ်မှ ထုတ်နှုတ်ထားပါသည်။

https://books.google.com.ua/books?id=jBOh241j9t8C& pg=PA118&lpg=PA118&dg=mary+ugly+women+dowry& source=bl&ots=2_PD2irl6y& sig+9FEZx9jstdvvNx7xKzB8uleXq3Y&hl=en&sa=X&ved=0CCYQ6AEwAmoVChMlt6-Nze-SyQlVpl5yCh0RkQ9b#v=onepage&q=marry%20ugly%20women%20dowry&f=fal

Shuani, (၂၀၁၅၊ နိုဝင်ဘာ ၁၅)။ အိန္ဒိယပြည်တွင်အသုံးပြုသောမင်္ဂလာခန်း ဝင်ကြေးနည်းစနစ်။ကောင်းကျိုးနှင့်ဆိုးကျိုး။YourArticleLibrary.com မှ ကောက်နှုတ်ထားပါသည်။ http://www.yourarticlelibrary.com/ society/ dowry/dowry-sysstem-in-india-advantages-and-disadvantages/47642 /

Silver Gram Calculator Result,(၂၀၁၅၊နိုဝင်ဘာ ၁၈)။ SilverGramBars.com မှ ကောက်နှုတ်ထားပါသည်။http://www.silvergrambars.com/calculator/ silver_calc.php

သီရိလင်္ကာ။ (၂၀၁၅၊ နိုဝင်ဘာ ၂၀)။ နိုင်ငံများနှင့်၎င်းတို့၏ယဉ်ကျေးမှုများမှ ကောက်နှုတ်ထားပါသည်။ http://www.everyculture.com/Sa-Th/Sri-Lanka.html

အမေရိကန်တစ်ယောက်၏စိတ်နှလုံးထဲသို့ခြေလှမ်းလှမ်းသည့် ဟွမ်းအမျိုးသမီး (၂၀၁၁၊ အောက်တိုဘာ ၈)။ ဟွမ်းအမျိုးသမီးတစ်ယောက်မှ ထုတ်နှုတ်ထားပါသည်။

http://ahmongwoman.com/2011/10/08/traditional-hmong-weedings-and-marriages/

Suran, Luciana and Amin, Sajeda and Huq, Lopita and Chowdury, Kobita, (၂၀၀၄)။မင်္ဂလာခန်းဝင်ကြေးသည် သတို့သမီး၏ဘဝကို တိုးတက်စေပါသလား။ဘင်္ဂလားဒေ့ရှ်ကျေးလက်ဒေသရှိ မင်္ဂလာခန်းဝင်ကြေးနှင့်ပါတ်သက်၍ အမွေသီအိုရီစစ်ဆေးချက်တစ်ခု။ လူဦးရေကောင်စီ၊ လုပ်ငန်းစာမျက်နှာများ အမှတ် ၁၉၅ မှတ် ကောက်နှုတ်သည်။

http://www.popcouncil.org/uploads/pdfs/wp/195.pdf

Teerawichitchainan, Bussarawan and Knodel, John. (၂၀၁၁၊ မတ်လ)။ လေ့လာတင်ပြချက်။ ဗီယက်နမ်နိုင်ငံတွင် မင်္ဂလာကြေးပေးဆောင်မှုတွင် အပြောင်းအလဲနှင့်ဆက်လက်တည်နေခြင်း။၁၉၆၃-၂၀၀၀။ တင်ပြချက် ၁၁-၇၃၃။ လူဦးရေလေ့လာချက်စင်တာ၊ မက်ချီကန်တက္ကသိုလ်မှ ကောက်နှုတ်ထားပါသည်။

http://www.psc.isr.umich.edu/pubs/pdf/rr11-733.pdf

ထန်း၊ အယ်လ်။ (၂၀၁၅၊ ဖေဖော်ဝါရီ ၁၈ )။ သင်းအုပ်။ ( R. J. Hillebrand. မေးမြန်းသူ)

ထန်း၊ အယ်လ်။ (၂၀၁၅။ အောက်တိုဘာ ၂၀) သင်းအုပ်၊ ဗီဇာအီးမေးလ် (R. J. Hillebrand ၊ မေးမြန်းသူ)

မင်္ဂလာခန်းဝင်ကြေးတားမြစ်လုပ်ဆောင်မှု။(၁၉၈၀၊ဒီဇင်ဘာ၂၆)ဘင်္ဂလားဒေ့ရှ် ပြည်သူ့အစိုးရ။ ဥပဒေပြုနှင့် ပါလီမာန်ခွဲခြားခြင်းမှ ကောက်နှုတ်ထား သည်။ http://bdlawss.minlaw.gov.bd/print_sections_all.php? Id=607

မင်္ဂလာခန်းဝင်ကြေးတားမြစ်လုပ်ဆောင်မှု၊ ၁၉၆၁။ (၁၉၉၀) အမျိုးသမီးများ အတွက် အမျိုးသားကော်မီရှင် မှ ကောက်နှုတ်ထားပါသည်။

http://ncw.nic.in/acts/THEDOWRYPROHIBITIONACT1961.pdf

ဟွမ်းလူမျိုးများ၏ထုံးတမ်းစဉ်လာလက်ထပ်ထိမ်းမြားအခမ်းအနား။ (၂၀၁၁၊ အောက်တိုဘာ ၈)။ ဟွမ်းအမျိုးသမီးတစ်ယောက်ထံက ရရှိသည်။

http://ahmongwoman.com/2011/10/08/traditional-hmong-weddings-and-marriages/

လာအိုလက်ထပ်မင်္ဂလာခန်းဝင်ကြေးကိုနားလည်ခြင်း။ ( ၂၀၁၅) ။ လာအိုလူငယ်များထံမှ ရရှိသည်။

http://www.laobabes.com/dowry.html

ယူနစ်ကွန်ဗာတာ။ ( ၂၀၁၅၊ နိုဝင်ဘာလ ၁၈)။ TranslatorCafe.com မှ ကောက်နှုတ်သည်။

http://www.translatorscafe.com/cafe/EN/units-converter/mass/58-50/denarius_%28Biblical_Roman%29-shekel_%28Biblical_Hebrew%29/

Walker, H. (၂၀၁၅၊ နိုဝင်ဘာ ၁၈ )။ ဗီဇာအီးမေးလ်၊ ( R. J. Hillebrand. မေးမြန်းသူ)။

လက်ထပ်ထိမ်းမြားခြင်း။ (၂၀၁၅၊ နိုဝင်ဘာ ၁၄ ) Myanmar.com မှ ကောက်နှုတ်ထားပါသည်။

http://www.myanmar.cm/lifestyle/lifestyle-activities/wedding. html

"နိုင်ငံတကာသုံးဒေါ်လာတစ်ခု" ဟူသည်ကား အဘယ်နည်း။ (၂၀၁၅၊ နိုဝင်ဘာလ ၆)။ ကမ္ဘာ့ဘဏ်မှ ကောက်နှုတ်ထားပါသည်။

https://datahelpdesk.worldbank.org/knowledgebase/articles/

11494-what-is-an-international-dollar

## စာရေးသူအကြောင်း

Randy သည် အမေရိကန်ပြည်ထောင်စု Cross Plains ရှိ ကစ်သိုလစ်မိသားစုတွင် ကြီးပြင်းလာခဲ့သည်။ သူ၏ငယ်ဘဝတွင် ဘုရားသခင်၏တည်ရှိခြင်းအကြောင်းနှင့် ပါတ်သက်ပြီး မေးခွန်းထုတ်ခဲ့သဖြင့် အရွယ်ရောက်လာသောအခါ ဘုရားမဲ့ဝါဒီတစ်ဦးအဖြစ် ရပ်တည် အသက်ရှင်ခဲ့သည်။ နောက်ပိုင်းတွင် ခရစ်တော်အကြောင်းကို ၎င်းအား သက်သေကြသောလူများကြောင့် သူ၏ယုံကြည်ချက်အပေါ် သံသယစိတ်ဖြင့် မေးခွန်းထုတ်လာသည်။ အသက် ၂၄ နှစ်အရွယ် အိမ်ထောင်ပြုပြီးသောအခါ ဓမ္မသစ်ကျမ်းတစ်ခုလုံးနှင့် ဓမ္မဟောင်းကျမ်းရှိ အချို့အပိုင်းများကို ဖတ်ရှုကာ ယေရှုအကြောင်း ယုံကြည်သက်ဝင်မှုကို ဆင်ခြင်စဉ်းစားလာသည်။ ယေရှုသည် အဘယ်သူဖြစ်ကြောင်းကို နားလည်သဘောပေါက်ပြီးနောက်တွင် Randy သည် ဘုရားတစ်ဆူရှိရမည်ဟု နားလည်လာသည်။ သူသည် ယေရှုကို မိမိ၏ကယ်တင်ပိုင်ရှင်နှင့်အရှင်သခင်အဖြစ် ၁၉၈၂ ဩဂုတ်လ ( ၁၈ ) ရက်တွင် ယုံကြည်လက်ခံခဲ့သည်။

Randyသည် ချီကာဂိုနယ်တွင်ရှိနေစဉ် အမှုတော်လုပ်ငန်းတွင် အကူအညီလိုအပ်နေသည့် အသင်းတော်လေးနှစ်ခု၌ သင်းအုပ်ဆရာ

အဖြစ်လုပ်ဆောင်ပြီး အကျဉ်းထောင်သာသနာနှင့် အိုးမဲ့အိမ်မဲ့ဖြစ်သော သူတို့အား ဧဝံဂေလိ လိုက်လံဝေငှခြင်း လုပ်ငန်းတွင်လည်း အားတက် သရောပါဝင်ခဲ့သည်။ နောက်ပိုင်းတွင် သူသည် မက်ချီကန် ပြည်ထောင်စု ရှိ Bark River Bible Church တွင် သင်းအုပ်ဆရာအဖြစ် ၈ နှစ်ကျော် အမှုတော်တာဝန်ကိုထမ်းဆောင်ခဲ့ပါသည်။ သူသည် အသင်းတော်များ၏ လိုအပ်ချက်ကို အကူအညီပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Bible Related Ministries တွင်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်သူတစ်ဦး အဖြစ် ၁၀ နှစ်ကျော် ( ၁၉၉၀-၂၀၀၀ )ထမ်းဆောင်ခဲ့သည်။

Randy နှင့် ဇနီးသည် Annette တို့သည် Eurasia တွင် ဘုရားသခင်၏အမှုတော်အတွက် အစေခံလျက်ရှိကြပြီး ဤစာကိုရေး သားသည့်အချိန်တွင်လည်း ယူကရိန်းနိုင်ငံ၊ Kiev တွင် နေထိုင်ကြ သည်။ Randy သည် စာရေးသားခြင်းလုပ်ငန်းအပြင် ဇနီးသည်ဖြစ် သူ Annetteနှင့်အတူ သင်တန်းများတွင်ပါဝင်ခြင်းဖြင့် ဘုရားသခင် ခင်အခွင့်ပေးသောနေရာများတွင် အသင်းတော်ခေါင်းဆောင်များနှင့် အမျိုးသမီးများကို အကူအညီပေးကြသည်။

Randy သည် အီလက်ထရွန်နစ်နည်းပညာဘွဲ့၊ သမ္မာကျမ်းစာ တွင်B.Th ဘွဲ့နှင့် M.Min ဘွဲ့တို့ကိုလည်း ရရှိထားပါသည်။ ထိုကျမ်းစာဘွဲ့ နှစ်ခုစလုံးကို ချီကာဂိုရှိ Moody Bible Institute မှ ရရှိခြင်းဖြစ်သည်။

**Randy** ရေးသားသော အခြားစာအုပ်များမှာ-

♠ ခိုင်မာသောအသင်းတော်တစ်ခုကိုတည်ထောင်ခြင်း၊

♠ ဧဝံဂေလိလုပ်ငန်း၊ သင်၏အသင်းတော်ကိုပြောင်းရွှေ့နည်း၊

♠ ညင်းပန်းနှိပ်စက်ခြင်း၊ သမ္မာကျမ်းစာရှုထောင့်တစ်ခု

♠ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ပြန်လည်၍ လက်ထပ်ပေါင်းသင်းခြင်း၊ သမ္မာကျမ်းစာရှုထောင့်တစ်ခု

♠ မတူညီသောခေါင်းစဉ်ဖြင့် ဝေစာအမျိုးမျိုး

ဤထုတ်ဝေစာများကို www.hillebrandministries.com
တွင် ကူးယူဖတ်ရှုနိုင်ပါသည်။